# ကြေးမုံ

The Mirror Daily

၁၉၅၇ ခုနှစ် ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957

၁၃၈၆ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၆ ရက်၊ အင်္ဂါနေ့။ Tuesday, 8 October 2024 ၁၁၆၀၄


**ဘယ်အခါမှ အကျိုးမဆုတ်ယုတ်**

အပြစ်ကို အပြစ်နှင့်လျော်စွာ နှိမ်နင်းဆိုဆုံးမလေ့ရှိသော ပညာရှိကို မြေဋ္ဌမြှုပ်ထားသော ရွှေအိုးတို့ကို ပြောကြားလာသောသူကဲ့သို့သဘောထား၍ဆည်းကပ်ရာ၏။ ထိုသို့သဘောရှိသော ပညာရှိကို မှီဝဲဆည်းကပ်သောသူမှာ အလွန်အကျိုးများ၏။ ဘယ်အခါမှ အကျိုးမဆုတ်ယုတ်လေ။

ပဏ္ဍိတဝဂ်(ဓမ္မပဒ-၇၆)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# ရထားလမ်းများကောင်းမွန်ပြီး အချိန်မှန်မှန်ဖြင့် ပြေးဆွဲနိုင်မည်၊ မြန်နှုန်းမြင့်စွာဖြင့် ပြေးဆွဲနိုင်မည်ဆိုပါက ရထားသယ်ယူပို့ဆောင်ရေးကို အများပြည်သူများက ပိုမိုသုံးစွဲလာမည်

## ရထားပို့ဆောင်ရေးစနစ် တစ်ခေတ်ပြန်လည် ဆန်းသစ်နိုင်ရေး ကြိုးပမ်းဆောင်ရွက်

**နေပြည်တော် အောက်တိုဘာ ၇**

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့နံနက်ပိုင်းတွင် ခရီးစဉ်တွင်လိုက်ပါလာသည့်အဖွဲ့ဝင်များ၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် တာဝန်ရှိသူများလိုက်ပါ၍ ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ်ရှိ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး ဝန်ကြီးဌာန မြန်မာ့မီးရထား မြို့ပတ်ဒီဇယ်စက်ခေါင်းရုံ (အင်းစိန်) သို့ သွားရောက်၍ လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

**ရှင်းလင်းတင်ပြ**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်အား စက်ရုံအစည်းအဝေးခန်းမတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦးက ရန်ကုန်မြို့ပတ်လမ်း

စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် စပိန်နိုင်ငံမှ ရောက်ရှိလာသည့် DEMU ရထားတွဲဆိုင်းအသစ်များကို ကြည့်ရှုစစ်ဆေးစဉ်။


ယနေ့ ဖတ်စရာ

အရာရာဖြူစင်သောစိတ် စေတနာစိတ်ထားဖြင့်သာ အင်အားအမှန်ဖြစ်ပါစေ — ဆောင်းပါး စာမျက်နှာ » ၆

ရေကြီးနစ်မြုပ်ပျက်စီးခဲ့သည့် မိုးစပါးစိုက်ခင်း ၇၄၀၁၁ ဧကတွင် ၅၁၆၄၈ ဧက ပြန်လည်စိုက်ပျိုးပြီး — စာမျက်နှာ » ၈

တိုးတက်အောင်မြင် လုပ်ငန်းခွင် — ဆောင်းပါး စာမျက်နှာ » ၁၀



ပြည်လုံးကျွတ် သန်းခေါင်စာရင်း ( ၈ )ရက်မြောက်နေ့ ကောက်ယူနေပါသည်။

ကြေးမုံ

# စီးပွားရေးကောင်းမွန်မှ နိုင်ငံကောင်းမွန်မည်

မြန်မာနိုင်ငံသည် လွတ်လပ်ရေးရပြီးချိန်မှစ၍ ယနေ့အချိန်အထိ နိုင်ငံရေးစနစ်အမျိုးမျိုး ကျင့်သုံးခဲ့သည်။ နိုင်ငံရေးစနစ် ပြောင်းလဲကျင့်သုံးမှုနှင့်အတူ စီးပွားရေးစနစ်များလည်း ပြောင်းလဲကျင့်သုံးခဲ့သည်။ စီးပွားရေးတွင် တိုးတက်မှုများရှိသကဲ့သို့ ဆုတ်ယုတ်မှုများ၊ ထိုက်သင့်သလောက် အောင်မြင်မှုမရှိသည်များလည်းရှိခဲ့သည်။ စီးပွားရေးအားနည်းချက်ဖြစ်ပေါ်မှုကြောင့် လူမှုဘဝတွင် ဂယက်ရိုက်ခတ်ပြီး နိုင်ငံရေးပြဿနာများလည်း ပေါ်ပေါက်ခဲ့သည်ကို တွေ့ရမည်ဖြစ်သည်။

စီးပွားရေးကောင်းမွန်ပါက ပြည်သူလူထု၏ လူမှုစီးပွားဘဝများ အဆင်ပြေချောမွေ့ပြီး ပြဿနာများ လျော့ပါးသွားကာ နိုင်ငံရေးဂယက်ရိုက်ခတ်မှုကို အတိုင်းအတာတစ်ခုအထိ ရှောင်ရှားနိုင်မည်ဖြစ်သည်။ နိုင်ငံရေးမတည်ငြိမ်မှု အခြေခံအကြောင်းအချက်များတွင် စီးပွားရေးကျဆင်းမှု၊ အလုပ်အကိုင်အခွင့်အလမ်းနည်းပါးခြင်းတို့သည် အရေးကြီးသောအချက်များဖြစ်သည်။ မျက်မှောက်ကာလ၌ ခေတ်အဆက်ဆက်တွင် ဖြစ်ပေါ်ခဲ့သော နိုင်ငံ၏ စီးပွားရေးဆိုင်ရာ အားသာချက်၊ အားနည်းချက်များကို သင်ခန်းစာယူဖော်ထုတ်၍ နိုင်ငံတော်အစိုးရအနေဖြင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးကို အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

"ကမ္ဘာပေါ်ရှိ နိုင်ငံတိုင်းသည် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို လိုလားကြကြောင်း၊ စီးပွားရေးကောင်းမွန်မှသာ နိုင်ငံရေးတည်ငြိမ်အေးချမ်းပြီး ပြည်သူများအနေဖြင့် စိတ်ချမ်းသာ၊ ကိုယ်ကျန်းမာစွာဖြင့် နေထိုင်လုပ်ကိုင် စားသောက်နိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် စီးပွားရေးနှင့် နိုင်ငံရေးသည် အပြန်အလှန် အမှီသဟဲပြုနေခြင်းဖြစ်ပြီး နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံသားအားလုံးတွင် တာဝန်ရှိကြောင်း" စက်တင်ဘာလ ၁ ရက်နေ့က နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် မြန်မာနိုင်ငံအောက်ပိုင်းဒေသများရှိ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ဝန်ကြီးချုပ်များနှင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့မှ တာဝန်ရှိသူများအား တွေ့ဆုံစဉ် ပြောကြားခဲ့သည်။

ကမ္ဘာပေါ်ရှိ ဖွံ့ဖြိုးတိုးတက်နေသော နိုင်ငံအများစုတွင် နိုင်ငံရေးအရ အပြောင်းအလဲများ၊ ပဋိပက္ခများရှိခဲ့သော်လည်း နိုင်ငံ၏ စီးပွားရေးကဏ္ဍများမှာ တိုးတက်ကောင်းမွန်နေသဖြင့် နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းလမ်းဖြင့် အမြန်ဆုံးဖြေရှင်းပြီး စီးပွားရေးတိုးတက်ကောင်းမွန်အောင် ဆက်လက်လုပ်ကိုင်ကြသည်။ နိုင်ငံများရှိ အစိုးရအဖွဲ့အစည်းများ၊ အတိုက်အခံအဖွဲ့အစည်းများ၊ ပြည်သူများအနေဖြင့် နိုင်ငံရေးပြဿနာထက် နိုင်ငံ့စီးပွား အထိအခိုက်မရှိစေရေးကို ဦးစားပေးကြသည်။ ထို့ကြောင့် ဖွံ့ဖြိုးတိုးတက်နေသော နိုင်ငံများ၏ နိုင်ငံရေးပြဿနာများသည် အခိုက်အတန့်တစ်ခု၊ ကာလတစ်ခုသာ ကြာမြင့်ခဲ့သည်ကို တွေ့ရမည်ဖြစ်သည်။

မြန်မာနိုင်ငံအနေဖြင့် စီးပွားရေး ချို့ယွင်းအားနည်းမှုများအပေါ်မူတည်၍ နိုင်ငံရေးပြဿနာများနှင့်အဖျက်အမှောင့်များ အမျိုးမျိုးအဖုံဖုံ ဖြစ်ပေါ်လာတတ်သည်ကို တွေ့ရမည်ဖြစ်သည်။ မြန်မာနိုင်ငံ လွတ်လပ်ရေးရပြီးကာလမှစ၍ ယနေ့ထက်တိုင်အောင် လူမှုစီးပွားဘဝ အားနည်းချက်များနှင့်အတူ နိုင်ငံရေးပြဿနာများ ခေတ်ကာလတစ်ခုတိုင်း ဖြစ်ပေါ်လေ့ရှိပြီး နှစ်ပေါင်း ၇၀ ကျော်ကြာ မဆုံးနိုင်အောင် ဖြစ်နေသည်ကို တွေ့ရမည်ဖြစ်သည်။ နိုင်ငံရေးမတည်ငြိမ်မှုကြောင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှောင့်နှေးပြီး စီးပွားရေးမဖွံ့ဖြိုးမှုကြောင့် နိုင်ငံရေးပြဿနာများ မဆုံးနိုင်အောင် သံသရာလည်နေသည်ကို တွေ့ရမည်ဖြစ်သည်။

လူတစ်ဦးချင်းအလိုက် စား၊ ဝတ်၊ နေရေးသည် အရေးအကြီးဆုံး လိုအပ်ချက်ဖြစ်သည်။ ပြည်သူအားလုံး စား၊ ဝတ်၊ နေရေး အဆင်ပြေစေရေးအတွက် စီးပွားရေးကောင်းမွန်ရန်လိုအပ်သည်။ မြန်မာနိုင်ငံအနေဖြင့် စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်လျက်ရှိသည်။ အဆိုပါ စီးပွားရေးလုပ်ငန်းများကိုအခြေခံ၍ စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်အောင် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ အလားတူ အခြားကုန်ထုတ်လုပ်ငန်းများကိုလည်း တိုးတက်အောင်ဆောင်ရွက်လျက်ရှိသည်။ ပြည်သူများကလည်း စီးပွားရေးဖွံ့ဖြိုးတိုးတက်လျှင် တိုင်းပြည်သာယာဝပြောမည်ဟူသော ခံယူချက်ဖြင့် အားလုံးပါဝင် ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်သည်။

ထိုသို့ဆောင်ရွက်ရာတွင် တိုင်းရင်းသားခေါင်းဆောင်များကလည်း နိုင်ငံတော်အစိုးရနှင့်လက်တွဲပြီး ဒေသဖွံ့ဖြိုးရေးဆိုင်ရာလုပ်ငန်းများတွင် အားတက်သရောပူးပေါင်းပါဝင် ဆောင်ရွက်ကြမည်ဆိုပါက တိုင်းရင်းသားဒေသများ၏ ဖွံ့ဖြိုးတိုးတက်ရေးသည် လျင်လျင်မြန်မြန် တိုးတက်ဖြစ်ထွန်းလာမည်ဖြစ်သည်။ ငြိမ်းချမ်းရေးတည်ဆောက်ခြင်းဖြင့် တိုင်းရင်းသားပြည်သူများ၏ လူမှုစီးပွားဘဝကို ပြန်လည်ထူထောင်နိုင်မည်ဖြစ်သည့်အတွက် ငြိမ်းချမ်းရေး၏အရသာနှင့် အသီးအပွင့်များကို အားလုံးရရှိခံစားနိုင်မည်ဖြစ်သောကြောင့် လက်ရှိဖြစ်ပေါ်နေသော အကြမ်းဖက်တိုက်ခိုက်မှုများ လျော့နည်းပပျောက်ရေးနှင့် ဒေသတည်ငြိမ်အေးချမ်းရေးကို ဦးစားပေးလုပ်ဆောင်ကြရန် တိုက်တွန်းအပ်ပါသည်။

သို့ဖြစ်ရာ တိုင်းပြည်တည်ငြိမ်အေးချမ်းလျှင် နိုင်ငံဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပြီး နိုင်ငံဖွံ့ဖြိုးတိုးတက်လျှင် တိုင်းပြည်တည်ငြိမ်အေးချမ်းသာယာဝပြောမည်ဖြစ်၍ တိုင်းပြည်တည်ငြိမ်အေးချမ်းရေးနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးကို နိုင်ငံချစ်စိတ်ဖြင့် အားလုံးလက်တွဲ ပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း။ ။

## တရားမအထူးအယူခံမှု ခြောက်မှု စီရင်ချက်ချမှတ်ပြီး တရားမအထူးအယူခံမှု ခြောက်မှု ရုံးထိုင်ကြားနာ

နေပြည်တော် အောက်တိုဘာ ၇

ပြည်ထောင်စုတရားသူကြီးချုပ် ဦးသာဌေးနှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများဖြစ်ကြသော ဦးမျိုးမောင်၊ ဦးခင်မောင်ကြီး၊ ဒေါ်သင်းသင်းနွဲ့၊ ဒေါက်တာကိုကိုနိုင်တို့ပါဝင်သည့် အထူးအယူခံခုံရုံးသည် ယနေ့နံနက် ၉ နာရီခွဲတွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ် ရုံးခန်းအမှတ်(၁)၌ ရုံးထိုင်၍ တရားမအထူးအယူခံမှု အမှတ် ၄၁/၂၀၂၄ (ဧရာဝတီ)၊ ၅/၂၀၂၄ (ရှမ်း)၊ ၃၁/၂၀၂၄ (မန္တလေး)၊ ၅၀/၂၀၂၄ (မွန်)၊ ၅၄/၂၀၂၄ (ပဲခူး)၊ ၆၃/၂၀၂၄ (ဧရာဝတီ) စုစုပေါင်း တရားမအထူးအယူခံမှု ခြောက်မှုတို့ကို စီရင်ချက်ချမှတ်သည်။

ထို့ပြင် တရားမအထူးအယူခံမှု အမှတ် ၅၂/၂၀၂၄(ရန်ကုန်)၊ ၅၅/၂၀၂၄ (ရှမ်း)၊ ၅၆/၂၀၂၄ (မန္တလေး)၊ ၆၂/၂၀၂၄ (ပဲခူး)၊ ၆၄/၂၀၂၄ (ရန်ကုန်)၊ ၆၅/၂၀၂၄ (မွန်) စုစုပေါင်း တရားမအထူးအယူခံမှု ခြောက်မှုတို့ကို ရုံးထိုင်ကြားနာခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## အစမ္မခိုင်းစေမှုဆိုင်ရာတိုင်ကြားမှုများကို အမျိုးသားအဆင့် အစမ္မခိုင်းစေမှုဆိုင်ရာတိုင်ကြားမှု ယန္တရား (National Complaints Mechanism-NCM)ဖြင့် ဆက်လက်ဖြေရှင်းဆောင်ရွက်လျက်ရှိ တိုင်ကြားသူနှင့် အစမ္မခိုင်းစေခံရသူများမှ လုံခြုံစိတ်ချစွာ ဆက်သွယ်တိုင်ကြားနိုင်

မြန်မာနိုင်ငံသည် ၄-၃-၁၉၅၅ ခုနှစ်တွင် အစမ္မခိုင်းစေမှုဆိုင်ရာပြဋ္ဌာန်းချက်အမှတ် ၂၉ ကို လက်ခံကျင့်သုံးလိုက်နာဆောင်ရွက်ခဲ့ပြီး အစမ္မခိုင်းစေမှုပပျောက်စေရေးဆောင်ရွက်ရာ၌ မြန်မာနိုင်ငံအစိုးရကို ပိုမိုထိရောက်စွာအထောက်အကူပြုနိုင်ရန် ၂၀၀၂ ခုနှစ်တွင် ILO ဆက်သွယ်ရေးအရာရှိတစ်ဦးကို မြန်မာနိုင်ငံတွင် လက်ခံထားရှိရန် မြန်မာနိုင်ငံအစိုးရနှင့် ILO တို့အကြား နားလည်မှုစာချွန်လွှာတစ်ရပ် (Memorandum of Understanding-MoU) ကို လက်မှတ်ရေးထိုးခဲ့သည်။

နောက်ဆက်တွဲနားလည်မှုစာချွန်လွှာ (Supplementary Understanding-SU) ကို ၂၀၀၇ ခုနှစ်တွင် လက်မှတ်ရေးထိုးခဲ့ပြီး အစမ္မခိုင်းစေမှုဆိုင်ရာတိုင်ကြားမှုယန္တရား (Complaints Mechanism) ထူထောင်ကာ တိုင်ကြားချက်များကို လက်ခံဖြေရှင်းဆောင်ရွက်ပေးခဲ့သည်။ အမျိုးသားအဆင့် အစမ္မခိုင်းစေမှုဆိုင်ရာတိုင်ကြားမှုယန္တရား (National Complaints Mechanism-NCM)ကို ၂၀၂၀ ပြည့်နှစ်တွင် ထူထောင်ပြီး လည်ပတ်ဆောင်ရွက်ခဲ့ရာတွင် အလုပ်သမားဝန်ကြီးဌာနအပါအဝင် သက်ဆိုင်သည့်ဝန်ကြီးဌာနများမှ ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်မှ ကိုယ်စားလှယ်၊ အလုပ်ရှင်နှင့် အလုပ်သမားအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ ပါဝင်ဖွဲ့စည်းထားသော အမျိုးသားအဆင့် အစမ္မခိုင်းစေမှုဆိုင်ရာ တိုင်ကြားမှုယန္တရား အကောင်အထည်ဖော်ရေးအမျိုးသားကော်မတီမှ အစမ္မခိုင်းစေမှုတိုင်ကြားချက်များကို ကိုင်တွယ်ဖြေရှင်းဆောင်ရွက်ပေးလျက်ရှိသည်။

ဤကဲ့သို့ အစမ္မခိုင်းစေမှုဆိုင်ရာ တိုင်ကြားချက်များကို အမျိုးသားအဆင့်အစမ္မခိုင်းစေမှုဆိုင်ရာ တိုင်ကြားမှုယန္တရား (National Complaints Mechanism-NCM) မှ ဖြေရှင်းဆောင်ရွက်ပေးလျက်ရှိရာ မည်သူမဆိုအစမ္မခိုင်းစေမှုဆိုင်ရာ တိုင်ကြားမှုများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့၊ နေပြည်တော်ကောင်စီ၊ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်၊ ILO ဆက်သွယ်ရေးအရာရှိရုံး(ရန်ကုန်)နှင့် အခြားအဖွဲ့အစည်းများမှတစ်ဆင့်လည်းကောင်း၊ အလုပ်သမားဝန်ကြီးဌာန ရုံးအမှတ်(၅၁) နေပြည်တော်သို့ လူကိုယ်တိုင် (သို့မဟုတ်) စာဖြင့်လည်းကောင်း၊ ဖုန်းနံပါတ် ၀၆၇-၃၄၃၀၁၈၄၊ ၀၆၇-၃၄၃၀၂၂၉၊ ၀၆၇-၃၄၃၀၂၇၄ နှင့် E-mail လိပ်စာ directorgeneral.dol@gmail.com, moloffice 51@gmail.com, research. org.dol.mm@gmail.com များသို့လည်းကောင်း တိုင်ကြားသူနှင့် အစမ္မခိုင်းစေခံရသူများမှ လုံခြုံစိတ်ချစွာဆက်သွယ်တိုင်ကြားနိုင်ကြောင်း ရုံးအဖွဲ့၊ အမျိုးသားအဆင့်အစမ္မခိုင်းစေမှုဆိုင်ရာ တိုင်ကြားမှုယန္တရားနှင့် အလုပ်သမားဝန်ကြီးဌာနမှ အသိပေးကြေညာထားသည်။

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

၇ - ၁၀ - ၂၀၂၄

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈,၇၀၀ | ၈,၇၀၀ | ၄၂၂ | ၃,၆၆၇,၄၀၀ |
| MTSH | ၃,၄၀၀ | ၃,၄၅၀ | ၆,၂၀၆ | ၂၁,၂၈၉,၅၅၀ |
| MCB | ၉,၀၀၀ | ၉,၀၀၀ | ၀ | ၀ |
| FPB | ၁,၉၀၀ | ၁,၉၀၀ | ၆၇၁ | ၁,၂၇၄,၉၀၀ |
| TMH | ၂,၇၅၀ | ၂,၇၅၀ | ၅၆၇ | ၁,၅၅၉,၂၅၀ |
| EFR | ၁,၇၀၀ | ၁,၇၀၀ | ၆၆၉ | ၁,၁၃၇,၂၀၀ |
| AMATA | ၄,၅၀၀ | ၄,၅၀၀ | ၂၂၂ | ၉၉၉,၀၀၀ |
| MAEX | ၃,၃၅၀ | ၃,၃၅၀ | ၃,၀၀၀ | ၁၀,၀၅၀,၀၀၀ |
| MADPL(PLB) | ၃၆,၅၀၀ | ၃၆,၅၀၀ | ၀ | ၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

ကြေးမုံ

ခေတ္တ စာတည်းမှူးချုပ် - ဦးဝင်းနိုင်
ခေတ္တ စာတည်းမှူး - ဦးအေဝမ်းစိုး
စာတည်းများ - ဦးစန်းအောင်၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး၊ ဒေါ်စန်းယဉ်ဥ
ဘာသာပြန် စာတည်းများ - ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
အကြီးတန်း သတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး၊ ဒေါ်ခိုင်သန္တာရွှေ
အငယ်တန်း သတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်ခင်နှင်းယုနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဒေါ်နွယ်နွယ်ထွန်းနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အစမ္မဝင်ရောက်နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာ အဆောက်အအုံများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ် အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန် ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင် အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ် မူတည်၍ လိုအပ်သလို တုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့ အစမ္မဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။

( ၃-၉-၂၀၂၅ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအား ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက် )






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦးက ရှင်းလင်းတင်ပြစဉ်။

☆ ရှေ့ဖုံးမှ

အဆင့်မြှင့်တင်ရေး စီမံကိန်း၏ လုပ်ငန်းဆောင်ရွက်မှု အခြေအနေများနှင့်ပတ်သက်၍ မြို့ပတ်ဒီဇယ်စက်ခေါင်းရုံ(အင်းစိန်)၏ သမိုင်းအကျဉ်းနှင့် အချက်အလက်များ၊ မြို့ပတ်ရထားလမ်း၏ သမိုင်းကြောင်းနှင့် အဆင့်မြှင့်တင်ရေး စီမံကိန်း၏ သမိုင်းကြောင်းများ၊ မြို့ပတ်ရထားများ ပြေးဆွဲသွားမည့်အစီအစဉ်များနှင့် ရထားလမ်းဆိုင်ရာအဆောက်အအုံများ၊ ရထားလမ်းတစ်လျှောက် ဘေးအန္တရာယ်ကင်းရှင်းရေးဆိုင်ရာ ဆောင်ရွက်ထားရှိမှုများကို လည်းကောင်း၊ ရန်ကုန် မြို့ပတ်ရထားလမ်းတစ်လျှောက် လျှပ်စစ်ရထားပြေးဆွဲနိုင်ရေးအတွက် ဆောင်ရွက်ထားရှိမှု အခြေအနေများနှင့်ပတ်သက်၍ လုပ်ငန်းဆောင်ရွက်ခဲ့မှုအခြေအနေများနှင့် လေ့လာရေးအဖွဲ့၏ တွေ့ရှိချက်များ၊ မြို့ပတ်လျှပ်စစ်ရထားအတွက် သုံးသပ်တင်ပြချက်များကို လည်းကောင်း၊ ဒုတိယဝန်ကြီး ဦးအောင်မြိုင်က အဓိက မီးရထားလမ်းပိုင်းများ၌ မြန်နှုန်းမြှင့်တင် မောင်းနှင်နိုင်ရေး ဆောင်ရွက်လျက်ရှိမှု အခြေအနေများနှင့်ပတ်သက်၍ မြန်မာ့မီးရထား၏ နောက်ခံအခြေအနေ၊ လမ်းပိုင်းဆိုင်ရာ အချက်အလက်များနှင့် လိုအပ်ချက်များ၊ စက်ခေါင်း၊ တွဲနှင့် DEMU (Rolling Stock) များ၏ စက်မှုပိုင်းဆိုင်ရာ လိုအပ်ချက်များ၊

❖ မီးရထားလမ်းပိုင်းများတွင် တစ်နာရီလျှင် ကီလိုမီတာ ၈၀ အထိ မြန်နှုန်းမြှင့်တင် မောင်းနှင်နိုင်ရေး ဆောင်ရွက်ရာတွင် အချို့လမ်းပိုင်း အကွေ့နေရာများအား အမြန်နှုန်းကန့်သတ်ချက်များ ကိုက်ညီမှုရှိစေရေး လမ်းပိုင်းအလိုက် သုတေသနပြုဆောင်ရွက်

❖ အမြန်နှုန်းနှင့် ကိုက်ညီမှုမရှိသည့် ရထားလမ်းနေရာများ၊ တံတားနေရာများကိုလည်း လေ့လာဆန်းစစ်ခြင်းများ ဆောင်ရွက်၍ မိမိတို့နိုင်ငံရှိလမ်းပိုင်းများနှင့် ကိုက်ညီသည့် အမြန်နှုန်းစံတစ်ခုကို သတ်မှတ်ဆောင်ရွက်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် စပိန်နိုင်ငံမှ ရောက်ရှိလာသည့် DEMU ရထားတွဲဆိုင်းအသစ်များကို ကြည့်ရှုစစ်ဆေးစဉ်။

အချက်ပြနှင့် သွားလာရေးစနစ်ဆိုင်ရာလိုအပ်ချက်များနှင့် သုံးသပ်ချက်များကိုလည်းကောင်း၊ မြန်မာ့မီးရထား၊တိုင်းဒေသကြီးအသီးသီးရှိ လမ်းပိုင်းများတွင် ကွန်ကရစ်ဇလီဖားတုံးများ ထုတ်လုပ်၊ လဲလှယ်နိုင်ရေးဆောင်ရွက်မည့် အစီအမံနှင့်ပတ်သက်၍ ကွန်ကရစ်ဇလီဖားစက်ရုံများနှင့် ထုတ်လုပ်နိုင်မှုနှင့် ဖြန့်ဝေနိုင်မှု၊ လမ်းပိုင်းများ၌ ကွန်ကရစ်ဇလီဖားများ ထည့်သွင်းထားရှိမှု၊ လမ်းပိုင်းများအားလုံးတွင် သံလမ်းတစ်ဆက်လျှင် ကွန်ကရစ်ဇလီဖား ၂၁ တုံး အပြည့်ဖြည့်တင်းနိုင်ရေးအတွက် ထပ်မံလိုအပ်ချက်များကိုလည်းကောင်း အသီးသီး ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြမှုများ အပေါ် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အဓိက မီးရထားလမ်းပိုင်းများတွင် တစ်နာရီလျှင် ကီလိုမီတာ ၈၀ အထိ မြန်နှုန်းမြှင့်တင်မောင်းနှင်နိုင်ရေး

စာမျက်နှာ ၄ သို့ ☆



စပိန်နိုင်ငံမှ ရောက်ရှိလာသည့် DEMU ရထားတွဲဆိုင်းအသစ်တစ်စင်း၏အတွင်းပိုင်းကို တွေ့ရစဉ်။

- ❖ မိမိတို့အနေဖြင့် အမြန်နှုန်း တစ်နာရီလျှင် ကီလိုမီတာ ၈၀ အထိ မြန်နှုန်းမြင့်တင် မောင်းနှင်နိုင်ရေး စံသတ်မှတ်ဆောင်ရွက်သွားရန်လိုပြီး ကုန်ရထားတွဲများအား တစ်နာရီလျှင် ကီလိုမီတာ ၆၀ အထိ မောင်းနှင်နိုင်ရေး ဆောင်ရွက်သွားရမည်
- ❖ ဒီဇယ်လျှပ်စစ်သုံး(DEMU)စက်ခေါင်းများ၊ ရထားတွဲများကိုလည်း ပြည်တွင်း၌ တည်ဆောက် ထုတ်လုပ်သုံးစွဲနိုင်ရေး ဆောင်ရွက်သွားရမည်
- ❖ မီးရထားစက်ခေါင်းများနှင့် ရထားတွဲများကောင်းမွန်ရန်လိုသကဲ့သို့ ရထားလမ်းများ စနစ်တကျဖြင့် ကောင်းမွန်ချောမွေ့မှု ရှိစေရေးကိုလည်း အမြဲမပြတ်ဆောင်ရွက် နေရန်လိုကြောင်း၊ လျှပ်စစ်ရထား(EMU) ပြေးဆွဲနိုင်ရေးအတွက်လည်း ဆက်လက် ကြိုးပမ်းဆောင်ရွက်သွားကြရန်လို
- ❖ မိမိတို့နိုင်ငံတွင် လျှပ်စစ်ရထားများပြေးဆွဲနိုင်ရေးသည် မလွဲမသွေပြောင်းလဲရမည့် လုပ်ငန်းရပ်တစ်ခုဖြစ်ပြီး စီမံကိန်းအောင်မြင်စေရေးအတွက် လိုအပ်သည်များကို ဆက်လက်သုတေသနပြု ဆောင်ရွက်သွားရန်လို

☆ စာမျက်နှာ ၃ မှ

ဆောင်ရွက်ရာတွင် အချို့လမ်းပိုင်း အကွေ့နေရာများအား အမြန်နှုန်း ကန့်သတ်ချက်များ ကိုက်ညီမှု ရှိစေရေး လမ်းပိုင်းအလိုက် သုတေသနပြု ဆောင်ရွက်ရမည် ဖြစ်ကြောင်း၊ ထို့ပြင် အဆိုပါ အမြန်နှုန်းနှင့် ကိုက်ညီမှုမရှိသည့် ရထားလမ်းနေရာများ၊ တံတား နေရာများကိုလည်း လေ့လာဆန်း စစ်ခြင်းများဆောင်ရွက်၍ မိမိတို့ နိုင်ငံရှိ လမ်းပိုင်းများနှင့်ကိုက်ညီ သည့် အမြန်နှုန်းစံတစ်ခုကို သတ်မှတ် ဆောင်ရွက်သွားကြရမည်ဖြစ် ကြောင်း၊ မိမိတို့နိုင်ငံ၌ မီးရထား သယ်ယူပို့ဆောင်ရေးသည် ၁၈၇၇ ခုနှစ်ကတည်းက စတင်ခဲ့ခြင်းဖြစ်ပြီး နှစ်ပေါင်း ၁၀၀ ကျော်ရှိပြီဖြစ်သော်လည်း အခြားနိုင်ငံများနှင့် ယှဉ်ကြည့်ပါက ရထားသယ်ယူ ပို့ဆောင်ရေးစနစ်များ နောက်ကျနေဆဲဖြစ်ကြောင်း၊ မီးရထား သယ်ယူပို့ဆောင်ရေးတွင် ရထား လမ်းသည် အဓိကအရေးကြီးပြီး သတ်မှတ် စံချိန်စံညွှန်းများအတိုင်း ကိုက်ညီသည့် ကျောက်များ၊ ဇလီ ဖားတုံးများ ဖြည့်သွင်းပေးခြင်း၊ ကြံ့ခိုင်မှု ကောင်းမွန်အောင်ဆောင်ရွက်ခြင်းတို့ကို ဆောင်ရွက်သွားရန်လိုကြောင်း။

မိမိတို့အနေဖြင့် အမြန်နှုန်း တစ်နာရီလျှင် ကီလိုမီတာ ၈၀ အထိ မြန်နှုန်းမြင့်တင် မောင်းနှင်နိုင်ရေး စံသတ်မှတ်ဆောင်ရွက်သွားရန်လိုပြီး ကုန်ရထားတွဲများအား တစ်နာရီလျှင် ကီလိုမီတာ ၆၀ အထိ မောင်းနှင်နိုင်ရေး ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ဒီဇယ်လျှပ်စစ်သုံး(DEMU) စက်ခေါင်းများ၊ ရထားတွဲများကိုလည်း ပြည်တွင်း၌ တည်ဆောက် ထုတ်လုပ်သုံးစွဲနိုင်ရေး ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ မီးရထား စက်ခေါင်းများနှင့် ရထားတွဲများ ကောင်းမွန်ရန်လိုသကဲ့သို့ ရထား လမ်းများစနစ်တကျဖြင့် ကောင်းမွန်ချောမွေ့မှု ရှိစေရေးကိုလည်း အမြဲမပြတ် ဆောင်ရွက်နေရန် လိုကြောင်း၊ လျှပ်စစ်ရထား(EMU) ပြေးဆွဲနိုင်ရေး အတွက်လည်း ဆက်လက် ကြိုးပမ်းဆောင်ရွက်သွားကြရန်လိုကြောင်း၊ မိမိတို့ နိုင်ငံတွင် လျှပ်စစ်ရထားများ ပြေးဆွဲနိုင်ရေးသည် မလွဲမသွေ ပြောင်းလဲရမည့် လုပ်ငန်းရပ် တစ်ခုဖြစ်ပြီး စီမံကိန်းအောင်မြင် စေရေးအတွက် လိုအပ်သည်များ ကို ဆက်လက်သုတေသနပြု ဆောင်ရွက်သွားရန် လိုကြောင်း။

**ကြိုးပမ်းဆောင်ရွက်**

ရထားလမ်းများ ကောင်းမွန်ပြီး အချိန်မှန်မှန်ဖြင့် ပြေးဆွဲနိုင်မည်၊ မြန်နှုန်းမြင့်စွာဖြင့် ပြေးဆွဲနိုင် မည်ဆိုပါက ရထားသယ်ယူ ပို့ဆောင်ရေးကို အများပြည်သူ များက ပိုမိုသုံးစွဲလာမည်ဖြစ် ကြောင်း၊ ရထားများအားသတ်မှတ် အမြန်နှုန်းအတိုင်း မောင်းနှင် နိုင်ရေးအတွက် Level Crossing နေရာများလျှော့ချခြင်း၊ Underpass များ တည်ဆောက်ခြင်းကို ဆောင်ရွက်ရမည်ဖြစ်ပြီး ရထား လမ်းနယ်များ၌လည်း ဥပဒေ သတ်မှတ် စည်းမျဉ်းစည်းကမ်း များအတိုင်း ဖြစ်ရန်လိုကြောင်း၊ ရထားဘူတာများ၊ ရထားမြေများ အားလုံး၌လည်း သွားလာနေထိုင် မှုများအားလုံး စည်းကမ်းစနစ် တကျအတိုင်း ဖြစ်ရန်လိုကြောင်း၊ ရထားလမ်းနယ်များ၌ မျက်စိ ပသာဒဖြစ်စေရေး၊ မြေထိန်း သိမ်းမှုဖြစ်စေရေးအတွက် သစ်ပင် စိုက်ပျိုးခြင်းများကို စနစ်တကျ ဖြင့်ဆောင်ရွက်သွားရန်လိုကြောင်း၊ ရထားပို့ဆောင်ရေး စနစ်သည် တိုင်းပြည်တစ်ခု၏ အဓိကကျ သည့် ပို့ဆောင်ရေးစနစ်တစ်ခုဖြစ် ပြီး အကျိုးရှိသည့် စနစ်ပင်ဖြစ် ကြောင်း၊ ထို့ကြောင့် ရထား ပို့ဆောင်ရေးစနစ် တစ်ခေတ် ပြန်လည် ဆန်းသစ်နိုင်ရေး ကြိုးပမ်းဆောင်ရွက်သွား ကြရန် လိုကြောင်း မှာကြားသည်။

ထို့နောက် နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင် များသည် စပိန်နိုင်ငံမှ ရောက်ရှိ လာသည့် DEMU ရထားတွဲဆိုင်း အသစ်များကို ကြည့်ရှုစစ်ဆေး ကာ တာဝန်ရှိသူများ၏ ရှင်းလင်း တင်ပြမှုများအပေါ် လိုအပ်သည် များ မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



စပိန်နိုင်ငံမှ ရောက်ရှိလာ သည့် DEMU ရထားတွဲဆိုင်း အသစ်များကို တွေ့ရစဉ်။

## တပ်မတော်(ကြည်း၊ ရေ၊ လေ) အားကစားပြိုင်ပွဲများ ဆက်လက်ယှဉ်ပြိုင်ကစား

**နေပြည်တော် အောက်တိုဘာ ၇**

၂၀၂၄ ခုနှစ် တပ်မတော်(ကြည်း၊ ရေ၊ လေ) အားကစားပြိုင်ပွဲများကို ယနေ့နံနက်ပိုင်းတွင် သက်ဆိုင်ရာ အားကစားနည်းများအလိုက် သတ်မှတ်ထားသော အားကစားကွင်း/ရုံများတွင် ဆက်လက် ယှဉ်ပြိုင်ကစားကြသည်။

၂၀၂၄ ခုနှစ် တပ်မတော်(ကြည်း၊ ရေ၊ လေ) အားကစားပြိုင်ပွဲများဖြစ်သည့် တပ်မတော် ကာကွယ်ရေးဦးစီးချုပ်ဖလား (၃၁)ကြိမ်မြောက် တပ်မတော်(ကြည်း၊ရေ၊လေ)တိုက်ကွမ်ဒိုပြိုင်ပွဲကို ဇေယျာသီရိအားကစားရုံ(A)တွင် ဗိုလ်လုပွဲနှင့်ဆုချီးမြှင့်ပွဲအခမ်းအနားကျင်းပရာ ဝိတ်တန်းအလိုက်အတိုက်ပြိုင်ပွဲ ဗိုလ်လုပွဲ နှင့် တပ်မတော်တိုက်ကွမ်ဒို လက်ရွေးစင် ကစားသမားများက သရုပ်ပြခြင်းများအပြီးတွင် ဆုချီးမြှင့်ပွဲအခမ်းအနား ဆက်လက်ကျင်းပရာ ဝိတ်တန်းအလိုက် ပထမ၊ ဒုတိယ၊ တတိယဆုများနှင့် အကောင်းဆုံး ကစားသမားဆုရရှိသည့် အားကစားသမားများအား တပ်မတော်တိုက်ကွမ်ဒိုကော်မတီ အတွင်းရေးမှူးက လည်းကောင်း၊ အကောင်းဆုံး နည်းပြဆု၊ အကောင်းဆုံးဒိုင်ဆုရရှိသူများအား မြန်မာနိုင်ငံတိုက်ကွမ်ဒိုအဖွဲ့ချုပ်မှ ခါးစည်းကော်မတီ ဥက္ကဋ္ဌက လည်းကောင်း၊ အတိုက်ဝိတ်တန်းအလိုက် ဆုဖလားရရှိသည့်အသင်းနှင့် ကကွက်တံခွန်စိုက် ဆုဖလား၊ အတိုက်တံခွန်စိုက် ဆုဖလားရရှိသည့် အသင်းများအား ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ တာဝန်ရှိသူတစ်ဦးက လည်းကောင်း၊ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် တံခွန်စိုက်ဆုဖလားကို ရွှေ ၁၀ ခု၊ ငွေ ခုနစ်ခု၊ ကြေး လေးခုရရှိသော ရန်ကုန်တိုင်း စစ်ဌာနချုပ်အသင်းအား တပ်မတော်တိုက်ကွမ်ဒို ကော်မတီဥက္ကဋ္ဌက လည်းကောင်း ပေးအပ်ချီးမြှင့်ကြသည်။

ထို့ပြင် တပ်မတော်(ကြည်း၊ ရေ၊ လေ) အမျိုးသား/အမျိုးသမီး ဘော်လီဘောပြိုင်ပွဲကို ဇေယျာသီရိ အားကစားရုံ (B)တွင် အမျိုးသား/အမျိုးသမီး အကြို ဗိုလ်လုပွဲ ပွဲစဉ်များကို လည်းကောင်း၊ မြန်မာ့သိုင်းပြိုင်ပွဲကိုဇေယျာသီရိအားကစားရုံ(C)၌ အားကစားနည်း



အမျိုးအစားအလိုက် ဗိုလ်လုပွဲ ပွဲစဉ်များကို လည်းကောင်း၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒိုင်း၊ တပ်မတော်(ကြည်း၊ ရေ၊ လေ) ပိုက်ကျော်ခြင်းပြိုင်ပွဲကို စစ်ကြောရေးနှင့် တည်းခိုရေးစခန်းရှိ တပ်နယ်အားကစားရုံတို့၌လည်းကောင်း ယှဉ်ပြိုင်ကစားကြသည်။

အဆိုပါ အားကစားပြိုင်ပွဲများသို့ ကာကွယ်ရေး ဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ ဒိုင်အဖွဲ့ဝင်များ၊ ပြိုင်ပွဲဝင် အားကစားသမားများနှင့် အားကစားဝါသနာရှင်များ တက်ရောက်ကြည့်ရှုအားပေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း(မှော်ဘီ) ဘွဲ့ရအမျိုးသမီးဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၁၁) စစ်လက်ရုံး ရွေးချယ်ပွဲသို့ တက်ရောက်စိစစ်ရွေးချယ်စဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း(မှော်ဘီ) ဘွဲ့ရအမျိုးသမီးဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၁၁) စစ်လက်ရုံးရွေးချယ်ပွဲသို့ တက်ရောက်စိစစ်ရွေးချယ်

**နေပြည်တော် အောက်တိုဘာ ၇**

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ မှော်ဘီတပ်နယ်ရှိ တပ်မတော်(ကြည်း)ဗိုလ်သင်တန်းကျောင်း(မှော်ဘီ)၌ ပြုလုပ်သည့် ဘွဲ့ရအမျိုးသမီး ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၁၁) စစ်လက်ရုံး ရွေးချယ်ပွဲသို့ တက်ရောက် စိစစ်ရွေးချယ်သည်။

အဆိုပါ စစ်လက်ရုံးရွေးချယ်ပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အတူ ကောင်စီဝင် ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး မောင်မောင်အေး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီး ထိန်ဝင်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီးထွန်းအောင်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့် တပ်မတော်အရာရှိကြီးများ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း(မှော်ဘီ)ကျောင်းအုပ်ကြီးနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ဗိုလ်လောင်းများအား တစ်ဦးချင်းတွေ့ဆုံကာ သင်တန်းကာလတစ်လျှောက် စည်းကမ်းလိုက်နာမှု၊ ဘာသာရပ်အလိုက် ထူးချွန်ထက်မြက်မှု၊ ဝါသနာနှင့် ကြိုးပမ်းအားထုတ်မှုများအပေါ်မူတည်၍ သင့်လျော်သည့် တပ်မတော်(ကြည်း၊ ရေ၊ လေ) စစ်လက်ရုံးအသီးသီးအတွက် စိစစ်ရွေးချယ်ပေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**



# ရေဝတီတိုင်းဒေသကြီး ဝမ်းပျက်ဝမ်းလျှောရောဂါ ကြိုတင်ကာကွယ်ထိန်းချုပ်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

**ပုသိမ် အောက်တိုဘာ ၇**

ဝမ်းပျက်ဝမ်းလျှောရောဂါ ကြိုတင်ကာကွယ်ထိန်းချုပ်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းက ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ(၁)၌ ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်းနှင့် အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ဌာနဆိုင်ရာများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က အမှာစကားပြောကြားသည်။ ထို့နောက် တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူးက ဝမ်းပျက်ဝမ်းလျှောရောဂါနှင့်ပတ်သက်၍ တိုင်းဒေသကြီးအတွင်း ဖြစ်ပွားမှုအခြေအနေများ၊ ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုများ၊ ဆက်လက်ဆောင်ရွက်မည့် ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြပြီး အစည်းအဝေးသို့တက်ရောက်လာသူများ၏ အထွေထွေဆွေးနွေး တင်ပြချက်များအပေါ် တိုင်းဒေသကြီးဝန်ကြီးချုပ်က လိုအပ်သည်များကို ဖြည့်စွက်ဆွေးနွေးကာ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်သည် ပုသိမ်မြို့ ရော့ဗ်ရွေ့ဝါခန်းမ၌ ပြုလုပ်သော ဧရာဝတီတိုင်းဒေသကြီး ခရိုင်အခြေပြု နွားမေထုန်မဲ့သားစပ်သင်တန်း သင်တန်းဆင်းပွဲအခမ်းအနားသို့တက်ရောက်ပြီး သင်တန်းဆင်းလက်မှတ်များ ပေးအပ်ခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# ဗိုလ်တထောင် ခရိုင်မီးသတ်ဦးစီးမှူးရုံး၌ မီးငြိမ်းသတ်ရေးနှင့် ရှာဖွေကယ်ဆယ်ရေးသင်တန်းဖွင့်ပွဲ ကျင်းပ

**ရန်ကုန် အောက်တိုဘာ ၇**

ရန်ကုန် တိုင်းဒေသကြီး ဗိုလ်တထောင်ခရိုင် မီးသတ်ဦးစီးမှူးရုံး၌ ခရိုင်အဆင့် အဆင့်မြင့် မီးငြိမ်းသတ်ရေးနှင့် ရှာဖွေကယ်ဆယ်ရေး သင်တန်းဖွင့်ပွဲ အခမ်းအနားကို အောက်တိုဘာ ၇ ရက် မွန်းလွဲ ၃ နာရီက ခရိုင်မီးသတ်ဦးစီးမှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။



အခမ်းအနားတွင် ခရိုင်မီးဘေးလုံခြုံရေးအဖွဲ့ဥက္ကဋ္ဌ ခရိုင်စီမံ အုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်လွင်က သင်တန်းဖွင့်အမှာစကား ပြောကြားသည်။ ဆက်လက်၍ ခရိုင်မီးသတ်ဦးစီးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးကိုကိုကြီးက မီးလောင်မှုနှင့် သဘာဝဘေးအန္တရာယ်များ ကျရောက်ခဲ့ပါက သန္ဓေမီးသတ်တပ်ဖွဲ့ဝင်များနှင့်အတူ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ပရဟိတလူမှုရေးအသင်းအဖွဲ့များမှ စည်းလုံးညီညွတ်စွာဖြင့် လူစွမ်းအား၊ ယာဉ်စက်စွမ်းအား၊ နည်းပညာစွမ်းအားဖြင့် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်များ ဆုံးရှုံးမှုနည်းနိုင်သမျှနည်းပါးစေရေးအတွက် လျင်မြန်စွာ တုံ့ပြန်ဆောင်ရွက်နိုင်ရေးကို ရည်ရွယ်၍ ဖွင့်လှစ်သင်ကြားရခြင်း ဖြစ်ကြောင်း ပြောကြားသည်။

အဆိုပါသင်တန်းကို ရန်ကုန်တိုင်းဒေသကြီးမီးသတ်ဦးစီးမှူး ညွှန်ကြားရေးမှူး ဦးမင်းစမ်းအေး၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်များ၊ ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်များ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဗိုလ်တထောင်ခရိုင်အတွင်းရှိမြို့နယ်များမှ သန္ဓေ/အရန်မီးသတ်တပ်ဖွဲ့ဝင်များနှင့် ပရဟိတ အသင်းအဖွဲ့များမှ သင်တန်းသား ၅၀ ဖြင့် အောက်တိုဘာ ၇ ရက်မှ ၂၅ ရက်အထိ ရက်သတ္တနှစ်ပတ်ကြာ ဖွင့်လှစ်လေ့ကျင့်သင်ကြား ပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။ **မျိုးမင်းသူရ**

**မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊** Mobile SIM Card၊ Mobile Payment Account၊ Bank Account **များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

# အရာရာဖြူစင်သောစိတ် စေတနာစိတ်ထားဖြင့်သာ အင်အားအမှန်ဖြစ်ပါစေ

စွမ်းပြည့်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီနှင့် တပ်မတော်က နိုင်ငံ့အကျိုး၊ ပြည်သူ့အကျိုးငှာ ဒီမိုကရေစီစနစ်ဆီ လျှောက်လှမ်းနေသည်။ ပြည်သူကလည်း ဒီမိုကရေစီကို လိုချင်သည်။ ဒီမိုကရေစီလိုချင်လျှင် ဒီမိုကရေစီကျင့်စဉ်အတိုင်း ကျင့်သုံးလေမှ စစ်မှန်သော ဒီမိုကရေစီရမည်ဖြစ်၍ ဒီမိုကရေစီနည်းလမ်းတစ်ခုဖြစ်သော ရွေးကောက်ပွဲကို မဖြစ်မနေပြုလုပ်ရမည်။ ရွေးကောက်ပွဲမလုပ်ဘဲနှင့် ဒီမိုကရေစီကို တည်ဆောက်၍မရဆိုသည်မှာ အခြေခံသိရမည့်အချက်ဖြစ်သည်။

> **“ နောက်ထပ် မေတ္တာရပ်ခံလိုသည့်အချက်က နိုင်ငံရေးပါတီများသို့ဖြစ်သည်။ ပါတီစုံအထွေထွေရွေးကောက်ပွဲကြီးမှာ ရွေးကောက်ပွဲဝင်မည့် ပါတီများအတွက် ဖြစ်ပါသည်။ နိုင်ငံအတွက်၊ ပြည်သူအတွက် ပြည်သူတို့၏ ဆင်းရဲဒုက္ခများကို ဖြေရှင်းပေးနိုင်မည့် မိမိတို့သွားမည့်လမ်းကြောင်းမှာ အဟန့်အတားပေးနေသူက ဘယ်သူ၊ ရွေးကောက်ပွဲလိုလားသူက ဘယ်သူ၊ မလိုလားသူက ဘယ်သူ ခွဲခြားနိုင်စွမ်းရှိလောက်မည် ထင်ပါသည်။ အဓိကအဟန့်အတားက အကြမ်းဖက်သူနှင့် အကြမ်းဖက်လုပ်ရပ်များသာဖြစ်သည်ကို မြင်သိနားလည်စေလိုသည်။ ထို့ကြောင့် ပါတီများ ခိုင်မာတောင့်တင်းရေး နိုင်ငံတော်ဘက်မှ လိုအပ်သလို ဥပဒေများကို ပြင်ဆင်ဆောင်ရွက်ပေးလျက်ရှိသည်။ အဓိကအချက်က ပါတီများ၏ ကိုယ်စားလှယ်များဘက်က စေတနာအပြည့်အဝ ခံယူချက်မှန်စွာဖြင့် တာဝန်ယူ၊ တာဝန်ခံနိုင်ကြရန်သာဖြစ် ”**

ဒီမိုကရေစီကျင့်စဉ်များအနက် တွေ့ဆုံဆွေးနွေး အဖြေရှာသည့် နည်းလမ်းသည် စစ်မှန်သော ဒီမိုကရက်တို့ ကျင့်သုံးအပ်သော နိုင်ငံရေးယဉ်ကျေးမှု တစ်ခုဖြစ်၍ အားလုံးအတွက် ဖြစ်နိုင်မည့်နည်းလမ်း မှန်သမျှကို လမ်းဖွင့်ပေးထားသည်ကို တွေ့ရသည်။ ဖွင့်ထားသော လမ်းကောင်း၊ လမ်းကြောင်းမှန်မှာသာ အတူလက်တွဲ ပါဝင်လျှောက်ကြစေချင်သည်။ ယခု နောက်ဆုံး ၂၆ -၉ -၂၀၂၄ ရက်နေ့က ကမ်းလှမ်းခဲ့သော နစက၏ ဖိတ်ခေါ်ချက်ကလည်း ထို့အတူပင်။ အားလုံးပါဝင်နိုင်မည့် ဖြစ်သင့်ဖြစ်ထိုက်သော ငြိမ်းချမ်းရေး လမ်းကြောင်းတစ်ခုဖြစ်သည်ကို တွေ့ရမည်ဖြစ်ပါသည်။

### နိုင်ငံရေးနည်းလမ်းဆိုသည်မှာ

နိုင်ငံရေးပြဿနာကို တွေ့ဆုံဆွေးနွေးအဖြေရှာခြင်းနှင့် ရွေးကောက်ပွဲပြုလုပ်ခြင်းသည် နိုင်ငံရေးနည်းလမ်းဖြင့် အဖြေရှာခြင်းပင်ဖြစ်သည်။ နိုင်ငံရေးနည်းလမ်းဖြင့် ပြည်သူ့အစိုးရတစ်ရပ်ပေါ်ထွက်လာရေးကို အလေးထားရည်ရွယ်သည်။ ပြည်သူလိုချင်သော ပြည်သူ့အစိုးရဟူသည် ဒီမိုကရေစီကျင့်စဉ်များနှင့်အညီ ဒီမိုကရေစီနည်းလမ်းကျ လွတ်လပ်သော ရွေးကောက်ပွဲများမှတစ်ဆင့်သာ ဖြစ်လာနိုင်သည်။

ပါတီနိုင်ငံရေးလမ်းကြောင်း၊ ရွေးကောက်ပွဲလမ်းကြောင်းတို့ဟူသည် တည်ငြိမ်မှုရှိသော၊ လုံခြုံမှုရှိသောဝန်းကျင်၌ လွတ်လပ်စွာ မဲပေးရွေးချယ်နိုင်ခွင့်ရှိမှသာ အဓိပ္ပာယ်ရှိပါမည်။ ဖိတ်ခေါ်ချက်က ဝေးနေတာတွေကို နီးစေမည်ဖြစ်သလို မတူတာတွေကို တူအောင် ညှိနှိုင်းပေးနိုင်ပြီး ရွေးကောက်ပွဲလမ်းကြောင်းကို ပို၍ချောမွေ့စေမည်ဟု ယုံကြည်သည်။ နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းဖြင့်သာ ဖြေရှင်းနိုင်မည်ဟု စွဲမြဲစွာယုံကြည်သည့်အလျောက် ရွေးကောက်ပွဲကိုလုပ်ပေးမည်၊ အနိုင်ရပါတီကို ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ တာဝန်များ လွှဲပြောင်းပေးမည့် ကတိကဝတ်သည် အကြိမ်ကြိမ် တည်ပြီးလည်းဖြစ်ပါသည်။ ရွေးကောက်ပွဲလုပ်ပေးဖို့ တည်ငြိမ်ရေး အစွမ်းကုန်ကြိုးစားပေးလျက်ရှိသည်မှာလည်း အထင်အရှားပင်ဖြစ်သည်။

### နိုင်ငံရေးယဉ်ကျေးမှုဟူသည်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ငြိမ်းချမ်းရေးကမ်းလှမ်းဖိတ်ခေါ်ချက်ကို ယခုလိုကာလမျိုး မမျှော်လင့်ထားသော အခြေအနေမှာ ကြားလိုက်ရသည့်အခါ အားလုံးက အံ့အားသင့်ကြသည်။ မမျှော်လင့်ထားသော အခြေအနေဆိုသည်မှာ ပြည်သူတွေ လုံးဝထင်မထားသော၊ အချို့လက်မခံနိုင်သော အကြမ်းဖက်တို့၏ အထွတ်အခေါင် အကြမ်းဖက် အုပ်စုများကိုပင် ကမ်းလှမ်းခဲ့၍ ဖြစ်သည်။ သို့သော် တစ်ဖက်ကပြန်ကြည့်လျှင် အကြောင်းမဲ့ ဖိတ်ခေါ်ခြင်းတော့ မဟုတ်တန်ရာ။ နိုင်ငံတော်ဘက်က၊ ခေါင်းဆောင်များဘက်ကကြည့်လျှင် တစ်ဦးတစ်ယောက်၊ တစ်စုတစ်ဖွဲ့ထက် နိုင်ငံတော်ကြီး တစ်ခုလုံး အားလုံးအားလုံးအပေါ် အတိတ်ကို သင်ခန်းစာယူ၊ လက်ရှိပစ္စုပ္ပန်အခြေအနေအရပ်ရပ်ကို လွှမ်းခြုံသုံးသပ် ဆင်ခြင်ကာ အနာဂတ်ကို အမြင်ကျယ်ကျယ်ဖြင့် အဓိကထား ရှုမြင်ပြီး ဖိတ်ခေါ်ခဲ့ခြင်းဖြစ်သည်။

**တစ်ကြိမ်တစ်ခါမျှ ငြိမ်းချမ်းရေး အတွေးမရှိခဲ့သူများကို ငြိမ်းချမ်းရေးစကားပြောခွင့်ပြုခြင်း၊ လိုလားချက်များကို နားထောင်ပေးခြင်းသည် နိုင်ငံရေးယဉ်ကျေးမှုတစ်ခုကို ထူထောင်ရာလည်း ရောက်ပါသည်။ ဒီမိုကရေစီအခွင့်အလမ်းကို မျှဝေရာလည်း ရောက်ပါသည်။ အလွန့်အလွန် မတူကွဲပြားခြားနားမှုများအကြားမှာ ယုံကြည်မှုတစ်ခုရအောင်** တည်ဆောက်ရခြင်းသည် အလွန်ပင် ခက်ခဲလှသည်ဖြစ်၍ အတတ်နိုင်ဆုံးနားလည်မှုပေးခြင်း၊ သဘောထားကြီးခြင်း ၊ အလျှော့ပေးသည်းခံခြင်းတရားများဖြင့် အရေးကြီးဆုံးသော မြန်မာ့ဒီမိုကရေစီကျင့်စဉ်တစ်ရပ်ကို ကြိုးစားတည်ဆောက်ပြနေခြင်းလည်း မည်ပါသည်။ အများအတွက် ကောင်းမည်၊ နိုင်ငံနှင့် ပြည်သူအတွက် ကောင်းမည်ဆိုလျှင် ပြောင်းလွယ် ပြင်လွယ်ရှိမည်၊ ဖြေလျှော့ပေးမည်ဟူသော စိတ်ကောင်းစေတနာကောင်းများ လွှမ်းခြုံနေသည်ဟု ယူဆပါသည်။

လူအချင်းချင်း တန်ဖိုးထား၍ ငါတို့နိုင်ငံသားချင်းတွေပဲ၊ ငါတို့ပြည်သူတွေပဲဆိုသည့် ယုံကြည်ချက်ထားပြီး တန်ဖိုးရှိ လူ့အရင်းအမြစ်ကို မပြုန်းတီးစေမည့် ခံယူချက်မျိုးဖြင့် ကမ်းလင့်ခြင်းလည်းဖြစ်သည်။ လူသတ်အကြမ်းဖက်သမားနှင့် တစ်စားပွဲတည်းထိုင်ပြီး ဆွေးနွေးသောနိုင်ငံဟူ၍ ကမ္ဘာမှာ ဘယ်နိုင်ငံမှမရှိပါ။ သို့သော် ယခုအချိန်မှာ တည်ငြိမ်ရေးကို လိုလားပြင်းပြနေကြသော ပြည်သူများ၊ ငြိမ်းချမ်းရေးကို လိုချင်နေသော တိုင်းရင်းသားများ၊ နိုင်ငံကို ဖွံ့ဖြိုးတိုးတက်စေလိုသော နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပြည်တွင်းက လူပုဂ္ဂိုလ်အဖွဲ့အစည်းများကိုစာနာထောက်ထားပြီး သဘာဝဘေးအန္တရာယ်များကြောင့် တိုင်းပြည်ကို အရေးတကြီး ပြန်လည်တည်ဆောက်ရမည့်အခြေအနေ၊ နိုင်ငံတကာအရေးတွေကြောင့် တိုင်းပြည်မှာ စည်းလုံးညီညွတ်မှုရမည့် အခြေအနေအားလုံးကို သုံးသပ်ဆင်ခြင်ပြီးမှ မေတ္တာရပ်ခံ ဖိတ်ခေါ်နေခြင်းဖြစ်ပါသည်။

### ပညာရှင်ဆန်ဆန် စဉ်းစားစေလို

တစ်နည်းအားဖြင့် နိုင်ငံမှာ နှစ်ပေါင်း ၇၀ ကျော် မငြိမ်းချမ်းခဲ့သည့် မညီညွတ်မှု လက်နက်ကိုင်လမ်းစဉ်နှင့် အကြမ်းဖက် အဖျက်လမ်းစဉ်များ၏ ဆိုးကျိုး၊ အဆိုးကျော့ သံသရာကို ဖြတ်တောက်ရာမှာ ဤဖိတ်ခေါ်ချက်သည် အခွင့်အရေးကောင်းတစ်ခုဖြစ်သည်ဟု ဆိုချင်ပါသည်။ အကြိမ်ကြိမ်ဖိတ်ခေါ်ခဲ့သည့် ငြိမ်းချမ်းရေး၊ အကြိမ်ကြိမ် မဖြစ်ခဲ့သည့် ငြိမ်းချမ်းရေး ဒီတစ်ကြိမ်မှာတော့ ဖြစ်စေချင်သည်။ ယခုလို ရက်ရက်ရောရော အစွမ်းကုန်လိုက်လျောခြင်း၏ အကြောင်းတစ်ခုက ရေတိုမဟုတ်၊ ရေရှည်တည်မည့် ထာဝရငြိမ်းချမ်းရေးကို ဦးတည်၍လည်း ဖြစ်ပါသည်။ ပေါ့ပေါ့တန်တန် မတွေးစေလိုပါ၊ ပညာဉာဏ်ဖြင့်စဉ်းစားပြီး ကမ်းသောလက်ကို မပုတ်ချစေလိုပါ။

ယခုဖိတ်ခေါ်ချက်ကို အဓိပ္ပာယ်ကောက် မလွဲစေလိုပါ။ အထူးသဖြင့် တိုင်းရင်းသား လက်နက်ကိုင်များ ဖြစ်သည်။ နိုင်ငံတစ်ဝန်း ပြည်သူနှင့် တိုင်းရင်းသားတစ်ရပ်လုံးကို ကိုယ်စားပြုသည့် ကမ်းလှမ်းချက်အပေါ် မိမိတို့ဘက်ကလည်း မိမိတို့ဒေသက တိုင်းရင်းသားအကျိုးအတွက်လောက်တော့ ပညာရှိဆန်ဆန် အမြော်အမြင်ရှိရှိ စဉ်းစားစေလိုသည်။ လက်နက်ကိုင်လမ်းစဉ်ကို မယုံကြည်၍ ဥပဒေအတိုင်းသွားနေသည်ကို မြင်အောင်ကြည့်စေလိုသည်။

တပ်မတော်ဘက်က ယခုတစ်ကြိမ်သာ ငြိမ်းချမ်းရေးစကား ပြောသည်မဟုတ်။ ဒီစကားကိုပဲ အကြိမ်ကြိမ် ပြောနေခဲ့ခြင်းဖြစ်သည်။ ဤအရာသည် တပ်မတော်အတွက် ထွက်ပေါက်တစ်ခုလည်း မဟုတ်ပါ၊ အယူလွဲပါက အမှားကြီးမှားသွားနိုင်သည်ကို သတိပြုစေလိုသည်။ မိမိ၊ မိမိ မိသားစု၊ မိမိအဖွဲ့ တစ်ဖွဲ့တစ်စုအတ္တချည်းလည်း မကြည့်ပါနှင့်၊ ရွေးကောက်ပွဲကို မြင်ချင်ကြသည့်၊ တည်ငြိမ်အေးချမ်းချင်သည့် တိုင်းရင်းသားအပေါင်းကို မျက်ကွယ်ပြုနားလည်မပေးနိုင်က ငြိမ်းချမ်းရေးလက်ကို ငြင်းပယ်ရက်သည့် သမိုင်းတရားခံအဖြစ် ရောက်ရှိသွားနိုင်သည်ကို ဆင်ခြင်စဉ်းစားစေလိုပါသည်။

### ခွဲခြားနိုင်စွမ်း၊ သိမြင်နားလည်စွမ်းရှိကြမည်ထင်

နောက်ထပ် မေတ္တာရပ်ခံလိုသည့်အချက်က နိုင်ငံရေးပါတီများသို့ ဖြစ်သည်။ ပါတီစုံအထွေထွေ ရွေးကောက်ပွဲကြီးမှာ ရွေးကောက်ပွဲဝင်မည့် ပါတီများအတွက် ဖြစ်ပါသည်။ နိုင်ငံအတွက်၊ ပြည်သူအတွက် ပြည်သူတို့၏ ဆင်းရဲဒုက္ခများကို ဖြေရှင်းပေးနိုင်မည့် မိမိတို့သွားမည့်လမ်းကြောင်းမှာ အဟန့်အတားပေးနေသူက ဘယ်သူ၊ ရွေးကောက်ပွဲလိုလားသူက ဘယ်သူ၊ မလိုလားသူက ဘယ်သူ ခွဲခြားနိုင်စွမ်းရှိလောက်မည် ထင်ပါသည်။ အဓိက အဟန့်အတားက အကြမ်းဖက်သူနှင့် အကြမ်းဖက် လုပ်ရပ်များသာဖြစ်သည်ကို မြင်သိနားလည်စေလိုသည်။ ထို့ကြောင့် ပါတီများ ခိုင်မာတောင့်တင်းရေး နိုင်ငံတော်ဘက်မှ လိုအပ်သလို ဥပဒေများကို ပြင်ဆင်ဆောင်ရွက်ပေးလျက်ရှိသည်။ အဓိက အချက်က ပါတီများ၏ကိုယ်စားလှယ်များဘက်က စေတနာအပြည့်အဝ ခံယူချက်မှန်စွာဖြင့် တာဝန်ယူ၊ တာဝန်ခံနိုင်ကြရန်သာဖြစ်သည်။

**ဆိုလိုသည်မှာ မှတ်ပုံတင်ခွင့်ပြုထားသည့် နိုင်ငံရေးပါတီပေါင်း ၅၀ အနက် အကြမ်းဖက်သမားများ၏ အကြမ်းဖက်လုပ်ရပ်များကို လုံးဝလက်မခံ၊ ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချကြောင်း သဘောထားမှတ်ချက်မပေးခဲ့သည့်ပါတီများ ယခုနှစ်အတွင်းရှိခဲ့သည်ဆိုသော အချက်ဖြစ်သည်။ ပြုလုပ်ခဲ့သည့် အကြမ်းဖက်လုပ်ရပ်များမှာ လူသားမဆန် ဆိုးရွားရက်စက်သော လုပ်ရပ်များဖြစ်ကြောင်း သိနိုင်**လောက်ပါသည်။

ပြည်တွင်းရှိ တည်ဆဲဥပဒေအကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေနှင့် နိုင်ငံတကာ လူ့အခွင့်အရေးကို ချိုးဖောက်ခြင်းဖြစ်ကြောင်း သိလောက်ပါသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးကြေညာစာတမ်းတို့ကို ချိုးဖောက်နေခြင်းဖြစ်ကြောင်းလည်း သိသင့်သည်။ သူတို့တွေကြောင့် အပြစ်မဲ့ပြည်သူတွေ သေကျေကြရ၊ အလုပ်အကိုင် အခွင့်အလမ်းဆုံးရှုံး၊ စားဝတ်နေရေးများ ကျပ်တည်းနေရသည်။ ပညာသင်ချိန် ပညာမသင်နိုင်ဘဲ နေရပ်မှစွန့်ခွာ လူ့ဘဝတွေ ပျက်သုဉ်းနေရသည်ကို မြင်နိုင်လောက်မည်ထင်ပါသည်။ အမှားအမှန်၊ အကောင်းအဆိုး တရားမှု၊ မတရားမှုလောက်တော့ ခွဲခြားတတ်ပြီး ပြည်သူ၏ အခက်အခဲကို တတ်နိုင်သည့်ဘက်မှ ဖြေရှင်းပေးမည်၊ အမှားကို ထောက်ပြ၊ အမှန်ကို သတ္တိရှိရှိ ချပြရဲမည်ထင်ခဲ့သည်။

သို့ဆိုလျှင် ဒီလိုအကြမ်းဖက်လုပ်ရပ်တွေကို ဘာကြောင့်မကန့်ကွက် မရှုတ်ချကြသနည်း၊ နားလည်မိတာက မရဲလို့၊ ကြောက်လို့၊ တာဝန်ရှိမှန်းမသိ တာဝန်မယူနိုင်လို့ နှာစေးတာဖြစ်နိုင်သည်၊ သို့မဟုတ် လက်ခံနေပြီး မျက်ကွယ်ပြုတာလည်း ဖြစ်နိုင်သည်ဆိုလျှင် မိမိကိုယ်တိုင်အကြမ်းဖက်အားပေးဖြစ်နေသလား...သုံးသပ်ကြည့်ပါ။

**အကြမ်းဖက်တာကို အကြမ်းဖက်ပါလို့ မပြောထွက်နိုင်ခဲ့လျှင်တောင် ယခုလို အကြမ်းဖက်သမားကို ငြိမ်းချမ်းရေးဖိတ်ခေါ်သည့် ပွဲမျိုးကိုတော့ တက်တက်ကြွကြွ ကြိုဆိုပြီး ငါတို့ညီအစ်ကိုချင်း၊ မောင်နှမသားချင်းဆိုသည့်စိတ်ထား ပြည်ထောင်စုသားချင်းဆိုသော စိတ်ဓာတ်ဖြင့် ပါဝင်ဖိတ်ခေါ်သင့်ကြသည်မဟုတ်ပါလား...။ အများအတွက်၊ ပြည်သူအတွက်၊ နိုင်ငံအတွက် တဖွဖွပြော၊ လက်တွေ့မပါ၊ သီအိုရီသက်သက် စကားပြောကောင်းနေရုံနှင့်မပြီးပါ။ ကိုယ်ကိုယ်တိုင်က အလင်းကို တန်ဖိုးထားပြီး အမှောင်မှ အလင်းဖြစ်အောင် ပြုနိုင်စွမ်းကြမည်ထင်ပါသည်။**

အချုပ်အားဖြင့် ငြိမ်းချမ်းရေးဖိတ်ခေါ်ချက်ကို ကမ်းလှမ်းခြင်းခံရသူများဘက်က အလေးအနက်ထား စဉ်းစားရန်သာ ဖြစ်ပါသည်။ ဒီတစ်ကြိမ်သည် မိမိတို့ ယခင်ကပြုခဲ့သော အကြမ်းဖက်အပြစ်များကို ပြေပျောက်နိုင်မည့် အခွင့်အရေးကောင်းများ ဖြစ်မလား... သတိပြုသင့်သည်။ ဆင်းရဲဒုက္ခရောက်နေကြရသော ပြည်သူလူထုကြီးအတွက် သူတို့၏ သောကများ ပြေပျောက်နိုင်မည့် အခွင့်အရေးများ ပေးနိုင်တော့မည်လား... စဉ်းစားရန်ဖြစ်သည်။

ငါတို့လိုချင်သော ဒီမိုကရေစီ၊ ငါတို့သွားချင်သော ရွေးကောက်ပွဲနှင့် ပါတီနိုင်ငံရေး၊ နိုင်ငံရေးလမ်းကြောင်းပေါ် ရောက်နေပြီဆိုသည်ကို သတိချပ်ရမည်။ အခွင့်အရေးကို ဆုပ်ကိုင်နိုင်စွမ်းရှိရပါမည်။ လက်နက်ကိုင်ပြီး လူမိုက်လုပ်မလား၊ သတ္တိရှိရှိ ပြည်သူအကျိုးပြုမည့် နိုင်ငံရေးသမားလုပ်မလား၊ စွန့်သင့်တာစွန့်ရမည်၊ လွှတ်သင့်တာလွှတ်ရမည်။

လက်နက်ကိုင်လမ်းစဉ်စွန့်၊ အဖျက်လုပ်ရပ်ကိုပါ အပြီးစွန့်ပြီး ပို၍ပညာဉာဏ်ရှိသူများဖြစ်ကြောင်း ပြည်သူကိုပြသရမည့် အချိန်အခါကောင်းလည်း ဖြစ်နေသည်။ ထို့ကြောင့် ရှည်ကြာလွန်းသော ခရီးရှည်ကြီးအတွက် ပထမခြေလှမ်းလောက်တော့ လှမ်းနိုင်အောင် ကြိုးစားပေးကြပါ၊ အများအတွက်၊ ပြည်သူ့အတွက် အရာရာ ဖြူစင်သောစိတ် စေတနာ စိတ်ထားဖြင့်သာ အင်အားဖြစ်ကြပါစေ၊ ထိုအင်အားဖြင့် မေတ္တာအစစ်ပြနိုင်ကြပါစေဟူ၍သာ မျှော်လင့်မိပါသည်။ ။

၂၀၂၄ ခုနှစ်၊ အပြည်ပြည်ဆိုင်ရာသဘာဝဘေးအန္တရာယ်ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရေးနေ့

INTERNATIONAL DAY FOR DISASTER RISK REDUCTION (2024)

"အနာဂတ်မှာ ကြံ့ကြံ့ခံနိုင်ဖို့၊ မျိုးဆက်သစ်တို့စွမ်းအား မြှင့်တင်စို့"

"Empowering the next generation for a resilient future"

အောက်တိုဘာလ (၁၃) ရက်



## ၂၀၂၄ ခုနှစ်၊ (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဦးတည်ချက် (၄)ရပ်

၁။ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

၂။ တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှုအနုပညာအမွေအနှစ်များနှင့် အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်စေရန် ဖော်ထုတ်၊ ထိန်းသိမ်း၊ မြှင့်တင်ရေး၊

၃။ မျိုးဆက်သစ်လူငယ်များအကြားတွင် ရိုးရာယဉ်ကျေးမှုအမွေအနှစ်များကို ဖော်ထုတ်ထိန်းသိမ်းခြင်း နှင့်ထပ်တူ အမျိုးသားရေးစိတ်ဓာတ်များ ပိုမိုထွန်းကားပြန့်ပွားနေစေရေး၊

၄။ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် တည်ငြိမ်အေးချမ်းရေးတို့အတွက် အမျိုးသားယဉ်ကျေးမှု အခန်းကဏ္ဍမှ တစ်တပ်တစ်အား ပူးပေါင်းပါဝင်ဆောင်ရွက်ရေး။


## Naypyitaw State Academy မှ ဥပဒေအထူးပြု ကျောင်းသားများအတွက် ဥပဒေပညာရပ်ဆိုင်ရာ လက်တွေ့သင်တန်းဖွင့်လှစ်

**နေပြည်တော် အောက်တိုဘာ ၇**

Naypyitaw State Academy မှ ဥပဒေအထူးပြုကျောင်းသားများ ဥပဒေပညာရပ်ဆိုင်ရာ လက်တွေ့လုပ်ငန်းများ လေ့လာသင်ယူနိုင်ရန် ဥပဒေရေးရာဝန်ကြီးဌာနမှ ဥပဒေပညာရှင်များက ဝန်ကြီးဌာန၏ လက်တွေ့လုပ်ငန်းစဉ်များကို ရက်သတ္တ ခြောက်ပတ်ကြာ သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**သင်ကြားပို့ချပေးမည်**

အဆိုပါ လက်တွေ့သင်တန်းဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းက ဥပဒေရေးရာဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာ သီတာဦးက သင်တန်းသားများကို ဥပဒေ



ရေးရာဝန်ကြီးဌာန ဝန်ကြီးရုံးနှင့် ဦးစီးဌာန လေးခုတို့က လက်တွေ့လုပ်ငန်းများကို ရက်သတ္တ ခြောက်ပတ်ကြာသင်ကြားပို့ချပေးမည်ဖြစ်ကြောင်း၊ ဥပဒေအထူးပြုကျောင်းသား သင်တန်းသားများအနေဖြင့် ဥပဒေရေးရာဝန်ကြီးဌာန၏ များပြားလှသော လုပ်ငန်းတာဝန်များကို အချိန်တိုအတွင်း လေ့လာရသည့်အတွက် ပြည့်စုံစွာ သိရှိနိုင်မည်မဟုတ်သော်လည်း တက္ကသိုလ်မှ ဘွဲ့ရပြီးပါက တရားသူကြီး၊ ဥပဒေအရာရှိ၊ ရှေ့နေ စသည့် ဥပဒေပညာရှင်အဖြစ် လုပ်ငန်းများဆောင်ရွက်သည့်အခါ သင်တန်းမှရရှိမည့် အတွေ့အကြုံများသည် လက်တွေ့လုပ်ငန်းနယ်ပယ်တွင် များစွာအထောက်အကူပြုမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

တက္ကသိုလ်ဥပဒေအထူးပြုကျောင်းသားများအတွက် ဥပဒေပညာရပ်ဆိုင်ရာ လက်တွေ့သင်တန်းဖွင့်ပွဲအခမ်းအနားသို့ ဥပဒေရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် ဒုတိယရှေ့နေချုပ်၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ၊ Naypyitaw State Academy၊ ဥပဒေပညာဌာန ပါမောက္ခ (ဌာနမှူး) နှင့် တာဝန်ရှိသူများ၊ ဥပဒေအထူးပြုကျောင်းသား သင်တန်းသားများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

## မြန်မာအီလက်ထရောနစ်မဲပေးစက် အသုံးပြုခြင်းဆိုင်ရာ နည်းပြဆရာဖြစ်သင်တန်း အမှတ်စဉ် (၇/၂၀၂၄) သင်တန်းဖွင့်ပွဲကျင်းပ



**နေပြည်တော် အောက်တိုဘာ ၇**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ကျင်းပပြုလုပ်မည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် မြန်မာအီလက်ထရောနစ်မဲပေးစက် (MEVM) ဖြင့် ဆန္ဒမဲပေးနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိရာ မဲပေးစက်အသုံးပြုခြင်းဆိုင်ရာ နည်းပြဆရာဖြစ်သင်တန်းအမှတ်စဉ် (၇/၂၀၂၄) သင်တန်းဖွင့်ပွဲအား ယနေ့နံနက် ၈ နာရီခွဲတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး တိုးချဲ့ ရုံးအဆောက်အအုံ၌ ကျင်းပသည်။

အခမ်းအနားတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးအောင်လွင်ဦးက ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် ရွေးကောက်ပွဲကျင်းပနိုင်ရေးအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များကို အဆင်သင့်ဖြစ်အောင် ဆောင်ရွက်လျက်ရှိကြောင်း၊ ယခုဖွင့်လှစ်သည့် MEVM စက်အသုံးပြုခြင်းဆိုင်ရာ နည်းပြဆရာဖြစ်သင်တန်းသည်လည်း ရွေးကောက်ပွဲတွင် ပြည်နယ်နှင့်တိုင်းဒေသကြီးအချို့၌ MEVM စက်ဖြင့် မဲပေးနိုင်ရေး စီစဉ်ထားရှိပြီးဖြစ်သည့်အတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်သည့်အနေဖြင့် (၇) ကြိမ်မြောက်ဖွင့်လှစ်သည့် သင်တန်းဖြစ်ပါကြောင်း၊ MEVM စက်ကို မြန်မာပညာရှင်များ စမ်းသပ်တီထွင်ထုတ်လုပ်ခဲ့ပြီး ဝန်ကြီးဌာနအဖွဲ့အစည်းများနှင့် တိုင်းဒေသကြီးလေးခုအပါအဝင် နေပြည်တော်ကောင်စီနယ်မြေမှ မဲဆန္ဒရှင်ပြည်သူ တစ်သိန်းကျော်ခန့်အား ရှင်းလင်းပြသ လက်တွေ့စမ်းသပ်မှု ဆောင်ရွက်ခဲ့ပြီးဖြစ်ကြောင်း ပြောကြားသည်။

သင်တန်းတွင် မြန်မာအီလက်ထရောနစ်မဲပေးစက် (MEVM) တည်ဆောက်ပုံနည်းလမ်းများ၊ စက်တပ်ဆင်ပုံ၊ စမ်းသပ်မဲပေးပုံ၊ ဖြန့်ခွဲပုံ၊ ရွေးကောက်ပွဲနေ့တွင် မဲရုံ၌ မဲပေးစက်တပ်ဆင်ခြင်းကျင်းပုံ၊ မဲရလဒ်ရေတွက်ပုံ၊ နည်းဥပဒေပါအတိုင်း မဲရလဒ်စာရင်းပြုစုပုံ၊ မဲပေးစက်အား ပြန်လည်ထုပ်ပိုး သိမ်းဆည်းပုံတို့ကို လုပ်ငန်းလမ်းညွှန်ချက်များနှင့်အညီ သင်ကြားပြသပေးမည်ဖြစ်သည်။

သင်တန်းဖွင့်ပွဲသို့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် မန္တလေးတိုင်းဒေသကြီး တာဝန်ခံ ဦးသန်းအောင်ကျော်၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံးတာဝန်ရှိသူများနှင့် မန္တလေးတိုင်းဒေသကြီးရှိ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးများမှ သင်တန်းသား ၃၂ ဦး တက်ရောက်ခဲ့ကြပြီး သင်တန်းကို အောက်တိုဘာ ၇ ရက်မှ ၉ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## ဒဂုံမြို့သစ် (အရှေ့ပိုင်း) မြို့နယ် မြို့တည် နှစ် ၃၀ ပြည့် ပုလဲရတုအထိမ်းအမှတ် ကျင်းပ

**ရန်ကုန် အောက်တိုဘာ ၇**

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့နယ် စာကြည့်တိုက်များ ကြီးကြပ်ရေးကော်မတီက ကြီးမှူးကျင်းပသည့် မြို့တည်နှစ် ၃၀ ပြည့် ပုလဲရတုအထိမ်းအမှတ် ဖိတ်ခေါ်ဆောင်းပါးပြိုင်ပွဲ၊ မကြွယ်ကြွယ် စာပေဆုနှင့် မြို့နယ်အကောင်းဆုံးစာကြည့်တိုက်ဆု (၂၀၂၄) ပေးအပ်ချီးမြှင့်ပွဲအခမ်းအနားကို ယမန်နေ့က ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့နယ် အမှတ် (၇)ရပ်ကွက် နှစ်ကျိပ်ရှစ်ဆူ သာသနာ့ဂုဟာ ဓမ္မာရုံကြီး၌ ကျင်းပခဲ့သည်။

ဖိတ်ခေါ်ဆောင်းပါးပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ကြသူ ၁၇ ဦးအနက်မှ အခမ်းအနားသို့ တက်ရောက်လာသူ ၁၄ ဦးအား ဂုဏ်ပြုမှတ်တမ်းလွှာများကို တစ်ဦးချင်းပေးအပ်ခဲ့သည်။

**ဆုများပေးအပ်ချီးမြှင့်**

ဆက်လက်၍ မကြွယ်ကြွယ်စာပေဆုများကို ပေးအပ်ချီးမြှင့်ရာ ဘုရားပွင့်သည့်မြေစာမူဖြင့် အထူးဆုရရှိသူ ပိဋကတစ်ပုံဆောင် အရှင်မဏိဇောတ (ဝိနယရေ) အားလည်းကောင်း၊ အရှေ့ပိုင်း ဒဂုံမြို့သစ်၏ ပုလဲရတု အနှစ်အစုများစာမူဖြင့် အထူးဆုရရှိသူ ဆရာမ မန္တယ် (ကလော)အားလည်းကောင်း၊ အရှေ့ဒဂုံမှာလင်းသော လမင်းနှင့် ကြယ်တာရာများစာမူဖြင့် တတိယဆုရရှိသူ ဆရာ စေတနာလှိုင် (ရေစကြို) အားလည်းကောင်း၊ မြို့သစ်မဟုတ်တော့သည့် မြို့သစ် သို့မဟုတ် ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့နယ်၏ ပုလဲရတုချိန်ခါစာမူဖြင့် ဒုတိယဆုရရှိသူ ဆရာ ကိုဦး(ဒဂုံ)အားလည်းကောင်း၊ ရန်ကုန်သမိုင်းထဲက အရှေ့ဒဂုံစာမူဖြင့် ပထမဆုရရှိသူ ဆရာ ကောင်းစည်သူတို့အား တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ခဲ့ကြသည်။

ဆက်လက်ပြီး ၂၀၂၄ ခုနှစ်အတွက် မြို့နယ်အကောင်းဆုံးစာကြည့်တိုက်ဆုကို မြို့နယ်စာကြည့်တိုက်များ ကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌ ဦးလပြည့်ဇင်က ဆုရရှိသည့် အမှတ်(၁) ရပ်ကွက် ရောင်ခြည်သစ်စာကြည့်တိုက်မှ တာဝန်ရှိသူများအား ဆုတံဆိပ်ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# အမျိုးသားမြေဥပဒေရေးဆွဲပြုစုရေးနှင့် မြေစီမံခန့်ခွဲမှုဆိုင်ရာဥပဒေများ သဟဇာတဖြစ်ရေးလုပ်ငန်းကော်မတီ သတ္တမအကြိမ်အစည်းအဝေးကျင်းပ




နေပြည်တော် အောက်တိုဘာ ၇

အမျိုးသားမြေဥပဒေရေးဆွဲပြုစုရေးနှင့် မြေစီမံခန့်ခွဲမှုဆိုင်ရာ ဥပဒေများ သဟဇာတဖြစ်ရေးလုပ်ငန်းကော်မတီ သတ္တမအကြိမ် အစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းက နေပြည်တော်ရှိ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၌ ကျင်းပရာ အစည်းအဝေးသို့ လုပ်ငန်းကော်မတီဥက္ကဋ္ဌ-၁ ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်၊ ဥက္ကဋ္ဌ-၂ ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီနှင့် လုပ်ငန်းကော်မတီဝင်များ၊ အထောက်အကူပြုလုပ်ငန်းအဖွဲ့ဥက္ကဋ္ဌများနှင့် ဥပဒေရေးဆွဲရေး အဖွဲ့ငယ် အဖွဲ့ခေါင်းဆောင်များ တက်ရောက်ကြသည်။

**ဝိုင်းဝန်းဆွေးနွေး**

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးများက အမှာစကားများ ပြောကြားကြပြီး လုပ်ငန်းကော်မတီ အတွင်းရေးမှူးက မူလရေးသား ပြုစုထားသော အမျိုးသားမြေဥပဒေမူကြမ်း၊ ယခင်အကြံပြုချက်များ၊ ထပ်မံအကြံပြုချက်များနှင့် လုပ်ငန်းအဖွဲ့က ပြန်လည်စိစစ်ပြုစုထားသော မူကြမ်းများကိုတင်ပြရာ အစည်းအဝေးတက်ရောက်လာကြသူများက ပုဒ်မတစ်ခုချင်း၊ ပုဒ်မခွဲ တစ်ခုချင်းအပေါ် ဝိုင်းဝန်းဆွေးနွေးကြသည်။

ယနေ့အစည်းအဝေးတွင် ထွက်ပေါ်လာမည့် ယာယီအတည်ပြုချက်များနှင့် ဥပဒေမူကြမ်း၏ ရှေ့အခန်းများကို ပြန်လည်စုစည်း၍ အသေးစိတ် ဆက်လက်စိစစ်ခဲ့ပြီး ပဏာမအတည်ပြုထားသော အမျိုးသားမြေဥပဒေမူကြမ်းကို အောက်တိုဘာလကုန်တွင် အမျိုးသားမြေအသုံးချမှုကောင်စီသို့ တင်ပြပေးနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# ရေကြီးနစ်မြုပ်ပျက်စီးခဲ့သည့် မိုးစပါးစိုက်ခင်း ၇၄၀၁၁ ဧကတွင် ၅၁၆၄၈ ဧက ပြန်လည်စိုက်ပျိုးပြီး



ရန်ကုန် အောက်တိုဘာ ၇

ရာဂီ တိုင်ဖွန်းမုန်တိုင်း သက်ရောက်မှုကြောင့် ရန်ကုန်တိုင်းဒေသကြီးအတွင်း ရေကြီးနစ်မြုပ်မှုကြုံတွေ့ခဲ့သည့် မိုးစပါးစိုက်ခင်း ၇၄၀၁၁ ဧကတွင် အောက်တိုဘာ ၆ ရက်အထိ ၅၁၆၄၈ ဧက ပြန်လည်စိုက်ပျိုးထားပြီးဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် မိုးရာသီတွင် တိုင်းဒေသကြီးအတွင်း မိုးစပါး ၁၁၄၈၂၂ ဧက စိုက်ပျိုးရန် လျာထား ဆောင်ရွက်ခဲ့ပြီး ၁၁၁၁၈၀၂ ဧက စိုက်ပျိုးခဲ့ကာ မိုးစပါးစိုက်ခင်း ၇၄၀၁၁ ဧက ရေနစ်မြုပ်ပျက်စီးမှုတွင် အစားထိုးပြန်လည်စိုက်ပျိုးရာ၌ ကျန်ရှိသော ၂၂၃၆၃ဧကအား အောက်တိုဘာလ နောက်ဆုံးပတ်တွင် စိုက်ပျိုးပြီးစီးရန် စိုက်ပျိုးရေးဦးစီးဌာနနှင့် တောင်သူများ ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

"ရေကြီးနစ်မြုပ်မှုကြောင့် ပျက်စီးသွားတဲ့ စိုက်ခင်းနေရာတွေမှာ အရန်ပျိုးပင်တွေနဲ့ အစားထိုး စိုက်ပျိုးနေပါတယ်။ ပျိုးသက်ရက် ၂၀ နဲ့လည်း စိုက်ပျိုးလို့ရတဲ့ အတွက် အခုလို နေသာနေမယ် ဆိုရင် စိုက်ဧက မြန်မြန်တက်လာမှာပါ။ စိုက်ပျိုးရာသီ ကျန်နေသေးတဲ့အပြင် လျာထားချက်နဲ့ အညီ စိုက်ပျိုးနေတာဖြစ်တဲ့ အတွက် အောက်တိုဘာလကုန်ဆိုရင် အဖြေထွက်မှာပါ။ မနှစ်က မိုးစပါးထက် ဒီနှစ်မှာ စိုက်ဧက လျော့သွားမှာ မဟုတ်ပါဘူး။ တောင်သူတွေ ဝင်ငွေမလျော့တဲ့ အတွက် ဒုတိယသီးနှံကိုလည်း ဆက်ပြီးစိုက်ပျိုးနိုင်မှာပါ။ အဲဒီအတွက် ပညာပေးလုပ်ငန်းတွေမှာ ဝိုင်းဝန်းပါဝင်ခဲ့ကြတဲ့ အကျိုးကျေးဇူးအဖြစ် တောင်သူတွေ စိုက်ပျိုးခဲ့တဲ့မိုးစပါးကို အားရကျေနပ်မှုရှိပါတယ်"ဟု ရန်ကုန်တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်လှကြည်က ပြောသည်။

ပြည်ပပို့ကုန် အရည်အသွေးကောင်း အမျိုးအစားများဖြစ်သော ပေါ်ဆန်းမွှေး၊ ပေါ်ဆန်းယဉ်၊ ရောမင်း၊ မှော်ဘီ-၂ တို့ကို ရန်ကုန်တိုင်းဒေသကြီးအတွင်း မိုးစပါးရာသီ၌ စိုက်ပျိုးထားသည့်အပြင် ဆင်းသုခ၊ မနောသုခ၊ GW 11၊ ရက်၉၀၊ သီးထပ်ယဉ်၊ ရွှေဝါထွန်း၊ ရာကျော်၊ ဆင်းသွယ်လတ်၊ မှော်ဘီ-၃၊ ပခမ်းရွှေဝါ၊ ကရင်မထိပ်စောင်းတို့ကိုလည်း စိုက်ပျိုးထားသည်။

ရေကြီးနစ်မြုပ်မှုကြောင့် ထိခိုက်ပျက်စီးခဲ့သော မိုးစပါးရေိယာတို့တွင် ကောက်ပင်ကျဲသွားသော နေရာတို့၌ ကောက်ပင်ဖာထေးခြင်း၊ ကောက်ပင်လှန်နိုင်မှု အားကောင်းစေရန် ရေထုတ်ပေးခြင်း၊ ကျောက်မှုန့်ဂျစ်ပဆန်ကြဲပက်ခြင်း၊ အပင်လှန်ပြီးချိန်၌ ယူရီးယား ဓာတ်မြေဩဇာနှင့် ကွန်ပေါင်း ဓာတ်မြေဩဇာကို တစ်အချိုးတစ်နှုန်းဖြင့် တစ်ဧကလျှင် ၅၆ ပေါင်နှုန်းထည့်သွင်းခြင်း၊ စပါးပင်အနံ့လောင်း ဖြစ်တည်ချိန်၌ တစ်ဧကလျှင် ပိုတက်ဓာတ်မြေဩဇာ ၁/၄ အိတ်နှုန်း ထည့်သွင်းခြင်းစသည့် သွင်းအားစုဖြည့်တင်းခြင်းလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် စိုက်ပျိုးရေးဦးစီးဌာနမှ ချိတ်ဆက် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**ညိမ်းသူ(သတင်းစဉ်)**
**ဓာတ်ပုံ - ကနူး**

**ဓာတ်ခွဲနမူနာစုစုပေါင်း ၁၀၉၈၇ ခု စစ်ဆေးပြီးစီး၊ ကိုဗစ် - ၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၂၅ ဦးတွေ့ရှိ**

**ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ အပတ်စဉ် သတင်းထုတ်ပြန်ခြင်း(၇-၁၀-၂၀၂၄) ရက်နေ့၊ ည(၈:၀၀)နာရီ**

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိရာ (၂၉-၉-၂၀၂၄) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၆-၁၀-၂၀၂၄) ရက်နေ့၊ ည (၈:၀၀)နာရီအထိ ရက်သတ္တပတ်အတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၁၀,၉၈၇)ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၂၅)ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၀.၂၃) ရာခိုင်နှုန်း ဖြစ်ပါသည်။ အစီရင်ခံကာလအတွင်း ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူ မရှိပါ။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

သစ်ပင်စိုက်လျှင် တို့ဝန်းကျင် စိမ်းစိုလှပ ကြည်နူးရ၏။

# ဖေယျာသီရိမြို့နယ်၌ ရာဂီမုန်တိုင်းအရှိန်ကြောင့် စပါးစိုက်ခင်း ရေကြီးနစ်မြုပ်ထိခိုက်ပျက်စီးသည့် တောင်သူများအား မျိုးစပါးများ ထောက်ပံ့ပေးအပ်



နေပြည်တော် အောက်တိုဘာ ၇

ပြည်ထောင်စု နယ်မြေ နေပြည်တော် ဖေယျာသီရိမြို့နယ် အတွင်း စက်တင်ဘာလက ရာဂီမုန်တိုင်းအရှိန်ကြောင့် ရေကြီးနစ်မြုပ် ထိခိုက်ပျက်စီးသွားခဲ့သော မိုးစပါးစိုက်ခင်းများ ပြန်လည်စိုက်ပျိုးနိုင်ရေး မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်မှ ထောက်ပံ့လှူဒါန်းသော မျိုးစပါးများ ထောက်ပံ့ပေးအပ်ခြင်းကို ယနေ့မွန်းလွဲပိုင်းက မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနရုံး၌ ကျင်းပသည်။

အခမ်းအနားတွင် ဖေယျာသီရိမြို့နယ် ခေတ္တမြို့နယ်အုပ်ချုပ်ရေးမှူး ဦးနေမျိုးအောင်နှင့် မြို့နယ်စိုက်ပျိုးရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးပြေသိန်းတို့က အားပေးစကား ပြောကြားခဲ့ပြီး မြို့နယ်စိုက်ပျိုးရေးကြီးကြပ်အဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ နေပြည်တော် ဆန်စပါးအသင်း ဒုတိယဥက္ကဋ္ဌ ဦးဘိုဘိုအောင်နှင့် တာဝန်ရှိသူများက ဖေယျာသီရိမြို့နယ်အတွင်းရှိ ကျေးရွာအုပ်စုသုံးအုပ်စုမှ တောင်သူ ၂၄ ဦး အတွက် တစ်ဧကလျှင် ရက် ၉၀ စပါးမျိုး တစ်တင်းနှုန်း စုစုပေါင်း ၁၄၄ ဧကအတွက် ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**ထွန်းလင်း(ဖေယျာမြေ)**

❖

# ကျုံပျော်မြို့နယ်၌ မိုးစပါးစိုက်ပျိုးမည့်သမဝါယမတောင်သူများအား သွင်းအားစုများ ပံ့ပိုးထားရှိ

ကျုံပျော် အောက်တိုဘာ ၇

၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေဖြင့် လူမှုစီးပွားမြှင့်တင်ရေး စီမံကိန်းဆောင်ရွက်သည့် ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်မြို့နယ် မိုးကြိုးပစ်ကျေးရွာ မိုးပုလဲစိုက်ပျိုးထုတ်လုပ်ရေးသမဝါယမအသင်းမှ အသင်းသား ၃၀ ၏ စိုက်ဧက ၉၀ အတွက် ပံ့ပိုးငွေကျပ် ၁၈ သန်းနှင့်ညီမျှသည့် သွင်းအားစုများ(ပုလဲ)၊ (အာမို) အိတ် ၉၀ နှင့် မြင်းပျံ(ကွန်ပေါင်း) အိတ် ၉၀ တို့အားပံ့ပိုးပေးခဲ့သည်။

အဆိုပါသမဝါယမအသင်းသားတောင်သူများ၏ လယ်မြေများတွင် မှော်ဘီ(၃)စပါးများ စိုက်ပျိုးထားရှိပြီး မိုးစပါးစိုက်ပျိုးရာသီတွင် သွင်းအားစုများ အချိန်မီပံ့ပိုးပေးသဖြင့် မိုးစပါးများ အထွက်နှုန်းပိုမိုကောင်းမွန်နိုင်မည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



## ရေဘေးဒဏ် ခံစားရသော ပြည်သူများအတွက် အလှူငွေများ လှူဒါန်း

**နေပြည်တော် အောက်တိုဘာ ၇**

ရေဘေးဒဏ် ခံစားရသော ဒေသများအတွက် ပျဉ်းမနားမြို့ ကန်ဦးကျောင်းတိုက် မဟာစည်သာသနာ့ရိပ်သာပဓာနနာယက မဟာကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တနန္ဒမာလာက ငွေကျပ်သိန်း ၁၀၀ ပေးအပ်လှူဒါန်းခြင်း အခမ်းအနားကို ယနေ့မွန်းလွဲပိုင်းက လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု ဗဟိုဌာန၌ ကျင်းပရာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းက လက်ခံရယူပြီး ကျေးဇူးတင်စကား လျှောက်ထားကာ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ဆက်ကပ်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## ရေဘေးသင့်ပြည်သူများအတွက် ရန်ကုန်တိုင်းဒေသကြီးတွင် အလှူငွေလက်ခံမည့်အစီအစဉ် အသိပေးကြေညာခြင်း

မုန်တိုင်းရာဂီ၏ သက်ရောက်မှုနှင့် ဘင်္ဂလားပင်လယ်အော်တွင် ဖြစ်ပေါ်ခဲ့သော လေဖိအားနည်းရပ်ဝန်းတို့၏အရှိန်ကြောင့် ဖြစ်ပေါ်ခဲ့ သည့် ရေကြီးရေလျှံမှုများတွင် ရေဘေးသင့်ခဲ့ရသည့် ပြည်သူလူထုအား ကူညီထောက်ပံ့နိုင်ရန်အတွက် ၉-၁၀-၂၀၂၅ ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁ နာရီခွဲတွင် ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာခန်းမ၌ လှူဒါန်းမှုများကို အခမ်းအနားဖြင့် လက်ခံပေးသွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

လှူဒါန်းလိုသူများအနေဖြင့် အောက်ပါပုဂ္ဂိုလ်များသို့ ဆက်သွယ် စာရင်းပေးသွင်း လှူဒါန်းနိုင်ပါသည်-

(၁) ဦးမျိုးမြင့်အောင်၊ ဖုန်းနံပါတ် ၀၉၂၆၁၁၇၉၂၅၈
(၂) ဦးဌေးအောင်၊ ဖုန်းနံပါတ် ၀၉၂၆၁၁၇၉၂၅၆
(၃) ဦးခင်မောင်ဆန်း၊ ဖုန်းနံပါတ် ၀၉၄၅၅၃၃၉၃၃၉
(၄) ဦးကျော်ကျော်အုန်း၊ ဖုန်းနံပါတ် ၀၉၆၉၅၉၂၃၀၉၆
(၅) ဦးသန်းစိုး၊ ဖုန်းနံပါတ် ၀၉၂၅၀၁၂၃၈၈၅

**အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ**

## မြန်မာ့ပင်လယ်ပြင် အခြေအနေ

**နေပြည်တော် အောက်တိုဘာ ၇**

လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် သုံးပေမှ ခြောက်ပေခန့်ရှိနိုင်သည်။ **မိုး/ဇလ**

## အခြေခံပညာ ဆရာ ဆရာမများ အထူးမွမ်းမံသင်တန်း အမှတ်စဉ်(၁၀၇) သင်တန်းဖွင့်

**ရန်ကုန် အောက်တိုဘာ ၇**

နိုင်ငံ့ဝန်ထမ်း တက္ကသိုလ် (အောက်မြန်မာပြည်) အခြေခံပညာ ဆရာ ဆရာမများ အထူးမွမ်းမံသင်တန်း အမှတ်စဉ်(၁၀၇) သင်တန်းဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းရီတွင် အဆိုပါ တက္ကသိုလ် ရတနာသိင်္ဃခန်းမ၌ ကျင်းပသည်။

**တက်ရောက်**

အခမ်းအနားသို့ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ ဦးအောင်သော်၊ အဖွဲ့ဝင်ဦးစိုးတင့်၊ ဥက္ကဋ္ဌရုံး အဖွဲ့ညွှန်ကြားရေးမှူးချုပ်၊ နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်) ပါမောက္ခချုပ်၊ ဒုတိယ ပါမောက္ခချုပ်များ၊ ဆရာ ဆရာမများ၊ တာဝန်ရှိသူများနှင့် သင်တန်းသားသင်တန်းသူများ တက်ရောက်ကြသည်။





ဦးစွာ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌက ပညာ၏အခြေခံဖြစ်သော စဉ်းစားတွေးခေါ်တတ်သူများ ဖြစ်လာအောင် သင်ကြားရေးသည် ဆရာ ဆရာမများ၏ တာဝန်ဖြစ်ကြောင်း၊ စေတနာ၊ အနစ်နာ၊ ဝါသနာအရင်းခံပြီး ကျောင်းသားလူငယ်များကို စာပေပညာတတ်ရုံသာမက နိုင်ငံချစ်စိတ်ရှိရေး၊ စိတ်ဓာတ်ကောင်းမွန်ရေး၊ ကာယ၊ ဉာဏ အကျင့်စာရိတ္တ ခိုင်မာကောင်းမွန်စေရေး ဆုံးမသွန်သင်ကြရန်နှင့် တစ်မျိုးသားလုံး ပညာရည်မြင့်မားရေးအတွက် ကျရာကဏ္ဍမှ အားသွန်ခွန်စိုက် ထမ်းဆောင်ကြရန် တိုက်တွန်းမှာကြားသည်။

အခြေခံပညာ ဆရာ ဆရာမများ အထူး မွမ်းမံသင်တန်း အမှတ်စဉ် (၁၀၇)သို့ သင်တန်းသား ၃၁ ဦး၊ သင်တန်းသူ ၃၆၀ စုစုပေါင်း ၃၉၁ ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တ ငါးပတ်ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

## ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့် ကျောက်ဆည်တက္ကသိုလ်၊ ရတနာပုံတက္ကသိုလ်၊ မန္တလာတက္ကသိုလ်နှင့် မန္တလေးနိုင်ငံခြားဘာသာ တက္ကသိုလ်တို့ကို ကြည့်ရှုစစ်ဆေး



**နေပြည်တော် အောက်တိုဘာ ၇**

ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်နှင့် တာဝန်ရှိသူများသည် ယနေ့နံနက်ပိုင်းက မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်တက္ကသိုလ်၌ ၂၀၂၅ ခုနှစ် အဝေးသင်တက္ကသိုလ် ပထမအသုတ် သိပ္ပံသင်တန်းသားများ အေးချမ်းစွာ စာမေးပွဲဖြေဆိုနေမှုကိုလည်းကောင်း၊ ရတနာပုံတက္ကသိုလ်၌ အဝေးသင် ကျောင်းသား ကျောင်းသူများ စာမေးပွဲဖြေဆိုနေမှုကို လည်းကောင်း သွားရောက် ကြည့်ရှုအားပေးပြီး တက္ကသိုလ် သန့်ရှင်းသာယာရေးနှင့် သက်သာချောင်ချိရေး ဆောင်ရွက်ပေးမှုအခြေအနေကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ပါမောက္ခ(ဌာနမှူး)များ၊ ပါမောက္ခများနှင့် တွေ့ဆုံ၍ စာစစ်လုပ်ငန်းများ အမှားအယွင်းမရှိအောင် ကြီးကြပ်ဆောင်ရွက်ရန်၊ အဝေးသင် ဒုတိယအသုတ်နှင့် တတိယအသုတ် အနီးကပ်သင်တန်းများတွင် ကျောင်းသားကျောင်းသူများ အမှန်တကယ် ပညာတတ်မြောက်အောင်စေတနာထား သင်ကြားပေးရန်၊ နိုဝင်ဘာ ၂၁ ရက်တွင် တက္ကသိုလ် ပုံမှန်တန်းများ ပြန်လည်ဖွင့်လှစ်မည်ဖြစ်သဖြင့် စာသင်ဆောင်များ၊ အိပ်ဆောင်များ သန့်ရှင်းရေး စီမံဆောင်ရွက်ရန်နှင့် ဆရာ ဆရာမ အရည်အသွေးမြင့် မွမ်းမံသင်တန်းများ ဖွင့်လှစ်ရန်မှာကြားပြီး တင်ပြချက်များကို ညှိနှိုင်းဆောင်ရွက်ပေးသည်။

ယင်းနောက် မန္တလာတက္ကသိုလ်ရှိ အဝေးသင် ပထမအသုတ် သင်တန်း စာမေးပွဲခန်းများကို သွားရောက် ကြည့်ရှုစစ်ဆေးပြီး မန္တလေး နိုင်ငံခြားဘာသာ တက္ကသိုလ်သို့ ရောက်ရှိကာ ဆရာ ဆရာမများနှင့်တွေ့ဆုံ၍ ပညာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး ဆိုင်ရာများကို ဆွေးနွေးပြောကြားပြီး တက္ကသိုလ်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## ငါးလုပ်ငန်းသင်တန်းကျောင်း(ကြို့ကုန်း)၌ ငါးမျိုးစိတ်များ ခွဲခြားအမည်ပေးနည်း သင်တန်းဖွင့်

**နေပြည်တော် အောက်တိုဘာ ၇**

ငါးလုပ်ငန်းများ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်လာစေရန်၊ ငါးသယံဇာတထိန်းသိမ်းနိုင်စေရန်၊ လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်စေရန်၊ ငါးရိက္ခာဖူလုံစေရန်နှင့် ကျေးလက်ဒေသများ ဖွံ့ဖြိုးတိုးတက်လာစေရန်ရည်ရွယ်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ လမ်းညွှန်မှုဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ငါးလုပ်ငန်းဦးစီးဌာနအောက်ရှိ ငါးလုပ်ငန်း သင်တန်းကျောင်းများသည် ငါးလုပ်ငန်းဆိုင်ရာ အသိပညာပေး သင်တန်းများကို ဖွင့်လှစ်ပို့ချလျက်ရှိရာ ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ် အနောက်ကြို့ကုန်းရှိ ငါးလုပ်ငန်းသင်တန်းကျောင်း(ကြို့ကုန်း) သင်တန်းခန်းမ၌ ငါးမျိုးစိတ်များ ခွဲခြားအမည်ပေးနည်းသင်တန်းကို အောက်တိုဘာ ၇ ရက် နံနက် ၉ နာရီက ဖွင့်လှစ်သည်။

အဆိုပါသင်တန်းတွင် ရန်ကုန်တိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးမြင့်ရွှေက သင်တန်းဖွင့် အမှာစကားပြောကြားပြီး မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးကြီးငွေက သင်တန်းဖွင့် အမှာစကားပြောကြားကာ ငါးလုပ်ငန်းသင်တန်းကျောင်းမှ ကျောင်းအုပ်ကြီး ဒုတိယညွှန်ကြားရေးမှူး ဦးဝင်းကိုကိုက သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။ သင်တန်းတွင် ငါးလုပ်ငန်းဦးစီးဌာနမှ ဌာနတွင်း ဝန်ထမ်းသင်တန်းသား ၁၀ ဦးနှင့် ရန်ကုန်တက္ကသိုလ်နှင့် ဒဂုံတက္ကသိုလ်တို့မှ သင်တန်းသား ၁၁ ဦး စုစုပေါင်း သင်တန်းသားသင်တန်းသူ ၂၁ ဦး တက်ရောက်ပြီး သင်တန်းကာလမှာ သုံးရက်ကြာ ဖွင့်လှစ်ပို့ချမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# တိုးတက်အောင်မြင် လုပ်ငန်းခွင်

ကိုယဉ်ချစ် (မန္တလေး)

လူတိုင်းဟာ ဘဝတစ်ခုရှင်သန်ရပ်တည်နေနိုင်ဖို့ စားရေး၊ ဝတ်ရေး၊ နေရေးဆိုတဲ့ အလုပ်သုံးမျိုးကို နေ့စဉ်လုပ်ကိုင်နေကြပါတယ်။ လူချင်းတူပေမယ့် အတိတ်ကံ၊ ပစ္စုပ္ပန်အခြေအနေနဲ့ ပတ်ဝန်းကျင်အခြေအနေတွေကြောင့် ဆင်းရဲချမ်းသာ၊ ရာထူးဂုဏ်ရှိန်ဆိုတဲ့ လူနေမှုအဆင့်အတန်းတွေ ကွဲပြားခြားနားသွားပါတယ်။ အတိတ်ကံဆိုတာကတော့ မွေးကတည်းက ပါလာတာဖြစ်လို့ပြင်မရနိုင်ပါ။ အတိတ်ကံကပါလာတဲ့ ကောင်းကျိုးဆိုးကျိုးတွေကို မလွှဲမသွေခံစားကြရမှာ ဖြစ်ပါတယ်။ ပစ္စုပ္ပန်အခြေအနေကတော့ ကာယကံရှင်ကိုယ်တိုင် ကြိုးပမ်းအားထုတ်မှုတွေအပေါ် မူတည်ပါတယ်။ အလားတူ တိုးတက်မှု၊ ဆုတ်ယုတ်မှုတွေဖြစ်ပေါ်ဖို့အတွက် ပတ်ဝန်းကျင်ဆိုတာကလည်းရှိနေပါတယ်။ ဒါကြောင့် လူတွေတိုးတက်အောင်မြင်ကြဖို့ ပစ္စုပ္ပန်နဲ့ ပတ်ဝန်းကျင် အခြေအနေတွေအပေါ်မှာ မူတည်နေတယ်လို့ ယေဘုယျအားဖြင့် ဆိုနိုင်ပါတယ်။

တစ်ဦးနဲ့တစ်ဦး မတူညီတဲ့ အကြောင်းအရာတွေကြောင့် ဆူကြုံနိမ့်မြင့် ဆင်းရဲချမ်းသာ ကွဲပြားခြားနားနေကြပေမယ့် လူ့ဘဝမှာ ရပ်တည်ရှင်သန်နေရတဲ့ အချိန်လေးမှာ အပူအပင်သောကကင်းကင်းနဲ့ တည်ငြိမ်အေးချမ်းစွာ နေထိုင်လုပ်ကိုင် စားသောက်လိုသူတွေချည်း ဖြစ်ကြပါတယ်။

လူတိုင်း အလုပ်တွေလုပ်နေကြတဲ့အခါ တချို့က တိုးတက်အောင်မြင်ကြတယ်။ တချို့က တိုးတက်အောင်မြင်မှုနည်းတယ်။ တချို့က တိုးတက်အောင်မြင်မှုမရကြဘူး။ အကြောင်းရင်းကတော့ တစ်ဦးချင်းစီရဲ့ အတိတ်ကံ၊ အရည်အချင်းနဲ့ ပတ်ဝန်းကျင်အခြေအနေတွေ မတူညီကြလို့ဖြစ်ပါတယ်။ မတူညီမှုတွေကို တူညီအောင်၊ တစ်ထပ်တည်းဖြစ်အောင် တန်းညှိယူလို့မရပေမယ့် တစ်ဦးချင်းစီက တိုးတက်အောင်မြင်စေနိုင်တဲ့၊ ကြိုးစားလို့ရနိုင်တဲ့ နည်းလမ်းတွေရှိပါတယ်။

## မိမိကိုယ်မိမိ ယုံကြည်မှု

တိုးတက်အောင်မြင်တဲ့ဘဝကို ပိုင်ဆိုင်ဖို့ မိမိကိုယ်မိမိ ယုံကြည်မှုဟာ အရေးပါပါတယ်။ အလုပ်တွေ တိုးတက်အောင်မြင်အောင် လုပ်နိုင်ရမယ်ဆိုတဲ့ စိတ်ဆန္ဒပြင်းပြစွာနဲ့ ကြိုးစားလုပ်ကိုင်သူတွေဟာ အောင်မြင်မှုတွေ ပိုင်ဆိုင်ကြပါတယ်။ ဆန္ဒဝတော ကိံနာမ ကမ္မံ နသဇ္ဇတိ (ဆန္ဒထက်သန်ပြင်းထန်သော အလိုရှိသူအတွက် မအောင်မြင်မပြီးစီးသောအလုပ်ဟူ၍ အဘယ်မှာလျှင် ရှိပါမည်နည်း)ဆိုတဲ့ စကားအတိုင်း စိတ်အားထက်သန်မှု၊ ဝီရိယရှိမှု၊ ဇွဲလုံ့လရှိမှုဆိုတဲ့ အရည်အချင်းတွေကို အသုံးချကြရပါမယ်။ နည်းနေသေးရင် တိုးပွားလာအောင် မွေးမြူရပါမယ်။ မရှိသေးရင်ရှိလာအောင် ပြုစုပျိုးထောင်ယူရပါမယ်။

မိမိအကြောင်းကို မိမိသိအောင် အရင်လုပ်ရပါမယ်။ တချို့က ကိုယ့်အကြောင်းကိုတောင် အလုံးစုံမသိဘဲ သူတစ်ပါးအကြောင်းတွေသာ ခေါင်းထဲထည့်နေကြလို့ အချိန်ကုန်လူပန်း ဖြစ်နေကြပါတယ်။ မိမိမှာရှိနေတဲ့ အားသာချက် အားနည်းချက်တွေကို သိရပါမယ်။ သိထားရုံသာမကဘဲ အားနည်းချက်တွေကို အားသာချက်တွေဖြစ်အောင် ပြုပြင်လုပ်ဆောင်ရပါမယ်။ ကိုယ့်အားနည်းချက်ကို ကိုယ်မမြင်၊ သူတစ်ပါးကိုသာ အပြစ်တင်တတ်သူဟာ ဆင်ခြေအမျိုးမျိုးနဲ့ မိမိအားနည်းချက်ကို ပြန်ပြီးမကြည့်မိကြပါဘူး။ ဆင်ခြေဆိုတာ အလုပ်ပြီးမြောက်အောင်မြင်ဖို့ အဖြေမဟုတ်ပါ။ တိုးတက်အောင်မြင်မှုကို နှောင့်နှေးစေပါတယ်။ သူတစ်ပါးရဲ့အပေါ် အပြစ်လွှဲချတတ်တဲ့ ဉာဉ်ရှိရင် မိမိအားနည်းချက်ကို ပြုပြင်လိုစိတ်တွေ လျော့နည်းသွားတတ်ပါတယ်။

## ရိုးသားမှု

တိုးတက်အောင်မြင်သူတွေဟာ ရိုးသားမှုကို တန်ဖိုးထားကြပါတယ်။ ရိုးသားသူဟာနာမည်ကောင်းကို ပိုင်ဆိုင်ကြပါတယ်။ ဘယ်လုပ်ငန်းကို လုပ်လုပ်၊ ရိုးသားသူနဲ့ မရိုးသားသူ ယှဉ်ပြိုင်လုပ်ကြရင် ရိုးသားသူက အောင်မြင်မှုကို ပိုပြီးပိုင်ဆိုင်တတ်ပါတယ်။ မရိုးသားသူဟာ ကံအားလျော်စွာ ခဏတာအောင်မြင်တာမျိုး ရှိတတ်ပေမယ့် ရေရှည်ပိုင်ဆိုင်မှာမဟုတ်ဘဲ ကျရှုံးမှုတွေနဲ့သာ နောက်ဆုံးရင်ဆိုင်သွားရတတ်ပါတယ်။

ရှေးအခါက ရွှေကုန်သည်နှစ်ဦးဟာ နီလဝါဟမြစ်တစ်ဖက်ကမ်းမှာရှိတဲ့ အရိဋ္ဌပူရမြို့ကို ရွှေတွေသွားရောင်းကြပါတယ်။ ခရီးကတူနေတော့ ကိုယ်ရောင်းမယ့်နေရာရောင်းပြီးမှ နောက်တစ်နေရာကို ရောင်းကြဖို့ နှစ်ဦးသဘောတူကြပါတယ်။ ကောက်ကျစ်တဲ့ရွှေကုန်သည်ဟာ သူ့ခရီးစဉ်အတိုင်း ရောင်းချရာမှာ ဥစ္စာပျက်ပြီး အလွန်ဆင်းရဲတဲ့ မြေးအဘွားရှိတဲ့နေရာကို ရောက်သွားပါတယ်။ မြေးမလေးက ရွှေလိုချင်လို့ သူ့အဖွားကို ပူဆာပါတယ်။ အဘွားကလည်း ဝယ်ပေးစရာ အသပြာလည်း မရှိတော့ ခွက်ဟောင်းတစ်ခုကိုပြပြီး ရွှေအနည်းငယ်နဲ့လဲပေးဖို့ ရွှေကုန်သည်ကိုပြောပါတယ်။ ကောက်ကျစ်တဲ့ရွှေကုန်သည်ဟာ ပစ်ထားလို့ အညစ်အကြေးတင်နေတဲ့ ခွက်ဟောင်းကို ခြစ်ကြည့်လိုက်တော့ ရွှေခွက်ကြီးမှန်း သိသွားတယ်။ အဲဒီ ရွှေခွက်ကို မတရားရယူလိုစိတ်နဲ့ ပဲဝက်လောက်တောင်မတန်ဘူးဆိုပြီး မြေပေါ်ပစ်ချကာ ထွက်သွားခဲ့တယ်။

မကြာမီမှာ ရိုးသားတဲ့ ရွှေကုန်သည်က အဲဒီနေရာကို ရောက်လာတော့ မြေးမလေးက အဘွားကို ပူဆာပြန်ပါတယ်။ ဒါကြောင့် အဘွားဖြစ်သူက ရိုးသားတဲ့ ရွှေကုန်သည်ကို သူ့မှာရှိနေတဲ့ ခွက်အဟောင်းကြီးကိုယူပြီး ရွှေအနည်းငယ်ပေးဖို့ ပြောတယ်။ ရိုးသားတဲ့ ရွှေကုန်သည်ဟာ ရွှေခွက်မှန်းသိတာနဲ့ ဒီခွက်ကြီးဟာ အသပြာတစ်သိန်းထိုက်တဲ့ ရွှေခွက်ကြီးဖြစ်ကြောင်းနဲ့ သူ့မှာ အဲဒီလောက်တန်ဖိုးရှိတဲ့ ရွှေတွေမပါကြောင်း ပြောပါတယ်။ အဘွားအိုက ပထမလာတဲ့ရွှေကုန်သည်က ဒီခွက်ကို ပဲဝက်တောင်မတန်ဘူးလို့ လွှင့်ပစ်သွားတယ်။ ဒီခွက်ဟာ မောင်မင်းနဲ့သာထိုက်တန်တာမို့ ရွှေခွက်ကြီးကိုယူပြီး ပေးလိုသမျှ ရွှေကိုသာပေးခဲ့ပါလို့ ပြောလိုက်ပါတယ်။ ရိုးသားတဲ့ရွှေကုန်သည်ဟာ ခရီးစရိတ် ရှစ်အသပြာ၊ ချိန်ခွင်နဲ့ လွယ်အိတ်ကိုသာယူပြီး မရောင်းရသေးတဲ့ ရွှေ ၅၀၀ နဲ့ ရွှေရောင်းခဲ့တဲ့ အသပြာ ၅၀၀ ကို မြေးအဘွားကိုပေးခဲ့ပြီး နီလဝါဟမြစ်ကိုဖြတ်ပြီး တစ်ဖက်ကမ်းကို ကူးသွားပါတော့တယ်။

ကောက်ကျစ်တဲ့ ရွှေကုန်သည်က မြေးအဘွားနှစ်ဦးဆီပြန်လာပြီး စောစောကခွက်ကြီးယူခဲ့၊ ရွှေအနည်းငယ်ပေးမယ်လို့ဆိုတဲ့အခါ အဘွားဖြစ်သူက ဖြစ်စဉ်ကိုပြောပြလိုက်တယ်။ အဲဒီအခါ ကောက်ကျစ်တဲ့ ရွှေကုန်သည်ဟာ အသပြာတစ်သိန်းထိုက်တဲ့ ရွှေခွက်ကြီးကို မရလိုက်တဲ့အတွက် ရွှေခွက်ကိုပြန်ယူဖို့ မြစ်ဆိပ်ကို အမြန်လိုက်ပေမယ့် ရိုးသားတဲ့ ရွှေကုန်သည်က တစ်ဖက်ကမ်းကိုရောက်သွားပြီမို့ ပူလောင်ပြင်းပြတဲ့ပူဆွေးမှုတွေနဲ့ ရုတ်တရက် လဲကျသေဆုံးသွားခဲ့ရပါတယ်။ ဒါကိုကြည့်ခြင်းအားဖြင့် ရိုးသားသူနဲ့ ကောက်ကျစ်သူမှာ ရိုးသားသူကသာ အောင်မြင်မှုကို ပိုင်ဆိုင်သွားတတ်တယ်ဆိုတဲ့ သာဓကတစ်ခုဖြစ်ပါတယ်။

## လုပ်ငန်းကျွမ်းကျင်မှု

တိုးတက်အောင်မြင်ဖို့ လုပ်ငန်းကျွမ်းကျင်မှုဆိုတာလည်း လိုအပ်ပါတယ်။ ကိုယ်လုပ်နေတဲ့အလုပ်ကို အသေးအဖွဲလေးတွေကစပြီး ပေါ့ပေါ့တန်တန် သဘောမထားဘဲ အလေးအနက်ထားလုပ်ကိုင်ရပါမယ်။ လုပ်ငန်းကျွမ်းကျင်မှုရှိရင် အလုပ်ရဲ့ရလဒ်ကောင်းတွေပိုင်ဆိုင်နိုင်သလို ကာယကံရှင်ရဲ့ ဂုဏ်သိက္ခာလည်း မြင့်တက်စေပါတယ်။

တချို့က ငွေကြေးအရင်းအနှီးစိုက်ထုတ်ပြီး လုပ်ငန်းလုပ်ကိုင်ကြပေမယ့် ကိုယ့်လုပ်ငန်းကို တစ်ပါးသူရဲ့ ကျွမ်းကျင်မှုကို အားပြုနေကြတာမျိုးတွေရှိပါတယ်။ အချို့ရုံးဌာနတွေ၊ အသင်းအဖွဲ့တွေ၊ ကုမ္ပဏီတွေမှာ ဦးစီးဦးဆောင်ပြုတဲ့သူက လက်အောက်ဝန်ထမ်းတွေကို အားပြုလုပ်ကိုင်နေကြတာမျိုးတွေ တွေ့ရတတ်ပါတယ်။ တချို့ကတော့ လုပ်ငန်းကျွမ်းကျင်သူတွေ၊ အကြံပေးတွေခန့်ပြီး အလုပ်တွေလုပ်ကိုင်ကြပါတယ်။ လူတိုင်းက အရာရာ မပြည့်စုံနိုင်တာမျိုးရှိပေမယ့် မိမိလုပ်ကိုင်နေတဲ့ အလုပ်တွေကို ကျွမ်းကျင်မှုရှိအောင် ကြိုးစားလုပ်ကိုင်နိုင်ခြင်းက အကောင်းဆုံးဖြစ်ပါမယ်။

ဥပမာ ယာဉ်မောင်းတစ်ဦးဟာ ကိုယ်မောင်းနှင်မဲ့ယာဉ်ကို ကျွမ်းကျင်ပိုင်နိုင်စွာ မောင်းနှင်နိုင်တဲ့အပြင် ယာဉ်ရဲ့စက်ပိုင်းဆိုင်ရာတွေ၊ ယာဉ်နဲ့ဆက်စပ်တဲ့အရာတွေကို သိရှိနားလည်ရပါမယ်။ သတ်မှတ်ထားတဲ့ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းတွေကိုလည်း တိတိကျကျ လိုက်နာနိုင်တဲ့သူဖြစ်မှသာ ကျွမ်းကျင်တဲ့ ယာဉ်မောင်းတစ်ဦးလို့ သတ်မှတ်နိုင်ပါမယ်။

## အားကြိုးမာန်တက် လုပ်ကိုင်မှု

တိုးတက်အောင်မြင်ဖို့ အလုပ်တွေကို ဇွဲ၊ လုံ့လ၊ ဝီရိယတွေ စိုက်ထုတ်ပြီး အားကြိုးမာန်တက် အလုပ်လုပ်ကြရမှာဖြစ်ပါတယ်။ တချို့က ကြီးပွားချမ်းသာချင်လို့ ပြည်တွင်းမှာ အလုပ်မလုပ်ချင်ဘဲ ပြည်ပကို အလုပ်သွားလုပ်ဖို့ လုံးပန်းနေကြပါတယ်။ ဖွံ့ဖြိုးတိုးတက်နေတဲ့ ပြည်ပနိုင်ငံတွေမှာ လုပ်အားခကို ထိုက်ထိုက်တန်တန် ပေးထားသလို အလုပ်တွေကို အလုပ်နဲ့တူအောင်လုပ်ကြရတယ်။ စည်းကမ်းသတ်မှတ်ချက်တွေကို တင်းတင်းကျပ်ကျပ် ချမှတ်ထားတယ်။ စည်းကမ်းမလိုက်နာနိုင်ရင် အလုပ်က ထုတ်ပယ်ပစ်တဲ့အထိ အရေးယူခံရပါမယ်။ ဒီတော့ ပြည်ပမှာ အလုပ်သွားလုပ်ကိုင်သူတွေဟာ အလုပ်တွေကို မဖြစ်မနေ အားစိုက်လုပ်ကြရပါတယ်။ စည်းကမ်းတွေလိုက်နာရပါတယ်။ ပြည်ပနိုင်ငံမှာ အလုပ်တွေ ကြိုးစားလုပ်တာမျိုးလို ကိုယ့်နိုင်ငံအတွင်းမှာ ကြိုးစားလုပ်၊ စည်းကမ်းတွေ လိုက်နာလုပ်ကိုင်ကြရင် အိုးမကွာအိမ်မကွာ မိသားစုနဲ့မကွဲမကွာ ကြီးပွားတိုးတက်နိုင်ပါတယ်။ ကိုယ့်နိုင်ငံအတွင်းမှာပဲ အလုပ်တွေကို အားကြိုးမာန်တက် လုပ်ကိုင်ကြလို့ ကြီးပွားတိုးတက်အောင်မြင်နေသူတွေလည်း မြင်တွေ့နိုင်ပါတယ်။

အလုပ်တစ်ခုခုကို အားမလျှော့ဘဲ စွဲစွဲမြဲမြဲ လုပ်ဆောင်နိုင်တဲ့ သတ္တိဆိုတဲ့ ဇွဲ၊ ကြိုးစားအားထုတ်ခြင်းဆိုတဲ့ လုံ့လနဲ့ ဝီရိယတွေကို ရင်းနှီးလုပ်ကိုင်နိုင်ရင် ကိုယ်လုပ်တဲ့အလုပ်တွေဟာ တိုးတက်အောင်မြင်မှုတွေရနိုင်ပါတယ်။ ဒါကြောင့် ဘာအလုပ်ကိုပဲလုပ်လုပ် သာမန်လုပ်တာမျိုးထက် ဇွဲ၊ လုံ့လ၊ ဝီရိယတွေနဲ့ အားထည့်လုပ်ကိုင်ကြဖို့လိုပါတယ်။

## သင်ယူလေ့လာမှု

တိုးတက်အောင်မြင်ဖို့ လုပ်ဆောင်ရမယ့် အချက်တစ်ချက်ကတော့ အမြဲတမ်းသင်ယူလေ့လာနေဖို့ လိုပါတယ်။ မျက်မှောက်ခေတ်မှာ ပြောင်းလဲနေတဲ့အခြေအနေတွေနဲ့အညီ အသိပညာ၊ အတတ်ပညာတွေကို သင်ယူနေကြရပါမယ်။ အသိပညာကို တရားပွဲတွေမှာ တရားနာတာ၊ ဟောပြောပွဲတွေ၊ ဆွေးနွေးပွဲတွေကို တက်ရောက်နားထောင်တာ၊ စာပေတွေ ဖတ်ရှုလေ့လာတာတွေက ရပါတယ်။ အတတ်ပညာကိုတော့ နှုတ်မှုလက်မှုတွေဆီက သင်ယူရပါတယ်။ အသိပညာရော အတတ်ပညာရော နှစ်မျိုးစလုံး တတ်မြောက်ကြရင်တော့ အကောင်းဆုံးပါပဲ။ တစ်ဦးနဲ့တစ်ဦး အသိပညာ၊ အတတ်ပညာတွေကို အသုံးချတာချင်း မတူညီကြတော့ တိုးတက်အောင်မြင်မှုမှာလည်း ကွဲပြားခြားနားသွားကြပါတယ်။ တိုးတက်မှု၊ ကျရှုံးမှု၊ ချမ်းသာမှု၊ ဆင်းရဲမှုတွေ ဖြစ်ပေါ်သွားပါတယ်။ တိုးတက်အောင်မြင်မှုတွေ ပိုင်ဆိုင်နိုင်ကြဖို့အတွက် သိထား၊ တတ်ထားသလောက်နဲ့ တင်းတိမ်မနေဘဲ နည်းလမ်းမျိုးစုံနဲ့ သင်ယူလေ့လာနေဖို့လိုအပ်ပါတယ်။ စာကောင်းပေကောင်းတွေကို များများဖတ်ကြဖို့လိုပါတယ်။

## ကိုယ်ကျင့်တရားကောင်းမှု

နောက်တစ်ချက်ကတော့ ကိုယ်ကျင့်တရားကောင်းမွန်ဖို့ လိုအပ်ပါတယ်။ ကိုယ်ကျင့်တရားကောင်းသူတွေဟာ မြင့်မြတ်တဲ့အတွေးကိုပဲ တွေးတယ်၊ နိမ့်ကျတာတွေ မတွေးဘူး၊ မှန်တာကိုပဲ ပြောတယ်၊ မမှန်တာတွေ မပြောဘူး၊ ကောင်းတာကို လုပ်တယ်၊ မကောင်းတာ မလုပ်ဘူးဆိုတဲ့ အသိတွေနဲ့ ဘဝကို တည်ဆောက်နေသူတွေ ဖြစ်တာကြောင့် သူတို့ရဲ့ ပင်ကိုစိတ်ဓာတ်အခံကိုက ကြည်လင်သန့်ရှင်းနေပါတယ်။ အခြေခံကျတဲ့ စိတ်အခြေခံကြောင့် သူတို့ရဲ့အတွေးအပြော အလုပ်တွေဟာ ကောင်းမွန်တဲ့ အလုပ်တွေဆီကိုသာ ဦးတည်နေပါတယ်။ အရာရာကို အကောင်းဘက်ကနေပဲ ကြည့်ကြပါတယ်။ တစ်ဖက်ကအားနည်းချက်တွေ တွေ့မြင်ရရင် သည်းခံစိတ်နဲ့ နားလည်ခွင့်လွှတ်ပေးတတ်ကြပါတယ်။ ကိုယ်ကျင့်တရား မကောင်းသူတွေကတော့ သူ့အကျိုးရှိမယ်ဆိုရင် ကျန်တဲ့လူတွေ ဘယ်လိုဖြစ်ဖြစ်လုပ်ဖို့ ဝန်မလေးတတ်ကြပါဘူး။ တစ်ဖက်သားကို အဆိုးမြင်စိတ်နဲ့သာကြည့်တတ်ကြပါတယ်။ ဒါကြောင့် တိုးတက်အောင်မြင်လိုသူတိုင်းဟာ ကိုယ်ကျင့်တရား ကောင်းမွန်အောင် ကျင့်ကြံနေထိုင်ဖို့ လိုအပ်ပါတယ်။

❖ တိုးတက်အောင်မြင်ဖို့ လုပ်ငန်းကျွမ်းကျင်မှုဆိုတာလည်း လိုအပ်ပါတယ်။ ကိုယ်လုပ်နေတဲ့အလုပ်ကို အသေးအဖွဲလေးတွေကစပြီး ပေါ့ပေါ့တန်တန် သဘောမထားဘဲ အလေးအနက်ထားလုပ်ကိုင်ရပါမယ်။ လုပ်ငန်းကျွမ်းကျင်မှုရှိရင် အလုပ်ရဲ့ရလဒ်ကောင်းတွေ ပိုင်ဆိုင်နိုင်သလို ကာယကံရှင်ရဲ့ဂုဏ်သိက္ခာလည်း မြင့်တက်စေပါတယ်။

❖ အလုပ်တစ်ခုခုကို အားမလျှော့ဘဲ စွဲစွဲမြဲမြဲလုပ်ဆောင်နိုင်တဲ့ သတ္တိဆိုတဲ့ ဇွဲ၊ ကြိုးစားအားထုတ်ခြင်းဆိုတဲ့ လုံ့လနဲ့ဝီရိယတွေကို ရင်းနှီးလုပ်ကိုင်နိုင်ရင် ကိုယ်လုပ်တဲ့အလုပ်တွေဟာ တိုးတက်အောင်မြင်မှုတွေရနိုင်ပါတယ်

စာမျက်နှာ ၁၁ သို့ ❂

# ရှမ်းပြည်နယ် ဝန်ကြီးချုပ် မိုင်းယောင်းခရိုင် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူနေမှု ကြည့်ရှုအားပေး

မိုင်းယောင်း အောက်တိုဘာ ၇

ရှမ်းပြည်နယ် ဝန်ကြီးချုပ် ဦးအောင်အောင်သည် အောက်တိုဘာ ၆ ရက်က ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းယောင်းမြို့နယ်၌ ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်း ဆဋ္ဌမနေ့ အဖြစ် ကောက်ယူနေမှုကို လှည့်လည်ကြည့်ရှုအားပေး ခဲ့သည်။

ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်သည် ရပ်ကွက်/ကျေးရွာ ကောက်ကွက်များအလိုက် စာရင်း စစ်၊ စာရင်းကောက်များက တစ်အိမ်တက်ဆင်း လှည့်လည်ကာ Mobile Tablet ဖြင့် သန်းခေါင် စာရင်းဆိုင်ရာမေးခွန်းများ မေးမြန်းကောက်ယူနေမှု နှင့် ဒေသခံပြည်သူများ စိတ်ဝင်တစား ပြန်လည် ဖြေကြားနေမှုကို လှည့်လည်ကြည့်ရှုအားပေးကာ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးပြီး ဒေသခံ ပြည်သူများကို ရင်းရင်းနှီးနှီး နှုတ်ဆက်ကြောင်း သိရ သည်။

နန်းပန်(ပြန်/ဆက်)





# ပုဇွန်တောင်မြို့နယ်၌ သန်းခေါင်စာရင်း (သတ္တမနေ့) ဆက်လက်ကောက်ယူ

ရန်ကုန် အောက်တိုဘာ ၇

ရန်ကုန်တိုင်းဒေသကြီး ပုဇွန်တောင်မြို့နယ်တွင် ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်းကောက်ယူခြင်းကို ယနေ့နံနက် ၇ နာရီမှစတင်၍ အမှတ်(၅)၊ အမှတ်(၆)နှင့် အမှတ်(၇) ရပ်ကွက်တို့၌ သတ္တမနေ့အဖြစ် ဆက်လက်ကွင်းဆင်းကောက်ယူလျက်ရှိ သည်။

လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရာ သို့ မြို့နယ်သန်းခေါင်စာရင်းကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်ဝင်းလှိုင်၊ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်သူ၊ အဖွဲ့ဝင်(၁) ဗိုလ်မှူးအောင်ကျော်လွင်နှင့်အဖွဲ့ဝင်များ၊ မြို့နယ်လူဝင်မှုကြီးကြပ်ရေး နှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးမိုးကျော်သူညွှန့်တို့က လှည့်လည်ကြီးကြပ်၍ မြို့နယ်အဆင့်၊ ရပ်/ ကျေးအဆင့် ကြီးကြပ်မှုကော်မတီဝင်များ၊ အုပ်ချုပ်ရေးမှူးများ၊ ရဲတပ်ဖွဲ့ ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ပြည်သူ့လုံခြုံရေးအဖွဲ့ဝင်များနှင့် လူမှုရေးအသင်းအဖွဲ့များက သက်ဆိုင်ရာကဏ္ဍအလိုက် သန်းခေါင် စာရင်းကောက်ယူရေးလုပ်ငန်းများ အဆင်ပြေချောမွေ့စွာ ဆောင်ရွက် နိုင်ရေးအတွက် ဝိုင်းဝန်းကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သိရ သည်။

ဟန်စုယဉ်

# ညောင်ဦးမြို့နယ်၌ သန်းခေါင်စာရင်း (သတ္တမမြောက်နေ့) ဆက်လက်ကောက်ယူ

ညောင်ဦး အောက်တိုဘာ ၇

၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ် အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ယူခြင်း (သတ္တမြောက် နေ့)ကို ယနေ့နံနက် ၇ နာရီမှစ၍ မန္တလေးတိုင်းဒေသကြီး ညောင်ဦး မြို့နယ်အတွင်းရှိရပ်ကွက်/ကျေးရွာ များတွင် စာရင်းစစ်၊ စာရင်း ကောက်အဖွဲ့များက ကောက်ယူ လျက်ရှိကြောင်း သိရသည်။



**ကောက်ယူလျက်ရှိ**

ညောင်ဦးမြို့နယ်တွင် ရပ်ကွက် ပေါင်း ၁၇ ရပ်ကွက်၊ ကျေးရွာအုပ်စု ၇၅ အုပ်စုတွင် သန်းခေါင်စာရင်း ကောက်ကွက် ၅၇၃ ကွက်ရှိပြီး စာရင်းစစ်၊ စာရင်းကောက် အဖွဲ့ ၄၁ ဖွဲ့ဖြင့် သန်းခေါင်စာရင်း ကောက်ယူလျက်ရှိသည်။

လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရေး ခရိုင်သန်းခေါင်စာရင်း ကော်မတီ ဥက္ကဋ္ဌ ဦးစောထွန်းဝင်းနှင့်အဖွဲ့ဝင် များ၊ မြို့နယ်သန်းခေါင်စာရင်း ကော်မတီဥက္ကဋ္ဌ ဦးနန်းတင့်နှင့် မြို့နယ်စီမံအဖွဲ့ဝင်များ၊ ဌာန ဆိုင်ရာ တာဝန်ရှိသူများက ကြီးကြပ်ဆောင်ရွက်လျက်ရှိပြီး ရပ်ကွက်/ကျေးရွာ အုပ်ချုပ်ရေးအဖွဲ့ များ၊ ရဲတပ်ဖွဲ့ဝင်များ၊ လုံခြုံရေး တပ်ဖွဲ့များ၊ ပြည်သူ့လုံခြုံရေးအဖွဲ့ ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ နှင့် လူမှုရေးအသင်းအဖွဲ့များက သက်ဆိုင်ရာကဏ္ဍအလိုက် ကူညီ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

# ကျောက်တလုံးကြီးမြို့၌ သန်းခေါင်စာရင်း ဆက်လက်ကောက်ယူ



ကျောက်တလုံးကြီး အောက်တိုဘာ ၇

ရှမ်းပြည်နယ်(တောင်ပိုင်း) ကျောက်တလုံးကြီးမြို့တွင် လူဝင်မှု ကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၏ ကြီးကြပ်မှုဖြင့် ၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကို မြို့နယ် အဆင့်စာရင်းစစ်/ စာရင်းကောက်များက ကွင်းဆင်းကောက်ယူခြင်းကို ယနေ့နံနက်ပိုင်းက ဆက်လက်ဆောင်ရွက်သည်။

ကျောက်တလုံးကြီးမြို့တွင် ရပ်ကွက်(၆) ရပ်ကွက်၊ ကျေးရွာ အုပ်စု ခုနစ်အုပ်စု၌ ကောက်ကွက်ပေါင်း ၁၁ ခုရှိပြီး စာရင်းစစ်/စာရင်း ကောက်အဖွဲ့ ၁၁ ဖွဲ့တို့က သက်ဆိုင်ရာဌာနဆိုင်ရာအကြီးအကဲများ၊ ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးအဖွဲ့ တာဝန်ရှိသူများနှင့် ပူးပေါင်း၍ အောက်တိုဘာ ၁ ရက်မှစတင်၍ CAPI နည်းပညာဖြင့် Tablet အသုံးပြု ပြီး ကောက်ယူလျက်ရှိကြောင်း သိရသည်။

ဇော်နိုင်လင်း

# လယ်ဝေးမြို့၌ သန်းခေါင်စာရင်းများ ဆက်လက်ကောက်ယူ

လယ်ဝေး အောက်တိုဘာ ၇

ပြည်ထောင်စုနယ်မြေ လယ်ဝေးမြို့နယ် မြို့နယ်သန်းခေါင်စာရင်း ကော်မတီ၏ကြီးကြပ်မှုဖြင့် ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း မြို့နယ်အဆင့် စာရင်းစစ်၊ စာရင်းကောက်များသည် အောက်တိုဘာ ၁ ရက်မှစတင်၍ ရပ်ကွက်နှင့် ကျေးရွာများတွင် ကောက်ယူလျက်ရှိသည်။

လယ်ဝေးမြို့နယ်အတွင်း တပ်ရင်းတပ်ဖွဲ့များအပါအဝင် ကောက် ကွက် ၆၇၁ ကွက်၊ စာရင်းစစ် စာရင်းကောက် ၂၈၉ ဦးတို့ဖြင့် ကောက်ယူ လျက်ရှိပြီး ယနေ့အိမ်ထောင်စု ၄၃၅၉ စု၊ လူဦးရေ ၁၆၉၆၈ ဦး ကောက်ယူ ပြီးစီးကြောင်း မြို့နယ်ဦးစီးမှူးရုံးမှ သိရသည်။

ဝေကြည်(ပြန်/ဆက်)



# မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်

နေပြည်တော် အောက်တိုဘာ ၇

နေပြည်တော်နှင့် ချင်းပြည်နယ်တို့တွင် နေရာအနှံ့အပြား၊ စစ်ကိုင်း တိုင်းဒေသကြီးအထက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသ ကြီးနှင့် ပဲခူးတိုင်းဒေသကြီးတို့တွင် နေရာစိပ်စိပ်၊ တနင်္သာရီတိုင်းဒေသ ကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်(မြောက်ပိုင်းနှင့် တောင်ပိုင်း)နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကျဲကျဲနှင့် ကျန်တိုင်းဒေသကြီးနှင့်ပြည်နယ် တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာပြီး နေပြည်တော်နှင့် မကွေး တိုင်းဒေသကြီးတို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်း ပြည့်ဖြစ်ပါသည်။

မိုး/ဇလ

✪ စာမျက်နှာ ၁၀ မှ

**အချိန်အသုံးချမှု**

နောက်တစ်ချက်ကတော့ အချိန်ကို တန်ဖိုး ရှိအောင်အသုံးချခြင်းက အရေးပါလှပါတယ်။ သဘာဝတရားကြီးက အချိန်ဆိုတာ လူတိုင်းကို တန်းတူညီမျှ ပေးထားပါတယ်။ အချိန်ကို အကျိုးရှိ အောင် အသုံးချနိုင်သူတွေဟာ တိုးတက်အောင်မြင် မှုတွေပိုင်ဆိုင်ကြသလို အချိန်ဖြုန်းသူတွေကတော့ တိုးတက်အောင်မြင်မှုတွေ လက်လွတ်ဆုံးရှုံးရတတ် ပါတယ်။ အချိန်ဆိုတာ မနက်တွေ၊ နေ့တွေ၊ ညတွေ၊ နွေ၊ မိုး၊ ဆောင်းဆိုတာတွေကိုသာ ဆိုလိုခြင်းမဟုတ် ပါ။ နေ့စဉ် မနက်မိုးလင်းချိန်မှ ညမိုးချုပ်တဲ့ကာလ အထိ အပိုင်းအခြားကို ဆိုလိုတာဖြစ်ပါတယ်။ ပျင်းရိ ခြင်း ခြောက်မျိုးဆိုတဲ့ ပူသေးတယ်၊ အေးသေးတယ်၊ စောသေးတယ်၊ မိုးချုပ်သွားပြီ၊ ဆာလောင်နေသေး တယ်၊ ဝမ်းဝနေသေးတယ်ဆိုတဲ့ သူတွေဟာ တိုးတက်အောင်မြင်မှုနဲ့ အလှမ်းဝေးနေမှာဖြစ်ပါ တယ်။ ကုန်ဆုံးသွားတဲ့အချိန်ဟာ ပြန်လည်မရရှိနိုင် တော့တဲ့အတွက် အချိန်ကိုတန်ဖိုးရှိရှိ အသုံးချတတ် ဖို့လိုပါတယ်။ အချိန်ဆွဲအလုပ်လုပ်တာ၊ အချိန်ကို ဖြုန်းတာတွေကို မလုပ်မိအောင် အမြဲသတိမူ လုပ်ဆောင်နေရမှာဖြစ်ပါတယ်။

ဒီအချက်တွေက လူ့ဘောင်ဘဝကြီး တိုးတက် အောင်မြင်ဖို့ လုံးဝမပြီးပြည့်စုံသေးပါ။ လုပ်သင့်တဲ့ အကြောင်းအရာအချို့ကို အကြံပြုခြင်းသာဖြစ်ပါ တယ်။ တစ်ဦးချင်းစီကို တိုးတက်အောင်မြင်မှုတွေ ပိုင်ဆိုင်စေချင်ပါတယ်။ တိုးတက်အောင်မြင်သူတွေ များပြားလာရင် တိုးတက်အောင်မြင်တဲ့ လူ့အဖွဲ့ အစည်းကြီးဖြစ်လိမ့်မယ်လို့ ယုံကြည်မိပါတယ်။ ။

**ကိုးကား။ ။ ဗုဒ္ဓဘာသာကောင်း တစ်ယောက်၊ သာသနာတော် ထွန်းကားပြန့်ပွားရေးဦးစီးဌာန**

# သီတင်းကျွတ်ရုံးပိတ်ရက် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေသို့လာရောက်ရင်း ခရီးတစ်ထောက် ပလင်းကမ်းသာယာဆင်စခန်းသို့ ဝင်ရောက်နားနေလေ့လာနိုင်

ညောင်ဦး အောက်တိုဘာ ၇

သီတင်းကျွတ်ရုံးပိတ်ရက်၊ ကျောင်းပိတ်ရက်များတွင် မြန်မာပြည်အရပ်ရပ်မှ လေ့လာရေးဘုရားဖူး လာရောက်ကြမည့် ဘုရားဖူးများ ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေအတွင်း လေ့လာရေးဘုရားဖူး လာရောက်ရင်း ညောင်ဦးမြို့နှင့် ငါးမိုင်ခန့်ကွာဝေးသည့် ညောင်ဦး-ပခုက္ကူ-မြင်းခြံကားလမ်းမကြီးဘေး အနောက်ပုလင်းကျေးရွာအနီး ဧရာဝတီမြစ်ကမ်းဘေးတွင် ဖွင့်လှစ်ထားရှိသည့် ပလင်းကမ်းသာယာဆင်စခန်းသို့ ခရီးတစ်ထောက်ဝင်ရောက်နားနေပြီး ဆင်စခန်းဝင်းအတွင်း ဝင်ရောက်လေ့လာနိုင်ကြောင်း သိရသည်။



သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန မြန်မာ့သစ်လုပ်ငန်းက ဖွင့်လှစ်ထားရှိသည့် ပလင်းကမ်းသာယာဆင်စခန်းတွင် စွယ်စုံဆင်ထီး နှစ်ကောင်၊ ဆင်မလေးကောင်ထားရှိပြီး ဆင်စခန်းမှ သတ်မှတ်ထားချိန်များတွင် ဧရာဝတီမြစ်ကမ်းဘေးတစ်လျှောက် ဆင်များစီး၍ ဧရာဝတီမြစ်အလှကို သဘာဝကျကျခံစားကြည့်ရှုနိုင်ပြီး ဆင်များအား ဆင်စာဘူဖေးကျွေးမွေးနိုင်ခြင်း၊ ဆင်စာတစ်ဗန်းခြင်းဝယ်ယူ၍ ကျွေးမွေးနိုင်ခြင်း၊ ဆင်စခန်းမှရောင်းချသော သန့်ရှင်းလတ်ဆတ်သည့် တရုတ်အစားအစာ၊ ဗမာအစားအစာနှင့် အသုပ်အမျိုးမျိုး၊ အချိုရည်အမျိုးမျိုးနှင့် သဘာဝကော်ဖီကြိုက်နှစ်သက်သူများ ကော်ဖီမှာယူကာ မြစ်ကမ်းဘေးတွင် ဆောက်လုပ်ထားသည့် ခြေတံရှည်ထန်းရွက်မိုးတဲများပေါ်မှ စိတ်အေးချမ်းသာစွာ အနားယူမှာယူစားသောက်နိုင်ကြောင်း သိရသည်။

ဆင်စခန်းဝင်းအတွင်း ဆင်များလေ့လာလိုသူ ဆင်ချစ်သူများ အဆင်ပြေစေရန် ဓာတ်ပုံရိုက်ကူးနိုင်သည့် နေရာများကိုလည်း ဖန်တီးပေးထားကြောင်း လေညင်းခံရှုမျှော်ခင်းတံတားပေါ်တွင် အလှဓာတ်ပုံ/ဗီဒီယိုရိုက်ကူးနိုင်ရန် ငှက်တောင်ပံပုံ၊ TV ပုံ၊ အသဲပုံများ ဖန်တီးပေးထားခြင်းနှင့် ဧရာဝတီမြစ်ကမ်းစပ်ဘောတွဲများပေါ်နှင့် မြစ်ကမ်းဘေးတို့တွင် အလှဓာတ်ပုံရိုက်ကူးနိုင်ခြင်း၊ ဆင်များနှင့်အတူ ဓာတ်ပုံ၊ ဗီဒီယိုရိုက်ကူးနိုင်ခြင်း၊ ဆင်စခန်းဝင်းအတွင်းရှိ ကလေးဥယျာဉ်တွင် ကလေးငယ်များ ဆော့ကစားနိုင်ရန် ဆီးဆော၊ လျှောစင်၊ ဒန်း၊ ရဟတ်တို့ ဖန်တီးပေးထားခြင်းများဖြင့် ကလေးကစားကွင်းဥယျာဉ်ကိုလည်း သစ်ပင်၊ ပန်းအလှပင်တို့ဖြင့် ဖန်တီးပေးထားကြောင်း ပလင်းကမ်းသာယာဆင်စခန်း တာဝန်ရှိသူများထံမှ သိရသည်။

ပလင်းကမ်းသာယာဆင်စခန်း ဝင်ကြေးအဖြစ် ပြည်ပနိုင်ငံသားတစ်ဦး ကျပ် ၁၀၀၀၀ ၊ ပြည်တွင်းတစ်ဦး ကျပ် ၁၀၀၀ နှင့် ကလေး၊ ရဟန်း၊ သီလရှင် ဆရာကြီး/ဆရာလေးများအား ဆင်စခန်းဝင်ကြေးကင်းလွတ်ခွင့်ပြုထားကာဆင်စီးခအဖြစ် ပြည်တွင်းဧည့်သည်တစ်ဦး ကျပ် ၅၀၀၀၊ ပြည်ပနိုင်ငံသားတစ်ဦး ကျပ် ၁၀၀၀၀ နှင့် ရှစ်နှစ်အောက် ကလေးငယ်များ မိဘနှင့်အတူ အခမဲ့ဆင်စီးနိုင်ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

# မြန်မာနိုင်ငံဂေါက်ကွင်းများတွင် ကမ္ဘာသုံးအချက်ရေအကျောပေးစနစ် အသုံးပြုနိုင်ရေး Course Rating တိုင်းတာပြီးစီးမှုအစီရင်ခံစာ လွှဲပြောင်းပေးအပ်ပွဲ ကျင်းပ

နေပြည်တော် အောက်တိုဘာ ၇

မြန်မာနိုင်ငံ ဂေါက်သီး အားကစား အဖွဲ့ချုပ်က ဂေါက်ကွင်းများတွင် (World Handicap System) ခေါ် ကမ္ဘာသုံးအချက်ရေ အကျောပေးစနစ်ကို မြန်မာနိုင်ငံအတွင်းရှိ ဂေါက်သီး အားကစားကွင်းများတွင် အသုံးပြုနိုင်ရေးအတွက် နေပြည်တော်အတွင်းရှိ City Golf Club နှင့် Royal Myanmar Golf Club တို့၌ Course Rating တိုင်းတာပြီးစီးမှု အစီရင်ခံစာ လွှဲပြောင်းပေးအပ်ပွဲကို ယနေ့ နံနက် ၉ နာရီတွင် နေပြည်တော် (Royal Myanmar Golf Club) ၌ ကျင်းပသည်။



အခမ်းအနားတွင် မြန်မာနိုင်ငံ ဂေါက်သီး အားကစားအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ အချက်ရေအကျောပေးဆပ်ကော်မတီ ဥက္ကဋ္ဌ ဦးဇာနည်ဝင်းက Course Rating ဆိုင်ရာ တိုင်းတာခဲ့သည့် အချက်အလက်များနှင့် ပတ်သက်၍ တက်ရောက် လာကြသော ကော်မတီအဖွဲ့ဝင်များ၊ City Golf Club နှင့် Royal Myanmar Golf Club တို့မှ တာဝန်ရှိသူများ၊ ဂေါက်သီးကွင်း အသီးသီးမှ တာဝန်ရှိသူများအား ရှင်းလင်းပြောကြားသည်။

ထို့နောက် City Golf Club နှင့် Royal Myanmar Golf Club တို့မှ တာဝန်ရှိသူများက ကျေးဇူးတင်စကား ပြန်လည်ပြောကြားပြီး မြန်မာနိုင်ငံ ဂေါက်သီးအားကစားအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌက Course Rating အစီရင်ခံစာကို Royal Myanmar Golf Club နှင့် City Golf Club တို့မှ တာဝန်ရှိသူများထံ လွှဲပြောင်းပေးအပ်သည်။

၂၀၂၄ ခုနှစ် ဒီဇင်ဘာလတွင် ကျင်းပမည့် အမျိုးသားအားကစားပွဲတော်တွင် ဂေါက်သီးအားကစားနည်းကိုလည်း ပါဝင်ထည့်သွင်း ယှဉ်ပြိုင်ကြမည်ဖြစ်ရာ ဂေါက်သီး အားကစားကွင်းများ အလိုက် ဂေါက်သီးကစားနည်းများ စနစ်တကျကျင်းပနိုင်ရေး ထိုသို့ စီစဉ်ဆောင်ရွက်ခြင်း ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

## စာပေဗိမာန်စာအုပ်အသင်း စာအုပ်ဖြန့်ချီ

နေပြည်တော် အောက်တိုဘာ ၇

ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်စာအုပ်အသင်းက စာပေဗိမာန်စာမူဆု၊ လူငယ်စာပေ၊ ဒုတိယဆုရ **"နိုက်"** ရေးသားသည့် **"ပေးချင်တဲ့အမွေနှင့် အခြားစာစုများ"** စာအုပ်ကို ၂၀၂၄ ခုနှစ် အောက်တိုဘာလ အသင်းပေးစာအုပ်အဖြစ် စာအုပ်အသင်းဝင်များထံသို့ ဖြန့်ချိလျက်ရှိသည်။ ရန်ကုန်မြို့ရှိ စာအုပ်အသင်းဝင်များသည် အမှတ် (၅၂၉/၅၃၁) ကုန်သည်လမ်းရှိ စာပေဗိမာန်စာအုပ်အသင်းတွင် လာရောက်ထုတ်ယူနိုင်ပြီး ကျန်အသင်းဝင်များသို့ စာတိုက်မှတစ်ဆင့် ပေးပို့လျက်ရှိသည်။

စာပေဗိမာန်စာအုပ်အသင်းဝင်လိုပါက အတွင်းရေးမှူး၊ စာပေဗိမာန်စာအုပ်အသင်းအမှတ် (၅၂၉/ ၅၃၁)ကုန်သည်လမ်း ရန်ကုန်မြို့ ဖုန်း-၀၁-၂၄၉၀၃၁၊ ၃၈၁၄၄၈ သို့လိပ်မူ၍ ဆက်သွယ်နိုင်ကြောင်း သိရသည်။

သတင်းစဉ်

**ပြင်ပအလင်းရောင်ကို အသုံးချပါ၊ မလိုအပ်သော အိမ်တွင်းလျှပ်စစ်မီးများကို လျှော့သုံးပါ**

## အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်းများမှ ကျောင်းအခြေပြုသင်တန်း ဖွင့်လှစ်ရန် သင်တန်းသားခေါ်ယူခြင်း

နေပြည်တော်၊ အောက်တိုဘာလ (၇)ရက်

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာနသည် ရန်ကုန်၊ မန္တလေး၊ မော်လမြိုင်၊ ပုသိမ်၊ တောင်ငူ၊ မြစ်ကြီးနား၊ ဖျာပုံ၊ စစ်တွေ၊ ရှောင်နှင့် ထားဝယ်မြို့တို့တွင် အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်းများအား ဖွင့်လှစ်ထားရှိကာ စက်ချုပ်သင်တန်းများ (မိန်းမဝတ်၊ ကလေးဝတ်၊ ကျားရုပ်၊ တိုက်ပုံ၊ ကုတ်အင်္ကျီ)၊ လက်မှုသင်တန်း၊ မုန့်မျိုးစုံပြုလုပ်နည်းသင်တန်း၊ အစားအစာချက်ပြုတ်နည်းသင်တန်းနှင့် ပန်းအလှပြင်သင်တန်း စသည့်သင်တန်းများကို ဘဏ္ဍာရေးနှစ်တစ်နှစ်လျှင် သင်တန်းအပတ်စဉ် ရှစ်ခု၊ အပတ်စဉ် တစ်ခုလျှင် ခြောက်ပတ်ကြာ သင်ကြားပေးလျက်ရှိသည့်အပြင် ရန်ကုန်၊ မန္တလေး၊ မော်လမြိုင်၊ ပုသိမ် ကျောင်းများ၌ စနေ၊ တနင်္ဂနွေနေ့များတွင်လည်း အထူးသင်တန်းများအား ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်။

အဆိုပါ အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်းများ၌ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ပဉ္စမအကြိမ်မြောက် ကျောင်းအခြေပြုသင်တန်းအား ၁၄.၁၀.၂၀၂၄ ရက်မှ ၂၂.၁၁.၂၀၂၄ ရက်အထိ ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်ရာ တက်ရောက်လိုသော သင်တန်းသား(အမျိုးသမီး/အမျိုးသား)များအနေဖြင့် သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်များရှိ အောက်ပါအိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်းများသို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်း၍ တက်ရောက်နိုင်ကြောင်း အသိပေးဖော်ပြအပ်ပါသည်-

- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း(ရန်ကုန်)**
  အမှတ်-၁၃၅၊ ဓမ္မစေတီလမ်း၊ ဗဟန်းမြို့နယ်၊ ဖုန်း- ၀၉-၄၂၇၉၀၀၀၄၆
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း(မန္တလေး)**
  အမှတ်-၁၆၉၊ ၈၃လမ်း၊ ၂၅ x၂၆လမ်းကြား၊ အောင်မြေသာစံမြို့နယ်၊
  စစ်ကိုင်းတန်းရပ်၊ မန္တလေးမြို့ ၊ ဖုန်း- ၀၂-၄၀၃၆၇၉၈
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း(မော်လမြိုင်)**
  ရွှေတောင်ရပ်၊ အထက်လမ်းမကြီးဘေး၊ မော်လမြိုင်မြို့၊ ဖုန်း- ၀၅၇-၂၀၂၇၁၆၆
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း(တောင်ငူ)**
  အမှတ်(၁၈)ရပ်ကွက်၊စည်သူလမ်း၊ဘူတာအနီး၊တောင်ငူမြို့၊ ဖုန်း-၀၅၄-၂၈၂၃၅၇၁
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း(မြစ်ကြီးနား)**
  အမှတ်(၉၂)၊ ရှမ်းစုမြောက်ရပ်ကွက်၊ မြစ်ကြီးနားမြို့၊ ဖုန်း- ၀၇၄-၂၅၂၂၅၅၈
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း(ဖျာပုံ)**
  ကျုံကူကျေးရွာ၊ ဖျာပုံ-ဘိုကလေး ကားလမ်းဘေး၊ဖျာပုံမြို့၊ဖုန်း- ၀၉-၂၆၂၇၅၇၈၉၉
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း(ပုသိမ်)**
  အမှတ်-၂ရပ်ကွက်၊ မင်းကြီးလမ်း၊ ပုသိမ်မြို့၊ ဖုန်း - ၀၄၂- ၂၅၃၇၃၊ ၀၄၂-၂၁၀၃၇
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း(စစ်တွေ)**
  မေယုလမ်း(လေယာဉ်ကွင်းအနီး)၊ မန်ကျည်းမြိုင်ရပ်ကွက်၊ စစ်တွေမြို့၊ ဖုန်း- ၀၄၃- ၂၂၀၆၇
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း(ရှောင်)**
  အမှတ်-၈၂ ၊ အင်းကုန်းငါးဆူကျေးရွာအုပ်စု၊ အင်းကုန်းကျေးရွာ၊
  ရှမ်းပြည်နယ်(တောင်ပိုင်း) ၊ ရှောင်မြို့၊ ဖုန်း- ၀၈၁-၄၇၆၈၀၁၅
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း(ထားဝယ်)**
  အကွက်အမှတ်(၂၄)၊ ဆန်ချီတိုးချဲ့အနောက်ကွင်း၊ ထားဝယ်မြို့၊
  တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့၊ ဖုန်း- ၀၅၉-၂၀၂၄၀၀၉

လူမှုဝန်ထမ်းဦးစီးဌာန

# အမေရိကန်သိပ္ပံပညာရှင်နှစ်ဦး ဆေးပညာဆိုင်ရာ နိုဘယ်ဆု ချီးမြှင့်ခံရ

ဝါရှင်တန် အောက်တိုဘာ ၇

အမေရိကန်သိပ္ပံပညာရှင် နှစ်ဦးသည် မျိုးရိုးဗီဇထိန်းညှိမှုတွင် အရေးပါသော အခန်းကဏ္ဍမှပါဝင်သည့် microRNA မော်လီကျူးများကို ရှာဖွေတွေ့ရှိမှုအတွက် ယခုနှစ် ဆေးပညာဆိုင်ရာ နိုဘယ်ဆု ချီးမြှင့်ခဲ့သည်။

မက်ဆာချူးဆက် ဆေးကျောင်းမှ ပါမောက္ခ ဗစ်တာအမ်းဘရော့စ်နှင့် ဟားဗက်ဆေးကျောင်းမှ ပါမောက္ခ ဂယ်ရီရုဗ်ကွန်တို့သည် ပူးတွဲဆုရရှိသူများ ဖြစ်ကြောင်း ဆွီဒင်နိုင်ငံ စတော့ဟုမ်းမြို့၌ အောက်တိုဘာ ၇ ရက်တွင် ကျင်းပသည့် နိုဘယ်ညီလာခံတွင် ကြေညာခဲ့သည်။

microRNA မော်လီကျူးများသည် မျိုးရိုးဗီဇလုပ်ဆောင်မှုများကို ထိန်းညှိပေးကြောင်း အဆိုပါသိပ္ပံပညာရှင်နှစ်ဦးက တွေ့ရှိခဲ့သည်။ ၎င်းတို့၏ သုတေသနပြုချက်တွင် microRNA သည် လူသားများ၏မျိုးရိုးဗီဇ ထိန်းညှိမှုတွင် အရေးပါသော အခန်းကဏ္ဍမှ ပါဝင်ကြောင်း ရှာဖွေတွေ့ရှိခဲ့သည်။

နောက်ဆက်တွဲ သုတေသနပြုချက်များအရ microRNA မှ ပုံမှန်မဟုတ်သော ထိန်းညှိမှုသည် ကင်ဆာဖြစ်စေနိုင်ပြီး ကိုယ်တွင်းအင်္ဂါများနှင့် အရိုးများဖွံ့ဖြိုးမှုတွင် မူမမှန်မှုများကို ဖြစ်စေနိုင်ကြောင်း တွေ့ရှိခဲ့သည်။

၎င်းတို့နှစ်ဦး၏ ရှာဖွေတွေ့ရှိမှုသည် လူသားများအပါအဝင် သက်ရှိများအတွက် မရှိမဖြစ်လိုအပ်သော မျိုးဗီဇ စည်းမျဉ်းဆိုင်ရာ နိယာမအသစ်ကို ထုတ်ဖော်ပြသခဲ့ကြောင်း ညီလာခံက ပြောကြားခဲ့သည်။ microRNA သည် သက်ရှိများ ဖွံ့ဖြိုးပုံနှင့် လုပ်ဆောင်ပုံအတွက် အခြေခံအားဖြင့် အရေးကြီးကြောင်း သက်သေပြနေသည်ဟုလည်း ညီလာခံက ဆိုသည်။

ကိုးကား – အင်န်အိတ်ချ်ကေ

ဘာသာပြန် – အလင်းသစ်




# ဗီယက်နမ်နိုင်ငံသို့ ကိုးလအတွင်း နိုင်ငံတကာခရီးသွား ၁၂ ဒသမ ၇ သန်း လာရောက်

ဟနွိုင်း အောက်တိုဘာ ၇

ဗီယက်နမ်နိုင်ငံသို့ ၂၀၂၄ ခုနှစ် ပထမကိုးလအတွင်း နိုင်ငံတကာခရီးသွား ၁၂ ဒသမ ၇ သန်းကျော် လာရောက်ခဲ့ပြီး တစ်နှစ်ထက်တစ်နှစ် ၄၃ ရာခိုင်နှုန်း တိုးလာကြောင်း ဗီယက်နမ်နိုင်ငံ အထွေထွေစာရင်းအင်းရုံးမှ သတင်းထုတ်ပြန်သည်။



ယင်းကာလအတွင်း ဗီယက်နမ်နိုင်ငံသို့ ပြည်ပမှလေကြောင်းဖြင့် ဝင်ရောက်မှုမှာ ၁၀ ဒသမ ၈ သန်းရှိခြင်းကြောင့် စုစုပေါင်းခရီးသွားဝင်ရောက်မှု၏ ၈၄ ဒသမ ၉ ရာခိုင်နှုန်းရှိပြီး ကုန်းလမ်းဖြင့် ဝင်ရောက်မှုမှာ ၁ ဒသမ ၈ သန်း(၁၃ ဒသမ ၈ ရာခိုင်နှုန်း)နှင့် ပင်လယ်ရေကြောင်းမှ ဝင်ရောက်မှုမှာ ၁၆၅၇၀၀ (၃ ရာခိုင်နှုန်း)ရှိကြောင်း သိရသည်။

အာရှဒေသမှ လာရောက်သူအရေအတွက်မှာ ၁၀ ဒသမ ၁၂ သန်းရှိပြီး တစ်နှစ်ထက်တစ်နှစ် ၄၇ ဒသမ ၇ ရာခိုင်နှုန်း တိုးလာကြောင်း ဗီယက်နမ်နိုင်ငံ အထွေထွေစာရင်းအင်းရုံးက ဆိုသည်။

စက်တင်ဘာလ တစ်လတည်းတွင် ဗီယက်နမ်နိုင်ငံသို့ နိုင်ငံတကာခရီးသွား ၁ ဒသမ ၂၇ သန်း လာရောက်ခဲ့ကြောင်း အဆိုပါရုံးက ပြောကြားသည်။

ဗီယက်နမ်နိုင်ငံသည် ယခုနှစ်တွင် နိုင်ငံတကာခရီးသွား ၁၇ သန်းမှ ၁၈ သန်းအထိ ဆွဲဆောင်နိုင်ရန် ရည်ရွယ်ထားကြောင်း ဗီယက်နမ်နိုင်ငံ အမျိုးသားခရီးသွားလုပ်ငန်း စီမံကွပ်ကဲမှုဌာန လက်ထောက်ညွှန်ကြားရေးမှူး ငုယင်လီဖူ၏ ပြောကြားချက်ကို ကိုးကား၍ ဗီယက်နမ်သတင်းဌာနက အောက်တိုဘာ ၇ ရက်တွင် ဖော်ပြထားသည်။

ကိုးကား – ဆင်ဟွာ၊ ဘာသာပြန် – အလင်းသစ်

# အီရန်၏ တိုက်ခိုက်မှုများအား ပြန်လည်တုံ့ပြန်မည်ဟု အစ္စရေး ပြောကြား

ဂျေရုဆလင် အောက်တိုဘာ ၇

အီရန်၏ မကြာသေးမီက ဒုံးကျည်များဖြင့် တိုက်ခိုက်မှုအား ပြန်လည်တုံ့ပြန်တိုက်ခိုက်မည်ဟု အစ္စရေးတပ်မတော်က ပြောကြားသည်။

ဒုံးကျည် အစင်းရေ ၂၀၀ ခန့်သည် အစ္စရေးနိုင်ငံအတွင်းရှိ ဒေသများကို ထိမှန်ခဲ့သည်။

## ပြန်လည်ပေးဆပ်ရမည်

၎င်းတိုက်ခိုက်မှုများအတွင်း အစ္စရေးတပ်ဖွဲ့၏ အခြေခံအဆောက်အအုံနှင့် လေတပ်စခန်းများထိခိုက်ခဲ့ကြောင်းနှင့် ၎င်းတိုက်ခိုက်မှုများအတွက် အီရန်က ပြန်လည်ပေးဆပ်ရမည်ဟု အစ္စရေးက ထပ်လောင်းပြောကြားသည်။

အစ္စရေးတပ်မတော်က အီရန်အား ပြန်လည်တုံ့ပြန်တိုက်ခိုက်မည့်အစီအစဉ်ကို သေချာစွာစီစဉ်ဆောင်ရွက်မည်ဟု မှတ်ချက်ပြုပြောကြားသည်။ နိုင်ငံ၏လုံခြုံရေးကို ထိန်းသိမ်းစောင့်ရှောက်ရန် အရေးကြီးကြောင်း အစ္စရေးတပ်မတော်က ပြောကြားသည်။

ကိုးကား – ဆင်ဟွာ

ဘာသာပြန် – စိုးသူရ

# ထိုင်းနိုင်ငံမြောက်ပိုင်း ချင်းမိုင်တွင် ရေကြီးရေလျှံမှုဖြစ်ပွား

ဗန်ကောက် အောက်တိုဘာ ၇

ထိုင်းနိုင်ငံမြောက်ပိုင်း ချင်းမိုင်တွင် ရေကြီးရေလျှံမှုဖြစ်ပွား၍ သုံးဦးသေဆုံးခဲ့ကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

ထို့ပြင် ဆင်နှစ်ကောင် ရေထဲမျောပါ၍ သေဆုံးသွားကြောင်း သိရသည်။

သက်ကြီးရွယ်အိုများနှင့် ကလေးများအတွက် အစားအသောက်များလိုအပ်နေပြီး နေရာရွှေ့ပြောင်းပေးရန်လည်း လိုအပ်နေကြောင်း သိရသည်။ လက်ရှိအချိန်တွင် ဒေသခံ ၈၀ ကျော်သည် ခိုလှုံရေးစင်တာများတွင် ရွှေ့ပြောင်းနေထိုင်ခဲ့ရသည်။

သေဆုံးသူများအနက် အမျိုးသား တစ်ဦးမှာ ဓာတ်လိုက်၍ သေဆုံးခြင်းဖြစ်ပြီး ကျန်သူများမှာ ရေကြီးရေလျှံမှုနှင့် မြေပြိုမှုကြောင့် သေဆုံးခဲ့ခြင်းဖြစ်သည်။ ထိုင်းနိုင်ငံသည် ရာဂီမုန်တိုင်းဝင်ရောက်တိုက်ခတ်ချိန်မှစတင်၍ ရေကြီးရေလျှံမှုများနှင့် ကြုံတွေ့ခဲ့ရပြီး နှစ် ၈၀ အတွင်း အဆိုးရွားဆုံးသော ရေဘေးလည်း ဖြစ်လာခဲ့သည်။

ကိုးကား – စီအင်န်အေ

ဘာသာပြန် – စိုးသူရ





# အစ္စရေးနိုင်ငံမြောက်ပိုင်း ဟိုင်ဖာမြို့အား ဟစ်ဇ်ဘိုလာအဖွဲ့ တိုက်ခိုက်

ဂျေရုဆလင် အောက်တိုဘာ ၇

ဟစ်ဇ်ဘိုလာအဖွဲ့သည် အစ္စရေးနိုင်ငံမြောက်ပိုင်း ဟိုင်ဖာမြို့ကို ဒုံးကျည်အမြောက်အမြားဖြင့် အောက်တိုဘာ ၇ ရက်က တိုက်ခိုက်ခဲ့ကြောင်း သိရသည်။

ဂါဇာကမ်းမြောင်ရှိ မြို့၊ ရွာများနှင့် အရပ်သားများအား အစ္စရေးတို့၏ ကျူးကျော်မှုကို တုံ့ပြန်သည့်အနေဖြင့် ဟစ်ဇ်ဘိုလာ တိုက်ခိုက်ရေးသမားများက ဟိုင်ဖာမြို့မြောက်ဘက်အား ဒုံးကျည်များဖြင့် တိုက်ခိုက်ခဲ့သည်ဟု ဟစ်ဇ်ဘိုလာအဖွဲ့က ထပ်လောင်းပြောကြားသည်။

အစ္စရေးသည် အောက်တိုဘာ ၇ ရက်တွင် လက်ဘနွန်တောင်ပိုင်းရှိဒေသများတွင် လေကြောင်းတိုက်ခိုက်မှု ၃၀ ပြုလုပ်ခဲ့ကြောင်း လက်ဘနွန်တပ်မတော် သတင်းရင်းမြစ်များက ဆင်ဟွာသို့ ပြောကြားခဲ့သည်။

လက်ဘနွန်နိုင်ငံတောင်ပိုင်းရှိ ဆရီဖာမြို့တွင် လူနေအိမ်တစ်လုံးအား အစ္စရေးတပ်မတော်က လေကြောင်းမှ တိုက်ခိုက်ခဲ့ရာ လေးဦးသေဆုံးကြောင်း သိရသည်။

ကိုးကား – ဆင်ဟွာ

ဘာသာပြန် – စိုးသူရ

# တရုတ်ယောကျ်ားနှင့် လက်ထပ်ရန်ပြောဆိုစည်းရုံးပြီး တရုတ်နိုင်ငံသို့ ပို့ဆောင်ရောင်းစားရန် စီစဉ်ခဲ့သူကို အလုပ်နှင့် ထောင်ဒဏ် ၁၅ နှစ် ချမှတ်

**နေပြည်တော် အောက်တိုဘာ ၇**

သာကေတမြို့နယ်မှ အမျိုးသမီးတစ်ဦးကို တရုတ်ယောကျ်ားနှင့် လက်ထပ်ရန် ပြောဆိုစည်းရုံးပြီး တရုတ်နိုင်ငံသို့ ပို့ဆောင်ရောင်းစားရန်စီစဉ်ခဲ့သည့် စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ်မှ စန္ဒာမျိုး(ခ)မလင်း ကို လူကုန်ကူးမှုဖြင့် အလုပ်နှင့်ထောင်ဒဏ် ၁၅ နှစ် ကျခံစေရန် တရားရုံးက အမိန့်ချမှတ်ခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

**ပို့ဆောင်ရောင်းစားရန်စီစဉ်**

ဖြစ်စဉ်မှာ စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ်နေ စန္ဒာမျိုး(ခ)မလင်းက ရန်ကုန်တိုင်းဒေသကြီး သာကေတမြို့နယ်နေ မ---၊ ၁၆/၂၀၂၄ နှစ်ကို တရုတ်ယောကျ်ားယူပါက တင်တောင်းငွေအဖြစ် ငွေကျပ်သိန်း ၁၀၀ ရရှိမည်ဖြစ်ကြောင်း၊ စာချုပ်ဖြင့်လက်မှတ်ထိုး ယူရမည်မဟုတ်ဘဲ တရုတ်နိုင်ငံတွင် တစ်နှစ်ကျော်ခန့် ပေါင်းသင်းနေထိုင် ပေးရမည်ဖြစ်ကြောင်း ပြောဆိုစည်းရုံးကာ တရုတ်နိုင်ငံသို့ ပို့ဆောင်ရောင်းစားရန် စီစဉ်ခဲ့သဖြင့် ချမ်းအေးသာစံမြို့နယ် အမှတ်(၈) မြို့မရဲစခန်းက (ပ) ၅၇/၂၀၂၄၊ လူကုန်ကူးမှု တားဆီးနှိမ်နင်းရေး ဥပဒေပုဒ်မ ၁၅/ ၄၄ ဖြင့် အမှုဖွင့်လှစ်ခဲ့ပြီး မဟာအောင်မြေ ခရိုင်တရားရုံးသို့ တရားစွဲတင်ပို့ခဲ့ရာ အောက်တိုဘာ ၄ ရက်တွင် တရားခံ စန္ဒာမျိုး(ခ) မလင်း ကို လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ဥပဒေပုဒ်မ ၁၅ အရ အလုပ်နှင့် ထောင်ဒဏ် ၁၅ နှစ် ကျခံစေရန် အမိန့်ချမှတ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# တရားမဝင် သစ်မျိုးစုံ၊ လုပ်ငန်းသုံးပစ္စည်းများ၊ မော်တော်ယာဉ်အပိုပစ္စည်းများ၊ ဆိုင်ကယ်အပိုပစ္စည်းများနှင့် လိုင်စင်မဲ့ယာဉ်များ သိမ်းဆည်းရမိ

နေပြည်တော် အောက်တိုဘာ ၇

တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင် ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ အောက်တိုဘာ ၆ ရက်တွင် နေပြည်တော်တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ လယ်ဝေးမြို့ တောင်စဉ်အေး ပူးပေါင်းစစ်ဆေးရေးဂိတ်၌ လိုင်စင်မဲ့ Toyota Caldina ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၀၀၀၀၀၀)ကို သိမ်းဆည်းရမိခဲ့ပြီး ပို့ကုန်၊ သွင်းကုန် ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အောက်တိုဘာ ၇ ရက်တွင် ကရင်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ သံလွင်တံတား ပူးပေါင်းစစ်ဆေးရေးဂိတ် (တရုတ်လှဘက်ခြမ်း)၌ ဘားအံမြို့မှ သထုံမြို့သို့ မောင်းနှင်လာသည့် ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် ယာဉ်အပိုပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၀၉၀၀၀)နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် I-Zone Light Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၈၀၀၀၀၀၀) (**စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၉၀၀၉၀၀၀**) ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ တနင်္သာရီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ကော့သောင်းမြို့ အဏ္ဏဝါရပ်ကွက်ရှိ ဓမ္မရုံကူးတို့ဆိပ်၌စုပုံထားသော အကောက်ခွန်မဲ့ ဆိုင်ကယ်အပိုပစ္စည်းလေးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၀၀၃၀၀၀)ကို အကောက်ခွန်လုပ်ထုံးလုပ်နည်းများအရလည်းကောင်း၊ ထားဝယ်မြို့ ကျောက်မော်ရပ်ကွက်၌ လိုင်စင်မဲ့ Suzuki Ciaz ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၀၀၀၀၀၀)ကို ပို့ကုန်၊ သွင်းကုန်ဥပဒေအရလည်းကောင်း **စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၃၀၀၃၀၀၀** ကို သိမ်းဆည်း အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲ မှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ စစ်ကိုင်းမြို့ ရတနာပုံတံတားပူးပေါင်းစစ်ဆေးရေးဂိတ်၌ လိုင်စင်မဲ့ Daihatisu Hijet ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၀၀၀၀၀၀)ကို သိမ်းဆည်းရမိခဲ့ပြီး ပို့ကုန်၊ သွင်းကုန် ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။




ပဲခူးတိုင်းဒေသကြီး၌ သိမ်းဆည်းရမိမှု။

ထို့အတူ ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ညောင်လေးပင်ခရိုင်နှင့် ပြည်ခရိုင်တို့အတွင်း၌ တရားမဝင်ကျွန်းသစ် သုည ဒသမ ၅၈၆ တန်၊ သစ်မာ ၅ ဒသမ ၃၉၀ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၉၉၈၄၆၉၂)ကို သစ်တောဥပဒေအရလည်းကောင်း၊ ညောင်ခါးရှည် X-Ray စက် စစ်ဆေးရေးဂိတ်၌ သာမညမှ ရန်ကုန်မြို့သို့ မောင်းနှင်လာသည့် ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းနှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၆၀၀၀၀၀)နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Nissan Diesel Tractor Head တစ်စီးနှင့် နောက်တွဲယာဉ်တစ်တွဲ (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၀၀၀၀၀၀၀)ကို အကောက်ခွန်လုပ်ထုံးလုပ်နည်းများအရ လည်းကောင်း **စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၈၀၅၈၄၆၉၂** ကို သိမ်းဆည်းအရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ အောက်တိုဘာ ၆ ရက်နှင့် ၇ ရက်တို့တွင် သိမ်းဆည်းရမိမှု စုစုပေါင်းမှာ အမှုတွဲ ကိုးမှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၅၅၉၆၆၉၂) ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီမှ သိရသည်။

**သတင်းစဉ်**

# ပြည်သူ့ကြားက ပြည်သူ့စကား အစီအစဉ် ထုတ်လွှင့်မည်

**နေပြည်တော် အောက်တိုဘာ ၇**

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက် စကားသံများအား သဇင် FM ၏ ပြည်သူ့ကြားက ပြည်သူ့စကား အစီအစဉ်မှ **"အစိုးရရဲ့ကမ်းလှမ်းမှုမှာ PDF တွေဘာဆက်လုပ်သင့်လဲ"**ခေါင်းစဉ်ဖြင့် အောက်တိုဘာ ၉ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည် ဖြစ်သည်။

လာမည့်အပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် **"တိုင်းပြည်တည်ငြိမ်မှာကို မလိုလားသူများက သန်းခေါင်စာရင်းကောက်ခံသူတွေကိုဒုက္ခပေးနေ"** ခေါင်းစဉ်ဖြင့် ဆွေးနွေး တင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူပရိသတ်များအနေဖြင့် အပတ်စဉ် ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၈၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီ ဖြစ်ကြောင်းနှင့် ပါဝင်လာသည့် ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များအား လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်းအသိပေးကြေညာထားကြောင်း သိရသည်။ **သတင်းစဉ်**

**နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၈-၁၀-၂၀၂၄ အင်္ဂါနေ့

### MRTV HD

- ၀၆:၀၀ အန္တရာယ်ကင်းပရိတ်တရားတော် (မေတ္တသုတ်၊ ရတနသုတ်၊ ခေမျှင်သုတ်)
- ၀၇:၀၀ နံနက်ခင်းသတင်း
- ၀၈:၄၀ သဘာဝဘေးဒဏ်ကြုံကြုံခံ ရင်ဆိုင်ကျော်လွှားမှုနှင့်အတူပြန်လည်ထူထောင်ရေးမှာတက်ညီလက်ညီ ဝိုင်းဝန်းကူညီဆောင်ရွက်ကြပါစို့
- ၀၉:၁၅ ထူးခြားစုံလင်အာရှပစိဖိတ်အစီအစဉ်
- ၀၉:၄၀ Sports Diary
- ၁၀:၃၀ လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းတေး
- ၁၃:၃၀ MRTV National News
- ၁၄:၄၀ မျိုးဆက်တင့်စေဆိုကရေးတီးအမွေ
- ၁၅:၀၀ Weekly MNL Review
- ၁၆:၄၅ (၂၅)ကြိမ်မြောက်ငွေရတုအထိမ်းအမှတ်မြန်မာရိုးရာယဉ်ကျေးမှုအဆို၊အက၊အရေး၊ အတီးပြိုင်ပွဲဇာတ်သဘင်ပြိုင်ပွဲ အကဲဖြတ်လုပ်ငန်းအဖွဲ့စကားဝိုင်းဆွေးနွေးပွဲ
- ၁၇:၁၅ ကမ္ဘာတစ်လွှားအနုပညာသတင်းများ
- ၁၇:၄၀ ကျန်းမာသောဘဝနှင့်လှပသောအနာဂတ်
- ၁၈:၃၅ ပြည်ချစ်သားမွန်တေးသဝဏ်
- ၁၉:၀၀ လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းတေး
- ၁၉:၁၅ နိုင်ငံခြားဇာတ်လမ်းတွဲ **'ချစ်သူအနားကချစ်လိပ်ပြာ'** (အပိုင်း-၁၇)
- ၂၀:၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
- ၂၁:၀၀ ပြည်ချစ်သားမွန်တေးသဝဏ်
- ၂၁:၂၅ နိုင်ငံခြားဇာတ်လမ်းတွဲ **'ယုံကြည်ရာလမ်း'** (အပိုင်း-၉)
- ၂၂:၁၀ မြန်မာဇာတ်လမ်းတွဲ **'အခမ်းနားဆုံးသစ်ဝင်'** (အပိုင်း-၁၉)

### mitv

- 07:01 Evergreen Classic: Te Ja Su Ne Ma (Tekkatho Lei Lei)
- 07:10 Alms Bowl
- 07:29 Myanmar Masterclass: Artist Zay Yar Aye
- 07:44 The Tasty Creator
- 08:01 News
- 08:26 Topics Potpourri; Croatia's Oldest Sewn Boat
- 08:31 Shwezigon Pagoda
- 09:01 Introductory Programme of Literary Award Winners (U Ye Dway)
- 09:25 Listening Pleasure, Instrumental Music (Mandolin) Daydreaming
- 09:35 Let's Taste Delicious Insects: Choice Mixed Insects and Lettuce Salad & Red Ant and Soy Bean Paste Curry
- 09:55 DCensus Enumeration for National Progress
- 10:01 News

### MRTV NRC

**ဝ (၀၆:၀၀ မှ ၀၈:၀၀)**
ဆွေညီနောင်များဘာသာစကားဖြင့်ချစ်ကြည်စေမည် (အပိုင်း-၈)

**ကချင် (၀၈:၀၀ မှ ၁၀:၀၀)**
လချိဒ်ရိုးရာဝတ်စုံဝတ်ဆင်ပုံ

**ကယား (၁၀:၀၀ မှ ၁၂:၀၀)**
စိတ်ဝင်စားစရာရိုးရာဓလေ့ထူးခြားချက်များ (ကယားတိုင်းရင်းသားများရဲ့နာမည်မှည့်ခေါ်ခြင်း)

**ဝကောကရင် (၁၂:၀၀ မှ ၁၃:၀၀)**
ကရင်ရိုးရာဝတ်စုံလက်ရက်ကန်းလုပ်ငန်း

**အနောက်ပိုးကရင် (၁၃:၀၀ မှ ၁၄:၀၀)**
ဒေသတစ်လွှားစိတ်ဝင်စားဖွယ်ရာများ(အပိုင်း-၁၄)

**အရှေ့ပိုးကရင် (၁၄:၀၀ မှ ၁၅:၀၀)**
မေမေလုပ်ကျွေးတဲ့ဟင်းထုပ်

**ချင်း(လိုင်ဇိုး) (၁၅:၀၀ မှ ၁၆:၀၀)**
သွေးချင်းတို့ရဲ့ဆုံဆည်းရာ(အပိုင်း-၁)

**ချင်း(ဇိုမီး) (၁၆:၀၀ မှ ၁၇:၀၀)**
သွေးချင်းတို့ရဲ့ဆုံဆည်းရာ(အပိုင်း-၂)

**မွန် (၁၇:၀၀ မှ ၁၉:၀၀)**
ရောင်စုံပန်းတို့ရဲ့ဒိုင်ယာရီ

**ရခိုင် (၁၉:၀၀ မှ ၂၁:၀၀)**
ရခိုင်ဘာသာစကားပြောကြရအောင်(အပိုင်း-၈)

**ရှမ်း (၂၁:၀၀ မှ ၂၃:၀၀)**
ထိန်းသိမ်းအစဉ်အလာတို့ဓလေ့ရိုးရာ (ရှေးခေတ်ရှမ်း၊ ရှမ်းကြီး၊ တိုင်းနောင်၊ တိုင်းလိုင်း)

### MRTV NEWS

- ၀၆:၀၀ အဖွင့်၊ တေးသီချင်း
- ၀၆:၄၀ အားကစားသတင်း
- ၀၉:၀၀ ပြည်တွင်းသတင်း(LIVE)
- ၀၉:၃၀ နိုင်ငံတကာသတင်း(LIVE)
- ၁၀:၄၅ အသိပညာနှင့်အမှန်တရား
- ၁၁:၀၀ ပြည်တွင်းသတင်း(LIVE)
- ၁၂:၃၀ နိုင်ငံတကာသတင်း(LIVE)
- ၁၄:၀၀ MRTV National News
- ၁၆:၀၀ သတင်းမှန်ကဏ္ဍ(LIVE)
- ၁၇:၃၀ နိုင်ငံတကာသတင်း(LIVE)
- ၁၉:၄၅ Save Our Planet Program
- ၂၀:၀၀ ပြည်တွင်းသတင်း(LIVE)
- ၂၀:၃၀ နိုင်ငံတကာသတင်း(LIVE)

### MRTV PARLIAMENT

- ၀၉:၀၀ အဖွင့်၊ အလံ
- ၀၉:၁၅ ပြည်သူ့စစ်မှုထမ်းဥပဒေ ကျင့်သုံးနေသော နိုင်ငံများအကြောင်း သိကောင်းစရာများ **'အစ္စရေးနိုင်ငံ'**
- ၀၉:၃၀ ဥပဒေရေးရာအပြာပြာဇာတ်လမ်းတို **'သူတစ်ပါးအယောင်ဆောင်ခြင်း'**
- ၁၀:၀၀ ပြည်သူ့စစ်မှုထမ်းဥပဒေ ကျင့်သုံးနေသော နိုင်ငံများအကြောင်း သိကောင်းစရာများ **'ဆွစ်ဇာလန်နိုင်ငံ'**
- ၁၁:၀၀ နိုင်ငံတကာရွေးကောက်ပွဲများအကြောင်း (အာဖရိကနိုင်ငံ)(အပိုင်း-၁)
- ၁၁:၃၀ ရှေ့သို့ချီမည်ပန်းတိုင်ဆီ (အပိုင်း-၄၀)

### MRTV FARMERS' / H TV Channel

- ၀၆:၀၀ အဖွင့်၊ နိုင်ငံတော်သီချင်း
- ၀၆:၁၀ လယ်ယာစီးပွားရေးလုပ်ငန်းရှင်အဖြစ်ကြိုးစားဖို့ စိုက်ပျိုးရေးသိပ္ပံကျောင်းကိုရွေးချယ်စို့
- ၀၇:၀၀ တောင်သူလယ်သမားရေးရာသတင်း
- ၁၈:၀၀ Gardeners' World - 2022 Episode 3
- ၁၉:၃၀ TIPS & TRICKS
- ၂၂:၀၀ ကျောက်သင်ပုန်းတွေမိုးထားတဲ့အိမ်

### MRTV SPORTS / H TV Sports

- ၀၆:၀၀ အဖွင့်
- ၀၆:၂၀ လူငယ်တို့အတွက်လမ်းပြကြယ်
- ၀၆:၄၅ Sports Diary
- ၁၇:၀၀ အားကစားသတင်း
- ၁၈:၀၀ E Sports

Scan Here

MRTV MRTV MRTV Radio MRTV Radio

Education Channel ကို နေ့စဉ် နံနက် (၉:၀၀)နာရီမှ တစ်ကြိမ်လျှင် (၄)နာရီ (၆)ကြိမ်နှုန်း ထုတ်လွှင့်ပြသလျက်ရှိပါသည်။

## ပုလောမြို့နယ် တောင်ယာကမ်းရွာကို လုံခြုံရေးတပ်ဖွဲ့ဝင်များက ဝင်ရောက်စီးနင်းပြီး ရွှေ၊ ငွေ အပါအဝင် အဖိုးတန်ပစ္စည်းများ၊ ဆိုင်ကယ်များကို လုယက်ကာ ဒေသခံပြည်သူများကို ဖမ်းဆီးခဲ့ကြောင်း သတင်းတု၊ သတင်းမှားများ လုပ်ကြံရေးသားဖြန့်ဝေ




**နေပြည်တော် အောက်တိုဘာ ၇**

တနင်္သာရီ တိုင်းဒေသကြီး ပုလောမြို့နယ် တောင်ယာကမ်းကျေးရွာကို အောက်တိုဘာ ၄ ရက်တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များက ဝင်ရောက်စီးနင်းပြီး ရွှေ၊ ငွေနှင့် ဆိုင်ကယ်များကို ခိုးယူလုယက်ကြောင်း၊ အမျိုးသမီးများ၊ ကလေးများနှင့် ရွာသားအများအပြားကိုလည်း ဖမ်းဆီးသွားကြောင်း ရွှေ ငွေ အပါအဝင် အဖိုးတန်ပစ္စည်းများ၊ ဆိုင်ကယ်များကို လုယက်ကာ ဒေသခံပြည်သူများကို ဖမ်းဆီးခဲ့ကြောင်း တရားမဝင် ပြည်ဖျက်မီဒီယာများက သတင်းတု၊ သတင်းမှားများဖြင့် မဟုတ်မမှန်စွပ်စွဲ ရေးသားဖြန့်ဝေနေသည်ကို တွေ့ရှိရသည်။

အဆိုပါ သတင်းများနှင့်ပတ်သက်၍ ၎င်းမြို့နယ်အတွင်း နယ်မြေလုံခြုံရေး ဆောင်ရွက်နေသောတာဝန်ရှိသူများ၏ပြောကြားချက်အရ လုံခြုံရေးတပ်ဖွဲ့များ အနေဖြင့် ပြည်သူလူထုအပေါ် အနိုင်ကျင့်နှိပ်စက်သည့် လုပ်ရပ်များ ပြုလုပ်ခြင်းမရှိကြောင်း၊ ၎င်းနယ်မြေများအတွင်း စစ်ရေးနှင့်မသက်ဆိုင်သည့် အရပ်သားပြည်သူများကို တိုက်ခိုက်ခြင်းများ ပြုလုပ်ခဲ့ခြင်း မရှိကြောင်း၊ တပ်မတော်နှင့် ပြည်သူအကြမ်းဖက်မှုနှိမ်နင်းရေး ပူးပေါင်းဆောင်ရွက်နေသည်ကို မနာလို၍ မရှုဆိတ်သည့် အကြမ်းဖက်သမားများနှင့် ၎င်းတို့၏လက်ဝေခံတရားမဝင် ပြည်ဖျက်မီဒီယာများ၏ စွပ်စွဲပြောဆို ရေးသားနေခြင်းသာဖြစ်ကြောင်း သိရသည်။

တရားမဝင် ပြည်ဖျက်မီဒီယာများသည် ပြည်သူများက လုံခြုံရေးတပ်ဖွဲ့ဝင်များအပေါ် အထင်အမြင်လွဲမှားစေမည့် သတင်းအမှားများ ဖြန့်ဝေခြင်းနှင့် PDF အမည်ခံ အကြမ်းဖက် သမားများ၏ အကြမ်းဖက် လုပ်ရပ်များကို လုံခြုံရေးတပ်ဖွဲ့ဝင်များ အပေါ် အပြစ်ပုံချသည့် သတင်းတု၊ သတင်းမှားများကိုလုပ်ကြံရေးသား ဖြန့်ဝေနေခြင်းသာ ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## ရေဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် အမာမြို့ရှိ ရပ်ကွက်အချို့တွင် သန်းခေါင်စာရင်းကောက်ယူသူများအား ကျွေးမွေးဧည့်ခံရန် ရပ်ကွက်အုပ်ချုပ်ရေးအဖွဲ့များက ငွေကြေးကောက်ခံနေကြောင်း မဟုတ်မမှန် လုပ်ကြံသတင်းအမှားများဖြင့် လှုံ့ဆော်ရေးသားဖြန့်ဝေ

**နေပြည်တော် အောက်တိုဘာ ၇**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် အမာမြို့ရှိရပ်ကွက်အချို့တွင် သန်းခေါင်စာရင်း ကောက်ယူသူများအား ကျွေးမွေးဧည့်ခံရန် ရပ်ကွက်အုပ်ချုပ်ရေးအဖွဲ့များက ငွေကြေး ကောက်ခံနေကြောင်း သတင်းတု၊ သတင်းအမှားများကို တရားမဝင် ပြည်ဖျက်မီဒီယာများက ပြည်သူများအထင်အမြင်လွဲမှားစေရန် လုပ်ကြံရေးသား ဝါဒဖြန့်ဝေနေသည်ကို တွေ့ရှိရသည်။

**လုပ်ကြံရေးသားဖြန့်ဝေ**

အဆိုပါ သတင်းနှင့်ပတ်သက်၍ မြို့နယ် အုပ်ချုပ်ရေးဆိုင်ရာ တာဝန်ရှိသူတစ်ဦးအား မေးမြန်းရာတွင် ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူခြင်းကို အမျိုးသားရေးတာဝန်တစ်ရပ် အနေဖြင့် အောင်မြင်အောင် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပြီး အောက်တိုဘာ ၁ ရက်မှ စတင်ကာ သက်ဆိုင်ရာတာဝန်ရှိအဖွဲ့များ ပူးပေါင်း၍ စတင်ကောက်ယူလျက် ရှိကြောင်း၊ ပြည်သူများက သန်းခေါင်စာရင်း ကောက်ယူခြင်း လုပ်ငန်းစဉ်များကို တက်ကြွစွာပူးပေါင်းပါဝင် ဆောင်ရွက်လျက်ရှိရာ အကြမ်းဖက်အားပေး လူပုဂ္ဂိုလ်၊ အဖွဲ့များက မနာလို၍ မရှုဆိတ်ဖြင့် သန်းခေါင်စာရင်း ကောက်ယူလျက်ရှိသော တာဝန်ရှိသူများကို ပြည်သူများက အထင်အမြင် လွဲမှားစေရန် ရည်ရွယ်ကာ မဟုတ်မမှန် သတင်းအမှားများကို လုပ်ကြံရေးသား ဖြန့်ဝေနေခြင်းသာ ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**




## အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် အောက်တိုဘာ ၇**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏လက်ဝေခံ အဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

**သိမ်းဆည်းခံရနိုင်**

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီး ပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း အောက်တိုဘာ ၆ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမူလုပ်ဆောင်ခဲ့သည့် “Saw Nander” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ် ဝန်ဇင်းရပ်ကွက်နေ စောနန္ဒအား မွန်းလွဲ ၁၂ နာရီ မိနစ် ၅၀ တွင် မိတ္ထီလာမြို့နယ် အမှတ်(၂)နယ်မြေရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ် အရေးယူဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## ရေကြီးနစ်မြုပ်မှုဘေးဒဏ်ခံခဲ့ရသည့် ငါးမွေးမြူကန်များ ပြန်လည်မွေးမြူနိုင်ရန် လိုက်နာရမည့်အချက်များ

❖ ရေကြီးနစ်မြုပ်မှုကြောင့် ငါးမွေးမြူကန်ပတ်ဝန်းကျင်မှ အမှိုက်သရိုက်ဆွေး၊ အနည်အနှစ်များ၊ ဘေးအန္တရာယ်ရှိသော အညစ်အကြေးများ၊ အဆိပ်အတောက်ဖြစ်စေနိုင်သည့် အရာများ (ပိုးသတ်ဆေး ဓာတ်ကြွင်း)၊ ရောဂါဖြစ်စေနိုင်သည့် ဗိုင်းရပ်စ်နှင့် ဗက်တီးရီးယားပိုးမွှားများကြောင့် အနီးဝန်းကျင်နေထိုင်သည့် လူများသည် အသုံးပြုမည့်ရေအား သေချာစွာ ကြိုချက်သန့်စင်အသုံးပြုကြပါရန်၊

❖ ရေကြီးဖုံးလွှမ်းခဲ့သည့် ငါးမွေးမြူကန်အတွင်းရှိ ငါးများအား ပြန်လည်ဖမ်းယူစစ်ဆေးခြင်း၊ ရောနှောသွားသော ငါးများ အရွယ်အစားအလိုက်၊ ငါးမျိုးအလိုက် ခွဲခြားခြင်း၊ ပြင်ပမှ ဝင်ရောက်လာသည့် သားစားငါးများ၊ သဘာဝငါးရိုင်းများအား ဖယ်ရှားခြင်းတို့ လုပ်ဆောင်ပါရန်၊

❖ ငါးမွေးကန်များ ရေကြီးနစ်မြုပ်မှုကြောင့် ပြိုကျနိမ့်ဆင်းသွားသော ကန်ပေါင်များအား အမြန်ဆုံးပြန်လည်ဆည်ဖို့ခြင်း၊ ရေရှည်ခိုင်ခံ့မှု အားကောင်းစေရန် သေချာစွာပြုပြင်ခြင်း၊ ရေတိုက်စားမှုနှင့် မိုးများခြင်းကြောင့် ကန်ပေါင်မြေသားများ မပြိုစေရန် တုတ်များ၊ မြေထိန်းနံရံများဖြင့် ခိုင်ခံ့စွာပြုပြင်ပြီး မြေထိန်းနိုင်မည့် မြက်ပင်များစိုက်ပျိုးထားရှိရန်၊ ကန်ပေါင်ခိုင်ခံ့မှုအား ပျက်စီးစေနိုင်မည့် တိရစ္ဆာန် (ကျွဲ၊ နွား၊ ဝက်များ) မဝင်ရောက်စေနိုင်ရန် ခြံစည်းရိုးအကာအရံများ ထားရှိပါရန်၊

❖ ရေသွင်းမြောင်း၊ ရေထုတ်မြောင်းများရှိ အနည်အနှစ်များ၊ အမှိုက်သရိုက်များဖယ်ရှားခြင်း၊ ရေဝင် ရေထွက် ကောင်းမွန်အောင် လိုအပ်သော ရေမြောင်းအနက်၊ ရေမြောင်းအကျယ်အား သေချာစွာပြုပြင်ခြင်း၊ ငါးမွေးကန်၏ ရေဝင်ပိုက်လိုင်းများနှင့် ရေထုတ်ပိုက်လိုက်များ အမှိုက်ဖယ်ရှား၍ သေချာစွာ ပြန်လည်တပ်ဆင်ခြင်းတို့ ဆောင်ရွက်ရန်နှင့် အနီးဝန်းကျင်ရှိ ရေသွယ်မြောင်း၊ တံတားများ၌ အမှိုက်များ ပိတ်ဆို့ခြင်းအား အမြဲပုံမှန်စစ်ဆေး၍ သေချာစွာဖယ်ရှားပါရန်၊

❖ ရေကြီးနစ်မြုပ်စဉ် ကာရံထားသော ပိုက်များအား ပေါက်ပြဲဆွေးမြည့်မှု သေချာစွာစစ်ဆေး၍ တစ်နှစ်တစ်ကြိမ် အသစ်လဲလှယ်ကာရံထားရန်၊ ကာရံထားသော သံအိတ်များအား ပြန်လည်စစ်ဆေး၍ အသစ်လဲလှယ်ရန်နှင့် ထပ်မံလိုအပ်မည့် သံအိတ်များ အဆင်သင့်ပြင်ဆင်ထားရှိပါရန်၊

❖ ငါးမွေးကန် ပတ်ဝန်းကျင်ရှိ ချုံနွယ်သစ်ပင်ပေါင်းပင်များနှင့် ရေမြောင်းများနှင့်ကန်အတွင်းရှိ ရေပေါက်ပင်များ (ဗေဒါပင်၊ ရေမှော်ပင်၊ တက်ပြားပင်များ) ဖယ်ရှားရှင်းလင်းပါရန်၊

❖ ရေကြီးနစ်မြုပ်ပြီးနောက် ငါးမွေးကန်အတွင်းရှိ ငါးများနှင့် အသုံးပြုရေများအား ငါးရောဂါစစ်ဆေးခြင်း နှင့် ရောဂါမပြန့်ပွားရေး ငါးအသေများ သေချာစနစ်ကျစွာ ဖယ်ရှားရှင်းလင်းပါရန်၊

❖ ရေအရင်းအမြစ်ရယူသောနေရာ (မြစ်၊ ချောင်း)များနှင့် ရေစွန့်ထုတ်မည့်မြောင်းများအား အတားအဆီးဖြစ်စေနိုင်မည့်နေရာ၌ ပိတ်ဆို့စေနိုင်သော အဆောက်အအုံ၊ ကန်များ တည်ဆောက်ခြင်း မပြုလုပ်ရန်၊ ငါးမွေးကန်များအား သေချာသောမြေနေရာချထားတည်ဆောက်မှု (Layout Plan)ဖြင့် ရေဝင်ရေထွက် ကောင်းမွန်အောင်၊ လုပ်ငန်းသုံးပစ္စည်း (အစာ၊ ဆေးဝါးများစသည့်)များ လွယ်လင့်တကူသယ်ယူရွှေ့ ပြောင်းနိုင်မည့်လမ်း၊ ချောင်းတို့အား ပြင်ဆင်ထားရှိပါရန်၊

❖ ရေကြီးနစ်မြုပ်ပြီးနောက် ငါးမွေးကန်အား မွေးမြူမည့် ငါးများအတွက် သင့်တော်သော ရေအရည်အသွေး ရှိစေရန် တိုင်းတာစစ်ဆေးခြင်းနှင့် ရေပြင်ခြင်း(ထုံးထည့်ခြင်း၊ ရေသြဇာထည့်ခြင်းတို့) ပြုလုပ်ပေးပါရန်၊

❖ ရေကြီးနစ်မြုပ်ပြီးနောက် ငါးမွေးကန်အား အမြန်ပြန်လည် မွေးမြူနိုင်ရေး သင့်တော်မည့်ငါးအရွယ်များ ထည့်သွင်းမွေးမြူနိုင်ရန် သွင်းအားစုများ (ငါးအစာ၊ ငါးသားပေါက်)များ ဖြည့်ဆည်းနိုင်မည့် အစီအမံများ ချိတ်ဆက်ဆောင်ရွက်ပါရန်၊

**ငါးလုပ်ငန်းဦးစီးဌာန**
**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**

# ကချင်ပြည်နယ်ဝန်ကြီးချုပ် မိုးညှင်းမြို့နယ် ဖွံ့ဖြိုးတိုးတက်ရေး ကွင်းဆင်းဆောင်ရွက်

**မိုးညှင်း အောက်တိုဘာ ၇**

ကချင်ပြည်နယ် ဝန်ကြီးချုပ် ဦးခက်ထိန်နန်သည် ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ အောက်တိုဘာ ၆ ရက်နံနက် ၈ နာရီခွဲက မိုးညှင်းမြို့နယ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကွင်းဆင်းဆောင်ရွက်ကြသည်။




ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်သည် မိုးညှင်းမြို့ နန့်ပုတ်ကျေးရွာရှိ ခရိုင်မီးသတ်ဦးစီးဌာနရုံး အဆောက်အအုံသစ် ဖွင့်ပွဲသို့ တက်ရောက်ပြီး ခရိုင်မီးသတ်ဦးစီးမှူးရုံး အဆောက်အအုံသစ်ကို ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများနှင့် မိုးညှင်းတပ်နယ်မှူးတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ ဆက်လက်၍ အဆောက်အအုံသစ် တည်ဆောက်ပြီးစီးမှု အခြေအနေများနှင့် ပြည်နယ်ရန်ပုံငွေဖြင့် ဝယ်ယူဖြည့်တင်းပေးခဲ့သော ရှာဖွေကယ်ဆယ်ရေးယာဉ်၊ မီးငြိမ်းသတ်ယာဉ်များနှင့် ခေတ်မီရှာဖွေ ကယ်ဆယ်ရေးသုံး ပစ္စည်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးကြကာ မီးသတ်တပ်ဖွဲ့ဝင်များအတွက် ချီးမြှင့်ထောက်ပံ့ငွေများ ပေးအပ်သည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် မိုးညှင်းမြို့ မြို့မရပ်ကွက်အတွင်းရှိ (ခုတင် ၃၀၀ ဆံ့) ခရိုင်ပြည်သူ့ဆေးရုံသို့ သွားရောက်ပြီး ဆေးရုံအုပ်ကြီး၊ ဆရာဝန်များ၊ ကျန်းမာရေးဝန်ထမ်းများနှင့် တွေ့ဆုံကာ ပြည်နယ်ဝန်ကြီးချုပ်က ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများကို အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်ပေးကြသည့်အတွက် အထူးကျေးဇူးတင်ရှိကြောင်းနှင့် လိုအပ်သည်များရှိပါက ပွင့်လင်းရင်းနှီးစွာ တင်ပြကြစေလိုကြောင်း တိုက်တွန်းမှာကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ဆေးရုံကြီး ခွဲစိတ်ကုသဆောင်၌ ဆေးဝါးကုသမှုခံယူနေသော လူနာများအား ရင်းရင်းနှီးနှီး လိုက်လံတွေ့ဆုံအားပေးပြီး လူနာများအအတွက် ထောက်ပံ့ငွေများ ပေးအပ်ကြသည်။

ထိုမှတစ်ဆင့် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် မိုးညှင်းမြို့ နားခါရပ်ကွက်အတွင်းရှိ စိမ်းရတနာမွန်မြောက်ရပ် ဓမ္မာရုံ၌ ခရိုင်/မြို့နယ် သန်းခေါင်စာရင်း ကော်မတီအဖွဲ့ဝင်များ၊ စာရင်းစစ်/စာရင်းကောက် ဆရာမ ခြောက်ဦး၊ အထောက်အကူပြု အဖွဲ့ဝင်များက မိုးညှင်းမြို့နယ်တွင် စာရင်းကောက်ကွက် ၈၉ ကွက်ရှိ အိမ်ထောင်စု ၁၄၄၉၅ စုတို့အား Mobile Tablet အသုံးပြု၍ ၂၀၂၄ ခုနှစ် လူဦးရေနှင့် သန်းခေါင်စာရင်း ကောက်ယူခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။ ပြည်နယ်(ပြန်/ဆက်)

# ပုသိမ်ကြီးမြို့နယ်၌ သန်းခေါင်စာရင်း ကောက်ယူခြင်းများ ဆက်လက်ဆောင်ရွက်

**ပုသိမ်ကြီး အောက်တိုဘာ ၇**

မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ်၌ ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ယူခြင်းများကို ယနေ့နံနက်ပိုင်းက မြို့နယ်အတွင်း သက်ဆိုင်ရာအဖွဲ့များဖြင့် စာရင်းကောက်ယူလျက်ရှိသည်။

အဆိုပါ သန်းခေါင်စာရင်း ကောက်ယူခြင်းများကို မြို့နယ်သန်းခေါင်စာရင်း ကော်မတီဥက္ကဋ္ဌ ဦးမြင့်ဦး၏ ဦးဆောင်မှုဖြင့် ကော်မတီဝင်များလိုက်ပါလျက် အနီးကပ်ကြီးကြပ်ဆောင်ရွက်လျက်ရှိပြီး မြို့နယ်အတွင်း သန်းခေါင်စာရင်း ကောက်ယူခြင်းများကို အဖွဲ့ ၄၅ ဖွဲ့၊ စာရင်းစစ်၊ စာရင်းကောက် ၂၁၇ ဦးတို့ဖြင့် မြို့ပေါ်ရပ်ကွက်များနှင့် ကျေးရွာအုပ်စုများတွင် စာရင်းကောက်ယူခြင်းများ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း မြို့နယ်သန်းခေါင်စာရင်းကော်မတီ အတွင်းရေးမှူး ဦးကျော်မင်းထွန်းထံမှ သိရသည်။ မြို့နယ်(ပြန်/ဆက်)

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၈-၁၀-၂၀၂၄

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၉၅၅ | ၃၀၃၅ | ၃၀၁၀ | ၂၉၆၅ | ၃၀၃၅ | ၃၀၅၀ | ၃၀၆၀ | ၃၀၁၅ | ၃၁၄၀ | ၃၁၇၀ | ၃၀၂၅ | ၃၀၄၀ | ၃၀၇၀ | ၃၀၆၀ | ၃၀၇၅ | ၃၄၇၅ | ၄၄၅၀ |
| 95 Ron | ၃၁၅၀ | ၃၂၃၀ | ၃၂၀၅ | ၃၁၆၀ | ၃၂၃၀ | ၃၂၄၅ | ၃၂၅၅ | ၃၂၁၀ | ၃၃၃၅ | ၃၃၆၅ | ၃၂၂၀ | ၃၂၃၅ | ၃၂၆၅ | ၃၂၅၅ | ၃၂၆၅ | ၃၆၇၀ | ၄၆၅၀ |
| HSD (500 ppm) | ၂၅၇၀ | ၂၆၅၀ | ၂၆၂၅ | ၂၅၈၀ | ၂၆၅၅ | ၂၆၆၅ | ၂၆၈၀ | ၂၆၃၅ | ၂၇၆၀ | ၂၇၉၀ | ၂၆၄၀ | ၂၆၅၅ | ၂၆၉၀ | ၂၆၇၅ | ၂၆၉၀ | ၃၀၉၅ | ၄၄၅၀ |
| HSD (50 ppm) | ၃၁၉၀ | ၃၂၇၀ | ၃၂၄၅ | ၃၂၀၀ | ၃၂၇၀ | ၃၂၈၅ | ၃၂၉၅ | ၃၂၅၀ | ၃၃၇၅ | ၃၄၀၅ | ၃၂၆၀ | ၃၂၇၅ | ၃၃၀၅ | ၃၂၉၅ | ၃၃၀၅ | ၃၇၁၀ | ၄၄၅၀ |
| HSD (10 ppm) | ၃၁၉၀ | ၃၂၇၀ | ၃၂၄၅ | ၃၂၀၀ | ၃၂၇၀ | ၃၂၈၅ | ၃၂၉၅ | ၃၂၅၀ | ၃၃၇၅ | ၃၄၀၅ | ၃၂၆၀ | ၃၂၇၅ | ၃၃၀၅ | ၃၂၉၅ | ၃၃၀၅ | ၃၇၁၀ | ၄၄၅၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၇၉၉ | ၂၈၈၈ |
| 95 Ron | ၂၉၈၇ | ၃၀၈၁ |
| HSD (500 ppm) | ၂၄၂၇ | ၂၅၀၅ |
| HSD (50 ppm) | ၃၀၂၆ | ၃၁၁၆ |
| HSD (10 ppm) | ၃၀၂၆ | ၃၁၁၆ |

**မှတ်ချက်။** (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိတ်ဆွေပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇- ၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**



# အင်းလေးဒေသ ရေကြီးရေလျှံမှုကြောင့် အင်းလေးဖောင်တော်ဦးမြတ်စွာဘုရား ဒေသစာရီကြွချီပူဇော်ခံပွဲ ပြုလုပ်နိုင်ခြင်းမရှိ

**ညောင်ရွှေ အောက်တိုဘာ ၇**

ရှမ်းပြည်နယ် ညောင်ရွှေမြို့နယ် အင်းလေးဖောင်တော်ဦးမြတ်စွာဘုရား ရုပ်ရှင်တော်မြတ်များသည် ယခုနှစ်တွင် ညောင်ရွှေမြို့နှင့် အင်းလေးဒေသအတွင်းရေကြီးရေလျှံမှု ဖြစ်ပေါ်နေသဖြင့် ဒေသစာရီကြွချီပူဇော်ခံပွဲ ကျင်းပနိုင်ခြင်း မရှိကြောင်း သိရှိရသည်။

ထိုသို့ ဒေသစာရီကြွချီပူဇော်ခံနိုင်ခြင်းမရှိသော်လည်း အောက်တိုဘာ ၇ ရက် နံနက်ပိုင်းတွင် ဒေသစာရီ ကြွချီပူဇော်ခံရာဌာနဖြစ်များသည့် ငါးဖယ်ချောင်းကျေးရွာနှင့် ကြေးစာကုန်းကျေးရွာတို့မှ ဆွမ်းဒါယကာ၊ ပန်းဒါယကာများနှင့် ပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံများက မူလစံကျောင်းတော်၌ ဖောင်တော်ဦးမြတ်စွာဘုရား ရုပ်ရှင်တော်မြတ်များအား ဖူးမြော်ကြည်ညို၍ ဆွမ်းတော်၊ ပန်းတော်၊ ရေချမ်းတော်များနှင့် ရွှေသင်္ကန်းတော်များ လာရောက်ကပ်လှူပူဇော်လျက်ရှိကြောင်း သိရှိရသည်။ စိုင်းအယ်ဘဲ

# "ကူညီကမ်းဆက် ဂီတလက်ဖြင့်" ရေဘေးသင့်ဒေသများ ပြန်လည်ထူထောင်ရေး ရန်ပုံငွေ တေးဂီတဖျော်ဖြေပွဲကို MRTV မှ တိုက်ရိုက် ထုတ်လွှင့်မည်

**ရန်ကုန် အောက်တိုဘာ ၇**

"ကူညီကမ်းဆက် ဂီတလက်ဖြင့်" ရေဘေးသင့်ဒေသများ ပြန်လည် ထူထောင်ရေးရန်ပုံငွေ တေးဂီတဖျော်ဖြေပွဲကို ၂၀၂၄ ခုနှစ် အောက်တိုဘာလ ၁၁ ရက် (သောကြာနေ့) ညနေ ၅ နာရီမှ ည ၉ နာရီခန့်အထိ ရန်ကုန် မြို့ မြို့မကျောင်းလမ်းရှိ အမျိုးသားဇာတ်ရုံတွင် မြန်မာနိုင်ငံဂီတအစည်းအရုံး(ဗဟို)၏ စီစဉ်မှုဖြင့် ဂီတအနုပညာရှင်များ စုပေါင်း၍ ဖျော်ဖြေတင်ဆက်ကြမည်ဖြစ်သည်။

အဆိုပါ ရန်ပုံငွေတေးဂီတဖျော်ဖြေပွဲတွင် နိုင်ငံကျော်တေးသံရှင်များဖြစ်ကြသည့် ကိုင်ဇာ၊ မျိုးကျော့မြိုင်၊ စည်သူလွင်၊ ဂရေဟမ်၊ ကောင်းဆက်၊ ဇော်ပိုင်၊ ပူစူး၊ နောနော်၊ အောင်လ၊ သာဒီးလူ၊ ဝန၊ အောင်ထက်၊ ဖွဲ့ပြည့်၊ နေမင်းအိမ်၊ အယ်လ်ဆိုင်းဇီ၊ ရတနာမိုင်၊ နီနီခင်ဇော်၊ ဆိုင်စံ၊ ပိုပို၊ ယွန်းမြတ်သူနှင့် ပန်းရောင်ခြယ်တို့ ပါဝင်သီဆိုဖျော်ဖြေကြမည်ဖြစ်ရာ MRTV NRC Channel၊ MRTV App၊ MRTV Radio Application နှင့် MRTV Social Media Online တို့မှ တိုက်ရိုက် Live ရိုက်ကူးထုတ်လွှင့်ပြသမည့်အပြင် MRTV HD Channel နှင့် မြန်မာ့အသံရေဒီယိုတို့မှလည်း ယင်းနေ့ ည ၉ နာရီခန့်မှစပြီး Replay ထုတ်လွှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# ဘင်္ဂလားပင်လယ်အော် အခြေအနေ

**နေပြည်တော် အောက်တိုဘာ ၇**

အနောက်တောင်မုတ်သုံလေသည် ဘင်္ဂလားပင်လယ်အော် အရှေ့အလယ်ပိုင်းနှင့် မြန်မာနိုင်ငံမြစ်ဝကျွန်းပေါ်ဒေသများမှ ဆုတ်ခွာခဲ့ပြီးဖြစ်သည်။ ဘင်္ဂလားပင်လယ်အော် အရှေ့မြောက်ပိုင်းနှင့် အရှေ့အလယ်ပိုင်းတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားနည်းနေသည်။

မိုး/ဇလ

# ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနက ထိန်းသိမ်းထားသော ရေလှောင်တမံနှင့် ရေထိန်းတမံများ ကြံ့ခိုင်မှုကောင်းမွန်လျက်ရှိပြီး စိုးရိမ်ရန်မရှိ

**နေပြည်တော် အောက်တိုဘာ ၇**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနက ပြည်ထောင်စုနယ်မြေ နေပြည်တော်တွင် ထိန်းသိမ်းထားသော ရေလှောင်တမံနှင့် ရေထိန်းတမံ စုစုပေါင်း ၁၂ ခုရှိရာ အောက်တိုဘာ ၇ ရက်၌ ပေါင်းလောင်းရေလှောင်တမံတွင် ၃ ဒသမ ၇၇ ပေ ကန်ရေပြည့်အမှတ်အထက် ကျော်လွန်၍ ရေပိုလွှဲမှ ရေကျော်စီးဆင်းနေပြီး ယခင်နေ့နှင့် နှိုင်းယှဉ်ပါက ရေကျော်စီးဆင်းမှု အခြေအနေမှာ ၁ ဒသမ ၀၈ ပေ တိုးလာခြင်းဖြစ်သည်။ ရေပိုလွှဲ၏ ကန်ရေပြည့်ရေမှတ်အထက်တွင် HED ရေတံခါးလေးချပ် ထောင်ထားသည်။

အဆိုပါရေလှောင်တမံများ၏ ကြံ့ခိုင်မှုအခြေအနေမှာ ကောင်းမွန်လျက်ရှိပြီး တာဝန်ကျ ဝန်ထမ်းများကို ၂၄ နာရီ ရေကင်းတာဝန်ချထား၍ အနီးကပ်စောင့်ကြပ်စစ်ဆေးလျက်ရှိပြီး စိုးရိမ်ရန်မရှိကြောင်း သိရသည်။

**သတင်းစဉ်**

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**
**ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်**

ရက်စွဲ ၇-၁၀-၂၀၂၄
(၆:၀၀)နာရီ

ပြည်ထောင်စုနယ်မြေ နေပြည်တော်

**အကြောင်းအရာ ။** ။ ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်လက်အောက်ရှိ ရေလှောင်တမံများ၏ ရေမှတ်များပေးပို့ခြင်း။

| စဉ် | ရေလှောင်တမံအမည် | ကန်ရေပြည့် | | ကန်ရေသေ | | (၇.၁၀.၂၀၂၄)နေ့ရှိ | | | ယနေ့ ထုတ်လွှတ်သည့် ရေပမာဏ (ဧကပေ) | ကန်ရေပြည့်ရန် လိုအပ်သည့် | | ကန်ရေပြည့်ပြီး | | မိုးရေချိန် (လက်မ) | ယခင်နေ့ ရေမှတ် |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ရေမှတ် (ပေ) | သိုလှောင်ရေ ပမာဏ (ဧကပေ) | ရေမှတ် (ပေ) | သိုလှောင်ရေ ပမာဏ (ဧကပေ) | ဝင်ရေ (ဧကပေ) | ရေမှတ် (ပေ) | သိုလှောင် ပမာဏ (ဧကပေ) | | ရေအနက် (ပေ) | သိုလှောင် ပမာဏ (ဧကပေ) | အမြင့် (ပေ) | ပိုလျှံရေ ပမာဏ (ဧကပေ) | | |
| ၁ | ပေါင်းလောင်းတမံ | ၆၂၃.၃၉ | ၅၄၉၄၂၀ | ၅၄၁.၃၆ | ၂၇၃၆၆၀ | ၃၂၂၉၇ | ၆၂၇.၁၆ | ၅၆၅၅၅၂ | ၁၃၄၂၃ (လျှပ်စစ်) ထုတ်ရေ) | - | - | ၃.၇၇ | ၁၆၁၃၄ | - | ၆၂၆.၀၈ |
| ၂ | မဒန်းတမံ | ၆၃၅.၀၀ | ၃၆၅၀၀ | ၅၉၀.၀၀ | ၅၂၀၀ | - | ၆၂၆.၀၀ | ၂၇၂၆၀ | ၇၉ | ၉.၀၀ | ၉၂၄၀ | - | - | - | ၆၂၆.၁၀ |
| ၃ | ချောင်းမငယ်တမံ | ၅၂၀.၀၀ | ၉၁၇၇၀ | ၄၈၀.၀၀ | ၁၅၃၀၀ | ၉၉၅ | ၅၁၉.၁၅ | ၈၉၄၅၀ | ၂၇၂ | ၀.၈၅ | ၂၃၂၀ | - | - | - | ၅၁၈.၉၀ |
| ၄ | ဖောင်းလောင်တမံ | ၅၁၂.၀၀ | ၁၂၂၅၇ | ၄၉၀.၅၀ | ၂၅၄၀ | - | ၅၀၉.၈၅ | ၁၀၆၃၃ | ၇ | ၂.၁၅ | ၁၆၂၄ | - | - | - | ၅၀၉.၉၀ |
| ၅ | ရေဆင်းတမံ | ၄၃၉.၀၀ | ၇၃၀၀၀ | ၃၆၈.၄၀ | ၁၀၄၀ | ၃၇၀ | ၄၃၈.၂၀ | ၇၀၆၀၀ | ၃၁၅ | ၀.၈၀ | ၂၄၀၀ | - | - | - | ၄၃၈.၂၀ |
| ၆ | ငလိုက်တမံ | ၅၃၅.၀၀ | ၇၅၀၀၀ | ၅၀၆.၀၀ | ၁၂၉၅၀ | ၃၉ | ၅၃၄.၉၅ | ၇၄၇၉၉ | - | ၀.၀၅ | ၂၀၁ | - | - | - | ၅၃၄.၉၅ |
| ၇ | သဲဖြူတမံ | ၄၁၈.၀၀ | ၈၇၁၈ | ၃၉၀.၀၀ | ၆၈၇ | ၁ | ၄၁၆.၄၁ | ၇၈၂၀ | ၈ | ၁.၅၉ | ၈၉၈ | - | - | - | ၄၁၆.၄၄ |
| ၈ | ဆင်သေတမံ | ၇၁၀.၀၀ | ၁၄၃၀၉၀ | ၆၇၄.၀၀ | ၁၇၃၀၃ | ၄၈ | ၇၀၃.၁၀ | ၁၀၅၂၃၀ | - | ၆.၉၀ | ၃၇၈၆၀ | - | - | - | ၇၀၃.၁၀ |
| ၉ | ကင်းသာရေထိန်းတမံ | ၅၅၈.၅၀ | ၇၂ | ၅၄၅.၀၀ | ၈ | | | | | ရေတိုက်စား | | | | - | |
| ၁၀ | မုန်ရေထိန်းတမံ | ၆၀၂.၀၀ | ၅၀၀ | ၅၉၂.၀၀ | ၂၂၅ | ၉၃ | ၆၀၁.၉၀ | ၄၉၅ | ၄၁ | ၀.၁၀ | ၅ | - | - | ၀.၁၂ | ၆၀၁.၉၀ |
| ၁၁ | မြို့လှတမံ | ၈၇၀.၀၀ | ၁၄၆၀၀ | ၈၅၀.၀၀ | ၄၅၂၀ | ၂၂ | ၈၆၄.၀၀ | ၁၀၄၂၂ | ၇၁ | ၆.၀၀ | ၄၁၇၈ | - | - | - | ၈၆၄.၁၀ |
| ၁၂ | တောက်ပြိုတမံ | ၆၇၉.၀၀ | ၂၄၉၁ | ၆၅၉.၀၀ | ၄၇၅ | ၁ | ၆၇၄.၀၀ | ၁၈၃၈ | - | ၅.၀၀ | ၆၅၃ | - | - | - | ၆၇၄.၀၀ |

# ရေပြန်လည်ကျဆင်းသွားသည့်နေရာများ၌ သန့်ရှင်းရေးလုပ်ငန်းများနှင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်ပေးပြီး စားသောက်ဖွယ်ရာများနှင့် ထောက်ပံ့ပစ္စည်းများ ပေးအပ်လှူဒါန်း



**နေပြည်တော် အောက်တိုဘာ ၇**

နေပြည်တော်ကောင်စီနယ်မြေ အပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ရေကြီးရေလျှံမှု ဖြစ်ပေါ်ခဲ့သည့် ရပ်ကွက်/ကျေးရွာများတွင် ကူညီကယ်ဆယ်ရေးလုပ်ငန်းများနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အင်တိုက်အားတိုက် တက်ကြွစွာ ပူးပေါင်းဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင်လည်း နေပြည်တော်ကောင်စီနယ်မြေတွင် လည်းကောင်း၊ ရှမ်းပြည်နယ်(တောင်ပိုင်း) ကလောမြို့နယ်တွင် လည်းကောင်း စာသင်ကျောင်းများ၊ ဆေးရုံ၊ ဆေးခန်းများ၊ ဌာနဆိုင်ရာအဆောက်အအုံများ၊ လမ်း၊ တံတားများ၊ ရပ်ကွက်၊ ကျေးရွာများအတွင်း၌ တင်ကျန်ခဲ့သည့် နုန်းများ၊ သစ်ပင်သစ်ကိုင်းများ ဖယ်ရှားပေးခြင်း အပါအဝင် အခြားလိုအပ်သည်များကို တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များနှင့် လူမှုဝန်ထမ်းကယ်ဆယ်ရေးအဖွဲ့များက ဒေသခံပြည်သူများနှင့် ပူးပေါင်း၍ တက်ကြွစွာ ဆောင်ရွက်ပေးလျက်ရှိသည်။

ထို့ပြင် ယာယီရေဘေးရှောင်စခန်းများတွင် ရေဘေးသင့်ပြည်သူများအား ကျန်းမာရေးအဖွဲ့များက လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများနှင့် ကျန်းမာရေးအသိပညာပေး ဟောပြောဆွေးနွေးခြင်းများ ဆောင်ရွက်ပေးပြီး ထောက်ပံ့ပစ္စည်းများ၊ အဝတ်အထည်များ၊ အသုံးအဆောင်ပစ္စည်းများ၊ စားသောက်ဖွယ်ရာများနှင့် အလှူငွေများကို အားတက်သရော ပေးအပ်လှူဒါန်းလျက်ရှိသည်။

ယင်းအပြင် ရေကြီးမှုကြောင့် ပျက်စီးမှုများ ဖြစ်ပေါ်ခဲ့သည့် လမ်း/တံတားများကိုလည်း လမ်းပန်းဆက်သွယ်ရေး အမြန်ပြန်လည် ကောင်းမွန်စေရန်အတွက် ယာယီသံပေါင်ဘေလီတံတားများ အစားထိုး၍ ပြန်လည်ပြင်ဆင်ဆောင်ရွက်ပေးလျက်ရှိပြီး ပြုပြင်ရန်ကျန်ရှိနေသည့် လမ်း၊ တံတားများကိုလည်း အမြန်ဆုံး ဆက်လက်ပြုပြင်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

**✪ အာရှဖလားမှ**

ခြေစစ်ပွဲတွင် အသင်းစုစုပေါင်း ၂၁ သင်း ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ပြီး ဇန်နဝါရီတွင် ကျင်းပမည်ဖြစ်သည်။ ခြေစစ်ပွဲတွင် မြန်မာအသင်းနှင့်အတူ ထိုင်း၊ အီရန်၊ ဂျပန်၊ ဗီယက်နမ်၊ အင်ဒိုနီးရှား၊ တရုတ်(တိုင်ပေ)၊ ဥဇဘက်ကစ္စတန်၊ တရုတ်၊ လက်ဘနွန်၊ ဟောင်ကောင်၊ ပါလက်စတိုင်း၊ ဘာရိန်း၊ တာ့ခ်မင်နစ္စတန်၊ မကာအို၊ အီရတ်၊ ဖိလစ်ပိုင်၊ ကာဂျစ္စတန်၊ သြစတြေးလျ၊ အိန္ဒိယနှင့် ပါကစ္စတန်အသင်းတို့ ပါဝင်ယှဉ်ပြိုင်မည်ဖြစ်သည်။

မြန်မာ့လက်ရွေးစင် အမျိုးသမီးဖူဆယ်အသင်းသည် အာရှဖလား ဖူဆယ်ခြေစစ်ပွဲအပြင် နိုဝင်ဘာတွင်ယှဉ်ပြိုင်ရမည့် အာဆီယံဖူဆယ်ပြိုင်ပွဲအတွက် တစ်ပေါင်းတည်း လေ့ကျင့်ပြင်ဆင်လျက်ရှိပြီး နည်းပြချုပ်အဖြစ် ဦးဌေးမြင့်က ကိုင်တွယ်လျက်ရှိသည်။

**သတင်း - ကိုညီလေး၊ ဓာတ်ပုံ - MFF**

**❍ ကျောဖုံးမှ**

Play-off ပွဲစဉ်တွင် ကမ္ဘောဒီးယားအသင်းကို ကျော်ဖြတ်ထားသည်။

မြန်မာ့လက်ရွေးစင်အသင်းနှင့် သီရိလင်္ကာလက်ရွေးစင်အသင်းသည် အောက်တိုဘာ ၁၀၊ ၁၃ ရက် ညနေ ၄ နာရီတွင် ရန်ကုန်မြို့ရှိ သုဝဏ္ဏကွင်း၌ ခြေစမ်းပွဲနှစ်ပွဲ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**သတင်း - ကိုညီလေး၊ ဓာတ်ပုံ - MFF**

# လွိုင်ကော်မြို့၌ ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

လွိုင်ကော် အောက်တိုဘာ ၇

ကယားပြည်နယ်သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့ ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။



အစည်းအဝေးတွင် ကယားပြည်နယ်သဘာဝဘေးဆိုင်ရာစီမံခန့်ခွဲမှုအဖွဲ့ဥက္ကဋ္ဌ ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်က ရေကြီးရေလျှံမှုဖြစ်ပေါ်၍ ရေများပြန်လည်ကျဆင်းသည့်အချိန်တွင် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ စနစ်တကျဆောင်ရွက်နိုင်ရန်၊ ထိုသို့ဆောင်ရွက်နိုင်ရန် လူအင်အား၊ ယာဉ်၊ ယန္တရားပစ္စည်းများ ကြိုတင်စီစဉ်ထားကြရန်နှင့် အမှိုက်သရိုက်များ ကင်းစင်ရေး၊ ရေမြောင်းများ ရေစီးရေလာကောင်းမွန်ရေး၊ သောက်သုံးရေနှင့် လျှပ်စစ်မီး စသည့် မြို့အင်္ဂါရပ်နှင့်အညီဖြစ်အောင် ပြင်ဆင်ဆောင်ရွက်ရေး၊ သွားလာမှုချောမွေ့ရေးအတွက် လမ်းများပြန်လည်ပြုပြင်ရေးနှင့် တံတားများ၏ကြံ့ခိုင်မှုကို ပြန်လည်စစ်ဆေး၍ ပြုပြင်ရန်ရှိသည်များ အမြန်ပြုပြင်ရေး၊ ပျက်စီးဆုံးရှုံးမှုစာရင်းများအား မှန်ကန်စွာပြုစုတင်ပြရေး၊ ရေနစ်မြုပ်ခဲ့သည့် စိုက်ခင်းများ ပြန်လည်စိုက်ပျိုးနိုင်ရေးအတွက် စပါး၊ မျိုးစေ့နှင့် မြေဩဇာ စသည်များ ထောက်ပံ့နိုင်ရေးနှင့် မွေးမြူရေးလုပ်ငန်းများ ပျက်စီးဆုံးရှုံးမှုများကို ပြန်လည်လုပ်ကိုင်နိုင်ရေး ပံ့ပိုးကူညီသွားရေး၊ စာသင်ကျောင်းများ အမြန်ပြန်လည်ဖွင့်လှစ်နိုင်ရေး၊ ပြန်လည်ထူထောင်ရေး ဆောင်ရွက်ရာတွင် ပါဝင်ဆောင်ရွက်သူများနှင့် ပြည်သူများ အန္တရာယ်ကင်းရှင်းစေရေး စနစ်တကျစီမံဆောင်ရွက်ရန် အမှာစကားပြောကြားသည်။

ထို့နောက် ပြည်နယ်အဆင့်ဌာနဆိုင်ရာများက ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးဆိုင်ရာများနှင့်စပ်လျဉ်း၍ ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုနှင့် ဆက်လက်ဆောင်ရွက်ရန် ကြိုတင်စီမံဆောင်ရွက်ထားရှိမှုအခြေအနေများကို ဆွေးနွေးတင်ပြပြီး ပြည်နယ်အစိုးရအဖွဲ့ဝင်များက လိုအပ်သည်များကို ဖြည့်စွက်ဆွေးနွေးသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်က ဆွေးနွေးတင်ပြမှုများအပေါ် ဆောင်ရွက်ပေးမည့် အခြေအနေများ၊ ပေါင်းစပ်ဆောင်ရွက်ရမည့် လုပ်ငန်းများနှင့် စပ်လျဉ်း၍မှာကြားခဲ့ပြီး နိဂုံးချုပ်စကားပြောကြားခဲ့ကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

# ၂၀၂၄ ခုနှစ် စက်တင်ဘာလအတွင်း ရွာသွန်းခဲ့သောမိုးရေများတွင် အက်စစ်ဖြစ်ထွန်းမှုအခြေအနေများ

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနသည် အရှေ့အာရှအက်စစ်ဖြစ်ထွန်းမှုစောင့်ကြည့်တိုင်းတာရေးကွန်ရက်(Acid Deposition Monitoring Network in East Asia– EANET)အဖွဲ့အစည်းတွင် အဖွဲ့ဝင်အဖြစ် ၂၀၀၅ ခုနှစ် နိုဝင်ဘာလမှ စတင်ဆောင်ရွက်ခဲ့ပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ မြို့ကြီးများ၏ ရွာသွန်းသောမိုးရေများကိုစုဆောင်းကာ မိုးရေတွင် အက်စစ်ဖြစ်ထွန်းမှုအခြေအနေကိုသိရှိရန် မိုးရေ၏ pH တန်ဖိုးများ တိုင်းတာခြင်းလုပ်ငန်းများကို လစဉ်ဆောင်ရွက်လျက်ရှိပါသည်။ ပုံ(၁)

၂၀၂၄ ခုနှစ် စက်တင်ဘာလအတွင်း စခန်း ၃၃ စခန်းမှ မိုးရေနမူနာများ စုဆောင်းရယူခဲ့ပါသည်။ မိုးရေနမူနာတိုင်းတာရရှိခဲ့သည့် စခန်း ၃၃ စခန်းတို့မှ ရွာသွန်းခဲ့သောမိုးရေများ၏ pH တန်ဖိုးများသည် ကမ္ဘာ့ကျန်းမာရေးအဖွဲ့(WHO)မှ စံသတ်မှတ်ထားသည့် သောက်သုံးရေအတွက် pH တန်ဖိုးနှင့် ကျန်းမာရေးဝန်ကြီးဌာနမှ စံသတ်မှတ်ထားသည့် သောက်သုံးရေအတွက် pH တန်ဖိုး 6.5 – 8.5 အတွင်းတွင်ရှိကြောင်း တိုင်းတာရရှိခဲ့ပါသည်။ ပုံ(၂)

မိုးရေ၏ pH တန်ဖိုးသည် 5.6 အောက်ရောက်ရှိမှသာ အက်စစ်ဂုဏ်သတ္တိရှိသောကြောင့် ၂၀၂၄ ခုနှစ်၊ စက်တင်ဘာလအတွင်း မိုးရေနမူနာတိုင်းတာရရှိခဲ့သည့်စခန်း ၃၃ စခန်းတို့၌ ရွာသွန်းခဲ့သောမိုးရေများတွင် အက်စစ်ဖြစ်ထွန်းမှုအခြေအနေမရှိကြောင်း တွေ့ရှိရပါသည်။

မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန

ပုံ(၁)၊ မိုးရေနမူနာတိုင်းတာသည့် စခန်းများပြပုံ




ပုံ(၂)၊ ၂၀၂၄ ခုနှစ် စက်တင်ဘာလအတွင်း ရွာသွန်းခဲ့သော မိုးရေ၏ pH တန်ဖိုးများပြပုံ




၂၀၂၄ ခုနှစ် စက်တင်ဘာလအတွင်း ရွာသွန်းခဲ့သော မိုးရေနမူနာများ၏ pH တန်ဖိုးများ

| စဉ် | စခန်းအမည် | pH |
|---|---|---|
| ၁ | မန္တလေး(ချမ်းအေးသာစံ) | ၇.၀ |
| ၂ | မန္တလေး(ချမ်းမြသာစည်) | ၇.၂ |
| ၃ | ပူတာအို | ၆.၉ |
| ၄ | ခန္တီး | ၆.၈ |
| ၅ | တောင်ကြီး | ၇.၁ |
| ၆ | မိုင်းဆတ် | ၆.၉ |
| ၇ | စစ်ကိုင်း | ၇.၁ |
| ၈ | ဟုမ္မလင်း | ၇.၀ |
| ၉ | ဟားခါး | ၆.၅ |
| ၁၀ | ညောင်ဦး | ၆.၉ |
| ၁၁ | မုံရွာ | ၇.၁ |
| ၁၂ | ပျဉ်းမနား | ၆.၉ |
| ၁၃ | ပြင်ဦးလွင် | ၆.၇ |
| ၁၄ | ကလေးဝ | ၆.၇ |
| ၁၅ | ရန်ကုန်(ကမ္ဘာအေး) | ၆.၉ |
| ၁၆ | မှော်ဘီ | ၆.၈ |
| ၁၇ | မကွေး | ၆.၇ |
| ၁၈ | အောင်လံ | ၆.၉ |
| ၁၉ | စစ်တွေ | ၆.၈ |
| ၂၀ | ကျောက်ဖြူ | ၆.၉ |
| ၂၁ | ပြည် | ၇.၀ |
| ၂၂ | ပဲခူး | ၆.၆ |
| ၂၃ | တောင်ငူ | ၆.၉ |
| ၂၄ | ပုသိမ် | ၆.၅ |
| ၂၅ | မအူပင် | ၆.၈ |
| ၂၆ | ဟသ်ာတ | ၆.၅ |
| ၂၇ | မော်လမြိုင် | ၆.၉ |
| ၂၈ | ဘီးလင်း | ၆.၅ |
| ၂၉ | ဘားအံ | ၆.၅ |
| ၃၀ | ကော့ကရိတ် | ၆.၆ |
| ၃၁ | ထားဝယ် | ၆.၉ |
| ၃၂ | မြိတ် | ၆.၇ |
| ၃၃ | ကော့သောင်း | ၇.၀ |

## ပုံပြင်

# အပြာရောင်မီးခြစ်

ငွေတာရီ

(၁-၁၀-၂၀၂၄ ရက်နေ့မှအဆက်)

သို့ဖြင့် နောက်တစ်နေ့နံနက်တွင် မင်းသမီးအား နန်းတော်သို့ ပြန်ပို့ရပြန်လေ၏။ မင်းသမီးသည် ခမည်းတော် ဘုရင်ကြီးအား ဤသို့ ပြောပြလေသည်။

"ခမည်းတော်၊ သမီးတော်မှာ အလွန်ထူးဆန်းသော အိပ်မက်တစ်ခု မြင်မက်ပါသည်။ အိပ်မက်ထဲတွင် သမီးတော်အား တစ်စုံတစ်ယောက်သောသူက ကောင်းကင်ခရီးဖြင့် ခေါ်ဆောင်၍ စစ်သားတစ်ယောက်၏ နေအိမ်သို့ ပို့ပါသည်။ ထိုအိမ်တွင် သမီးတော်မှာ စစ်သား၏ အစေခံသဖွယ် သူခိုင်းစေရာ ပြုလုပ်ခဲ့ရပါသည်"

ဘုရင်ကြီးမှာလည်း ထူးဆန်းသောအိပ်မက်ကြောင့် အံ့သြခြင်းကြီးစွာ ဖြစ်ရလေသည်။ သူက သမီးတော်အား အင်္ကျီအိတ်တွင် အပေါက်ငယ်တစ်ခု ဖောက်ထားပြီး အိတ်အပြည့် ပဲစေ့များ ထည့်ထားရန် အကြံပေးလေသည်။ သို့မှသာ အိပ်မက်မဟုတ်ဘဲ အကယ်ပင်ဖြစ်နေခဲ့သော် သမီးတော် သွားရာခရီးစဉ်ကို သိနိုင်မည်ဟုဆို၏။ သမီးတော်လည်း ဆိုတိုင်းပင်ပြု၏။

သို့ရာတွင် ဘုရင်ကြီး၏အကြံကို လူပုကလေး သိရှိသွားလေသည်။ ထို့ကြောင့် ညဘက်၌ မင်းသမီးအား ခေါ်ဆောင်ရန် အသွားတွင် ပဲစေ့အမြောက်အမြားကို လမ်းအနှံ့အပြား ကြဲချထားခဲ့လေ၏။ ဤသို့အားဖြင့် မင်းသမီး၏ အိတ်မှထွက်သော ပဲစေ့အနည်းငယ်မှာ မည်သို့မျှ အရာမထင်ဖြစ်ရလေတော့၏။ နောက်တစ်နေ့တွင် လူအပေါင်းတို့သည် ပဲစေ့များကို ဝမ်းသာအားရ ကောက်ကြကုန်၏။ မည်သည့်အရပ်မှ ကျရောက်လာကြလေကုန်သနည်းဟုလည်း အံ့သြကြကုန်၏။

မင်းသမီးလည်း ရှေးနည်းအတိုင်း ခမည်းတော်အား ပြန်လည်တိုင်ကြားပြန်လေ၏။ ဤအကြိမ်တွင် ဘုရင်ကြီးက ဤသို့ အကြံပေးလေသည်။

"သမီးတော်၊ သင်၏ဖိနပ်တစ်ဖက်ကို ယူသွားပြီး သင့်အား ခေါ်ဆောင်သွားသည့် အခန်းထဲ၌ ဝှက်၍ ထားခဲ့ပါ"

ထိုအကြံကိုလည်း လူပုကလေး သိရှိပြန်လေသည်။ ထို့ကြောင့် စစ်သားအား မင်းသမီးကို မခေါ်ရန် တားမြစ်လေ၏။ တစ်စုံတစ်ခုဖြစ်ပါက သူလည်း ကယ်နိုင်မည်မဟုတ်ဟု သတိပေးလေသည်။ သို့ရာတွင် စစ်သားကမူ နောက်မဆုတ်ချေ။ ထိုအခါ လူပုကလေးက

"ဤသို့ဆိုလျှင် အစစအရာရာ သတိထားပါလေ၊ ထို့ပြင် မြို့မှလည်း နံနက်စောစောတွင် အမြန်ဆုံး ထွက်သွားပါလေ"ဟု အကြံပေးလေသည်။

မင်းသမီးကလေးသည် သူ၏ ဖိနပ်တစ်ဖက်ကို စစ်သား၏ အခန်းတစ်နေရာ၌ ဝှက်၍ ထားခဲ့လေသည်။ သမီးတော် ပြန်ရောက်၍ အကြောင်းစုံသိရသောအခါ ဘုရင်ကြီးသည် တစ်မြို့လုံးရှိ အိမ်များသို့ တက်ရောက်ရှာဖွေလေတော့သည်။ နောက်ဆုံးတွင် စစ်သားနေသောအခန်းသို့ ရောက်ရှိ၍ ဖိနပ်တစ်ဖက်ကို တွေ့လေတော့သည်။

စစ်သားသည်ကား ထွက်၍ ပြေးနှင့်လေပြီ။ သို့သော် သူ့မှာ နှေးသဖြင့် အလျင်အမြန်လိုက်လာသော ဘုရင့်တပ်သားများက မီလာကြကာ ဖမ်းဆီးလေတော့သည်။ ထို့နောက် သူ့အား အလွန်ခိုင်ခံ့သော သံလှောင်အိမ်အတွင်းဝယ် အကျဉ်းချ၍ ထားလေ၏။ စစ်သားအဖို့ ကံဆိုးသည်ကား အလျင်စလို ထွက်လာခဲ့ရာ၌ သူ၏ အပြာရောင်မီးခြစ်နှင့် ဆေးတံတို ကျန်ခဲ့ခြင်းပင်ဖြစ်လေသည်။ သူသည် ရွှေငွေများလည်း အထုပ်ထဲ၌ ကျန်ရစ်ခဲ့လေသည်။ သူ့အိတ်ထဲတွင်ကား ငွေဒင်္ဂါးတစ်ကျပ်သာ ရှိလေတော့သည်။

သူသည် စိတ်ပျက်ဝမ်းနည်းစွာဖြင့် သံတိုင်များ အကြားမှ အပြင်သို့ကြည့်နေစဉ် သူ၏ အပေါင်းအဖော်ဖြစ်ခဲ့ဖူးသော စစ်သားတစ်ယောက်ကို မြင်လေ၏။ သူသည် ထိုစစ်သားအား လှမ်း၍ခေါ်ကာ ဤသို့ ပြောလေ၏။

"မိတ်ဆွေ၊ သင်သည် ကျွန်ုပ်၏အိမ်တွင် ကျန်ရစ်ခဲ့သော အထုပ်ငယ်တစ်ခုကို ယူဆောင်ပေးပါ၊ ဤငွေဒင်္ဂါးကို ပေးပါမည်"

ထိုသူကလည်း သဘောတူသဖြင့် သွားရောက်ယူငင်ပေးလေ၏။ စစ်သားလည်း အပြာရောင်မီးခြစ်နှင့် ဆေးတံကို ရသည်နှင့်တစ်ပြိုင်နက် မီးခြစ်ကာ ဆေးတံကို ညှိလေ၏။ ဤတွင် လူပုကလေး ပေါ်လာကာ သူ့အား မစိုးရိမ်ရန် အားပေးလေ၏။ အမှုစစ်ဆေးသည့် အချိန်အထိ သည်းခံ၍ စောင့်ရန် ပြောပြီး အပြာရောင်မီးခြစ်နှင့် ဆေးတံကိုသာ ကိုယ်နှင့် မကွာထားရန် သတိပေးလေ၏။

**စစ်သားလည်း အပြာရောင်မီးခြစ်နှင့် ဆေးတံကို ရသည်နှင့်တစ်ပြိုင်နက် မီးခြစ်ကာ ဆေးတံကိုညှိလေ၏။ ဤတွင် လူပုကလေးပေါ်လာကာ သူ့အား မစိုးရိမ်ရန် အားပေးလေ၏။ အမှုစစ်ဆေးသည့်အချိန်အထိ သည်းခံ၍စောင့်ရန်ပြောပြီး အပြာရောင်မီးခြစ်နှင့် ဆေးတံကိုသာ ကိုယ်နှင့်မကွာထားရန် သတိပေးလေ၏**

သို့ဖြင့် အမှုစစ်ဆေးလေသော် ပြစ်မှုထင်ရှားသည်ဖြစ်၍ စစ်သားအား ကြိုးပေးသတ်ရန် စီရင်ချက်ချလေတော့၏။ အစောင့်များလည်း စစ်သားအား ကြိုးစင်သို့တင်ရန် ထောင်တွင်းမှ ထုတ်ကြလေသည်။ စစ်သားက ဘုရင်ကြီးအား သူ၏ နောက်ဆုံးအလိုဆန္ဒတစ်ခုကို ဖြည့်စွမ်းပါရန် တောင်းပန်လေ၏။ "ဘာကို ပြုလိုပါသနည်း"ဟု ဘုရင်ကြီးက မေး၏။ စစ်သားက "ဆေးတစ်ဆုံစာမျှ သောက်ရှူရန် ခွင့်ပြုပါ"ဟု ဆို၏။ ဘုရင်ကလည်း "တစ်ဆုံမက နှစ်ဆုံပင် သောက်ရှူလိုက ရှူနိုင်ပေသည်" ဟု ခွင့်ပြုလေ၏။ ဤတွင် စစ်သားက အပြာရောင်မီးခြစ်ကို ခြစ်လေတော့၏။ လူပုကလေးလည်း မီးခိုးများ အကြားမှပေါ်လာကာ သခင်၏ညွှန်ကြားချက်အတိုင်း ဆောင်ရွက်ရန်အသင့်ဖြစ်၍ နေလေတော့သည်။

စစ်သားသည် အစောင့်အကြပ်များနှင့် လာရောက်ကြည့်ရှုသူအပေါင်းတို့ ထိတ်လန့်၍ ထွက်ပြေးအောင်ပြုစေ၏။ ဘုရင်ကြီးကိုမူ သုံးပိုင်းပိုင်း၍ သတ်ရန် အမိန့်ပေးလေသည်။ သို့ရာတွင် ဘုရင်ကြီးက အသက်ကို ချမ်းသာပေးရန် တောင်းပန်ကာ သမီးတော်နှင့် ထိမ်းမြားလက်ထပ်ပေးပါမည်ဟုဆို၏။ ထို့ပြင် သူနတ်ရွာစံသောအခါ၌လည်း ထီးနန်းကို ဆက်ခံစိုးစံရပါစေမည်ဟု ကတိပေးလေသည်။ ထို့ကြောင့် စစ်သားသည် ဘုရင်ကြီးကို မသတ်တော့ဘဲ လွှတ်လိုက်လေတော့၏။ မကြာမီပင် စစ်သားနှင့် မင်းသမီးတို့၏ ထိမ်းမြားမင်္ဂလာလက်ထပ်ပွဲကို ခမ်းနားကြီးကျယ်စွာ ကျင်းပလေတော့သတည်း။ ။

ဆရာမ ငွေတာရီ၏ မပန်းဇင်နှင့် အခြားပုံပြင်များ စာအုပ်မှ ပုံပြင်ကို စာရေးသူမိသားစု၏ ခွင့်ပြုချက်ဖြင့် ကူးယူဖော်ပြပါသည်။

(၁-၁၀-၂၀၂၄ ရက်နေ့မှအဆက်)



(ဆက်လက်ဖော်ပြပါမည်)

# တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း ဆောင်ရွက်နေမှုများ ကြည့်ရှုစစ်ဆေး



**ကော့သောင်း အောက်တိုဘာ ၇**

တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကို၊ လူမှုရေးရာဝန်ကြီးနှင့် တာဝန်ရှိသူများသည် ကော့သောင်းမြို့ရှိ ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း ဆောင်ရွက်လျက်ရှိသည့် အပြည်ပြည်ဆိုင်ရာနယ်စပ်အဝင်/အထွက် ဂိတ်မုခ်ဦးအပါ အဆောက်အအုံ တည်ဆောက်သည့်လုပ်ငန်းနေရာနှင့် ကော့သောင်းခရိုင်နှင့် မြို့နယ်တရားရုံးသစ်ဆောက်လုပ်နေသည့် အဆောက်အအုံနေရာများသို့ ယနေ့နံနက်ပိုင်းက သွားရောက် ကွင်းဆင်းကြည့်ရှုခဲ့ကြကြောင်း သိရသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများအား လုပ်ငန်းတည်ဆောက်ရေးလုပ်ငန်း တာဝန်ယူဆောင်ရွက်နေသည့် နောင်ရိုးမြန်မာဖွံ့ဖြိုးတိုးတက်ရေးကုမ္ပဏီမှ တာဝန်ရှိသူများက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် တိုင်းဒေသကြီးအစိုးရအဖွဲ့ ရန်ပုံငွေဖြင့် ဆောင်ရွက်သည့် ကော့သောင်းမြို့ အပြည်ပြည်ဆိုင်ရာ နယ်စပ်အဝင်/အထွက်ဂိတ်မုခ်ဦးအပါ အဆောက်အအုံ တည်ဆောက်ရေးဆိုင်ရာ ကိစ္စရပ်များနှင့် အစီအစဉ်များကို ရှင်းလင်းတင်ပြကြသည်။ ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က လုပ်ငန်းအဆောက်အအုံကို အရည်အသွေးပြည့်မီစွာဖြင့် အချိန်မီပြီးစီးအောင် ဆောင်ရွက်သွားရန်၊ သက်ဆိုင်ရာဌာနဆိုင်ရာ အဖွဲ့အစည်းများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်သွားကြရန် လမ်းညွှန်မှာကြားခဲ့ပြီး လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကိုလုပ်ငန်းခွင်အတွင်း ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ကော့သောင်းခရိုင်နှင့်မြို့နယ် တရားရုံးသစ်ဆောက်လုပ်နေသည့် အဆောက်အအုံ နေရာသို့သွားရောက်ခဲ့ပြီး နောင်ရိုးမြန်မာဖွံ့ဖြိုးတိုးတက်ရေးကုမ္ပဏီလီမိတက်မှ တာဝန်ရှိသူများက တည်ဆောက်ရေးလုပ်ငန်း ဆောင်ရွက်နေမှုနှင့် လုပ်ငန်းပြီးစီးမှုများကို တင်ပြရှင်းလင်းခဲ့ပြီး ဝန်ကြီးချုပ်နှင့်အဖွဲ့က အဆောက်အအုံအတွင်း လှည့်လည်ကြည့်ရှု၍ လိုအပ်သည်များ လမ်းညွှန်မှာကြားခဲ့ကြောင်းသိရသည်။

**ခရိုင်(ပြန်/ဆက်)**

# တောင်ကြီးမြို့၌ လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်း သတ္တမနေ့ ဆက်လက်ကောက်ယူ



**တောင်ကြီး အောက်တိုဘာ ၇**

ရှမ်းပြည်နယ် တောင်ကြီးမြို့၌ ၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်း စတင်ကောက်ယူခြင်း သတ္တမနေ့ကို ယနေ့နံနက်ပိုင်းက တောင်ကြီးမြို့နယ်အတွင်းရှိ ရပ်ကွက်နှင့် ကျေးရွာများတွင် ဆက်လက်ကောက်ယူလျက်ရှိသည်။

တောင်ကြီးမြို့နယ်တွင် ရပ်ကွက်(၅၁)ရပ်ကွက် ကျေးရွာအုပ်စု ၂၄ အုပ်စု ကောက်ကွက် ၈၁၁ ကွက်ရှိရာ စာရင်းစစ်၊ စာရင်းကောက်နှင့် စေတနာ့ဝန်ထမ်း ၄၅၀ တို့က လူဦးရေနှင့် အိမ်အကြောင်းအရာ စာရင်းများ တိကျမှန်ကန်စွာရရှိရေးအတွက် ရပ်ကွက်အတွင်းရှိ အိမ်ထောင်စုများ၏ လူဦးရေဆိုင်ရာအချက်အလက်များနှင့် အိမ်အကြောင်းအရာများကို အချက် ၆၈ ချက်ပါ မေးမြန်းချက်များဖြင့်လည်းကောင်း၊ အဖွဲ့အစည်းများကို အချက် ၁၈ ချက်ပါ မေးမြန်းချက်များဖြင့် လည်းကောင်း CAPI နည်းပညာဖြင့် Tablet များအသုံးပြု၍ တစ်အိမ်တက်ဆင်း လိုက်လံကောက်ယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# ပေါက်ခေါင်းမြို့နယ်၌ ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် ဆီထွက်သီးနှံနှင့် ပဲမျိုးစုံဧက ၂၇၀၀၀ ကျော်လျာထားစိုက်ပျိုးမည်

**ပေါက်ခေါင်း အောက်တိုဘာ ၇**

ပဲခူးတိုင်းဒေသကြီး ပေါက်ခေါင်းမြို့နယ်ရှိ ဒေသခံတောင်သူများ၏ လယ်ယာမြေများတွင် ၂၀၂၄-၂၀၂၅ ဆောင်းသီးနှံ စိုက်ပျိုးရာသီတွင် ဆီထွက်သီးနှံနှင့် ပဲမျိုးစုံဧက ၂၇၀၀၀ ကျော် လျာထားစိုက်ပျိုးမည်ဖြစ်ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။



**လျာထားစိုက်ပျိုးမည်**

ပေါက်ခေါင်းမြို့နယ်ရှိ ဒေသခံတောင်သူများသည် စိုက်ပျိုးရေးကို အဓိကထားလုပ်ကိုင်ကြပြီး နှစ်စဉ်နွေစပါး၊ မိုးစပါးသီးနှံ၊ ဆီထွက်သီးနှံများဖြစ်သော မြေပဲ၊ နှမ်း၊ ပဲမျိုးစုံနှင့် ဝါများကို စိုက်ပျိုးထုတ်လုပ်လျက်ရှိရာ ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီတွင် ဆီထွက်သီးနှံနှမ်း ၄၄၅၄ ဧက၊ မြေပဲ ၅၇၁၉ ဧက၊ နေကြာဧက ၃၅၀ နှင့် ပဲတီစိမ်း ၁၀၉၆၇ ဧက၊ ပဲနောက် ၆၁၄၃ ဧက စုစုပေါင်း ၂၇၆၃၃ ဧကကို လျာထားစိုက်ပျိုးမည်ဖြစ်ကြောင်း သိရသည်။

ဆီထွက်သီးနှံနှင့် ပဲမျိုးစုံ မျိုးကောင်းမျိုးသန့်များ ရွေးချယ်စိုက်ပျိုးနိုင်ရေး၊ စိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းပြီး ပိုးမွှား ကျရောက်မှု မရှိစေရေးအတွက် နည်းပညာများဖြန့်ဝေ အသိပေးခြင်း လုပ်ငန်းများကို စိုက်ပျိုးရေးဦးစီးဌာနမှ ကူညီဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သိရသည်။

ပေါက်ခေါင်းမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ဆီထွက်သီးနှံ၊ ပဲမျိုးစုံအပြင် စားဖိုဆောင်သီးနှံများ၊ ချည်မျှင်ရှည်ဝါနှင့် ဟင်းသီးဟင်းရွက်မျိုးစုံကိုလည်း လျာထားချက်ထက် ကျော်လွန် စိုက်ပျိုးထားရန် ရည်မှန်းထားလျက် ရှိကြောင်း သိရသည်။

**သန်းထွန်းအောင်(ပြန်/ဆက်)**

## အမုန်းစကားကို ဆန့်ကျင်ကြ၊ တားဆီးကြရမည်

လူမျိုး၊ ကိုးကွယ်ရာဘာသာ၊ ကျား/မ (သို့မဟုတ်) မည်သူမည်ဝါဖြစ်သည်ဆိုသည့် အကြောင်းအရာတို့အပေါ်အခြေပြု၍ လူပုဂ္ဂိုလ်တစ်ဦး(သို့မဟုတ်) လူအုပ်စုတစ်စုကို မျှတမှုမရှိစွာ ဝေဖန်သည့်(သို့မဟုတ်) မလိုမုန်းထားမှုကိုဖော်ပြသည့် ဆက်ဆံမှုတစ်မျိုးမျိုးကို ရည်ညွှန်းပြီး အကြမ်းဖက်ရန် လှုံ့ဆော်ခြင်းသည် အမုန်းစကားပင်ဖြစ်သည်။

အမုန်းစကားပြန့်ပွားခြင်းသည် လူ့အဖွဲ့အစည်းအတွင်း ခွဲခြားဆက်ဆံမှုနှင့် အကြမ်းဖက်မှုကိုဖြစ်ပေါ်စေပြီး ဂုဏ်သိက္ခာရှိစွာ နေထိုင်ရန်နှင့် ငြိမ်းချမ်းပြီး ညီညွတ်သည့် လူ့အဖွဲ့အစည်းတည်ဆောက်ရန် မျှော်မှန်းချက်တို့ကို ထိခိုက်စေသည့်အပြင် အကျင့်စာရိတ္တကိုလည်း ထိပါးစေသည်။

သို့ဖြစ်၍ ပြည်သူများအနေဖြင့် အမုန်းစကားများကိုရှုတ်ချရန်နှင့်တားဆီးရန် စီမံဆောင်ရွက်ရမည်။ အမုန်းစကားဆန့်ကျင်သည့် လှုပ်ရှားမှုများတွင် အားလုံးပါဝင်ရန်နှင့် ပံ့ပိုးအားပေးရမည်။



## အထက်မင်းလှမြို့နယ်၌ ပဲကြီးသီးနှံများ စတင်စိုက်ပျိုးလျက်ရှိ

မကွေး အောက်တိုဘာ ၇

မကွေးတိုင်းဒေသကြီး အထက်မင်းလှမြို့နယ် ပန်းတော်ပြင်ကျေးရွာအုပ်စု မယ်ဇလီတောကျေးရွာတွင် သီးနှံမျိုးစုံစိုက်ပျိုးလျက်ရှိရာ ဆောင်းသီးနှံတစ်မျိုးဖြစ်သည့် ပဲကြီးသီးနှံကို စိုက်ဧက ၅၀ ခန့် စတင်စိုက်ပျိုးလျက်ရှိကြောင်း သိရသည်။

ပဲကြီးသီးနှံကို စက်တင်ဘာလတွင် စတင်စိုက်ပျိုးပြီး သုံးလကျော်အကြာတွင် ခူးဆွတ်ရကြောင်း၊ စိုက်ပျိုးရာတွင် သီးညှပ်စိုက်ပျိုးခြင်းနှင့် သီးသန့်စိုက်ပျိုးခြင်းဟူ၍ စိုက်ပျိုးကြပြီး သီးသန့်စိုက်ပျိုးခြင်းကို အများဆုံးစိုက်ပျိုးကြကြောင်း၊ မျိုးအနေဖြင့် ပဲကြီးအဖြူမျိုးကို ထွန်ကြောင်းဆွဲအစေ့ချစနစ်ဖြင့် စိုက်ပျိုးကြပြီး တစ်ကေလျှင် လေးပြည်ခန့်စိုက်ပျိုးရကြောင်း၊ စိုက်ပျိုးမှုအတွက် မျိုး၊ သွင်းအားစု၊ လုပ်သားခအပါအဝင် တစ်ကေလျှင် စုစုပေါင်းငွေကျပ် လေးသိန်းခန့် ကုန်ကျကြောင်း၊ ယခင်နှစ်က တစ်ကေလျှင် ၁၀-၁၃ တင်းခန့် ထွက်ရှိပြီး မြေအနေအထားနှင့် သီးနှံအောင်မြင်ဖြစ်ထွန်းမှုအပေါ်မူတည်၍ အထွက်နှုန်းများကွာခြားမှုရှိကြောင်း၊ ဈေးနှုန်းအနေဖြင့် ပဲကြီးသီးနှံပေါ်စအချိန်တွင် တစ်တင်းလျှင် ငွေကျပ် ၁၀၀၀၀၀ နှုန်းဖြင့် ရောင်းချရပြီး တစ်ကေလျှင် ငွေကျပ် ၇-၁၀ သိန်းခန့် အမြတ်ရရှိကြောင်း သိရသည်။

အောက်တိုဘာလပထမပတ်တွင် ပဲကြီးအဖြူတစ်တင်းလျှင် ငွေကျပ် ၈၅၀၀၀-၉၀၀၀၀ ဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း၊ ဈေးကွက်အနေဖြင့် မင်းလှမြို့ပေါ်ရှိပွဲရုံများနှင့် မြို့နယ်အတွင်းရှိ ပဲကြမ်းကြော်ထုတ်လုပ်ရောင်းချသည့်လုပ်ငန်းများသို့ တင်ပို့ရောင်းချကြောင်း၊ မယ်ဇလီတောကျေးရွာတွင် ပဲကြီးသီးနှံများကို နှစ်စဉ်စိုက်ပျိုးလျက်ရှိပြီး ယခုနှစ် သီးနှံပေါ်ချိန်တွင် အထွက်နှုန်းကောင်းမွန်၍ ဈေးကောင်းရရှိပါက အကျိုးအမြတ်ပိုမိုရရှိနိုင်မည်ဖြစ်ကြောင်း သိရသည်။

သတင်းရင်းမြစ်
စီးပွား/ကူးသန်း

## လက်ပံတောကျေးရွာ၌ ဆောင်းမြေပဲများ အောင်မြင်ဖြစ်ထွန်းလျက်ရှိ

မကွေး အောက်တိုဘာ ၇

မကွေးတိုင်းဒေသကြီး မင်းဘူးမြို့နယ် လက်ပံတောကျေးရွာတွင် သီးနှံမျိုးစုံစိုက်ပျိုးလျက်ရှိရာ ဆောင်းမြေပဲများကိုလည်း စိုက်ဧက ၁၅၀ ခန့် စိုက်ပျိုးထားရှိကြောင်း၊ ဆောင်းမြေပဲကို ဩဂုတ်လတွင် စတင်စိုက်ပျိုး၍စိုက်ပျိုးပြီးသုံးလအကြာတွင်တူးဖော်ရကြောင်းသိရသည်။

ဆောင်းမြေပဲမျိုးအနေဖြင့် ပင်ထောင်(အနီ)မျိုးကို ထွန်ကြောင်းဆွဲအစေ့ချစနစ်ဖြင့် စိုက်ပျိုးကြပြီး တစ်ကေလျှင် မြေပဲမျိုးစေ့သုံးတင်းခန့် စိုက်ပျိုးရကြောင်း၊ စိုက်ပျိုးမှုအတွက် မျိုး၊ မြေပြုပြင်ခ၊ သွင်းအားစု၊ လုပ်သားခအပါအဝင် တစ်ကေလျှင် စုစုပေါင်းငွေကျပ် ခြောက်သိန်းခွဲခန့် ကုန်ကျကြောင်း၊ ယခင်နှစ်က တစ်ကေလျှင် တင်း ၁၀၀ ခန့်ထွက်ရှိကာ ဈေးနှုန်းအနေဖြင့် မြေပဲတောင့် တစ်တင်းလျှင် ငွေကျပ် ၂၀၀၀၀ ဖြင့် ရောင်းချရပြီး တစ်ကေလျှင် ငွေကျပ် ၁၃ သိန်းခွဲခန့် အမြတ်ရရှိကြောင်း သိရသည်။

အောက်တိုဘာလ ပထမပတ်တွင် မြေပဲသီးနှံတစ်တင်းလျှင် ငွေကျပ် ၂၅၀၀၀-၃၀၀၀၀ ဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း၊ ဈေးကွက်အနေဖြင့် မင်းဘူးမြို့ရှိပွဲရုံများသို့ တင်ပို့ရောင်းချကြောင်း၊ လက်ရှိအချိန်တွင် မြေပဲသီးနှံစိုက်ခင်းများမှာ အဖူးအပွင့်များဝေဆာ၍ အောင်မြင်ဖြစ်ထွန်းလျက်ရှိသောကြောင့် အထွက်နှုန်းကောင်းမွန်ပြီး ဈေးကောင်းရရှိပါက အကျိုးအမြတ်များ ပိုမိုရရှိနိုင်ကြောင်း တောင်သူတစ်ဦးထံမှ သိရသည်။

## မင်းဘူးမြို့နယ်၌ ငရုတ်စိုက်ပျိုးခြင်းဖြင့် တောင်သူများ အကျိုးအမြတ်ရရှိ

မကွေး အောက်တိုဘာ ၇



မကွေးတိုင်းဒေသကြီး မင်းဘူးမြို့နယ်တွင် လယ်ယာလုပ်ငန်းကို အဓိကထား လုပ်ကိုင်လျက်ရှိရာ ကြက်သွန်နီ၊ နှမ်း၊ စပါးနှင့် ပဲမျိုးစုံ သီးနှံများကို စိုက်ပျိုးကြပြီး စားဖိုဆောင်သုံး သီးနှံတစ်မျိုးဖြစ်သည့် ငရုတ်သီးကို စိုက်ဧက ၂၀၀ ခန့် စိုက်ပျိုးမှုရှိကြောင်း သိရသည်။

ငရုတ်သီးကို မေလတွင် ပျိုးထောင်၍ ဇွန်လတွင် မြေချစိုက်ပျိုးကြပြီး စက်တင်ဘာလတွင် ခူးဆွတ်ရကြောင်း၊ မျိုးအနေဖြင့် သာမို-၉၀၀၊ သာမို-၆၉၂ နှင့် သာမို-၉၉၉ တို့ကို စိုက်ပျိုးပြီး သာမို-၉၀၀ နှင့် သာမို-၆၉၂ ငရုတ်မျိုးများကို အများဆုံးစိုက်ပျိုးကြကြောင်း၊ စိုက်ပျိုးရာတွင် ငရုတ်မျိုးစေ့များကို ပျိုးအိတ်ဖြင့် ပျိုးထောင်ကာ ပျိုးပင်တစ်လသားခန့်အရွယ်တွင်မြေချ၍ မြေအောက်ရေတင်စနစ်ဖြင့် စိုက်ပျိုးကြကြောင်း၊ စိုက်ပျိုးထုတ်လုပ်မှုအတွက် မျိုး၊ သွင်းအားစု၊ လုပ်သားခအပါအဝင် တစ်ကေလျှင် ငွေကျပ် ၁၇ သိန်းခန့် ကုန်ကျပြီး ပိဿာ ၈၀၀-၁၀၀၀ ခန့် ထွက်ရှိကြောင်း၊ သီးနှံပေါ်စအချိန်တွင် လက်ကားဈေးအနေဖြင့် သာမို-၉၀၀ တစ်ပိဿာလျှင် ငွေကျပ် ၄၀၀၀-၄၂၀၀၊ သာမို-၆၉၂ တစ်ပိဿာလျှင် ငွေကျပ် ၄၃၀၀-၄၅၀၀ ဖြင့် ရောင်းချရပြီး တစ်ကေလျှင် ငွေကျပ် ၁၅-၁၇ သိန်းခန့် အမြတ်ရရှိကြောင်း သိရသည်။

အောက်တိုဘာလ ပထမပတ်တွင် လက်ကားဈေးအနေဖြင့် သာမို-၉၀၀ တစ်ပိဿာလျှင် ငွေကျပ် ၄၃၀၀-၄၈၀၀၊ သာမို-၆၉၂ တစ်ပိဿာလျှင် ငွေကျပ် ၄၆၀၀-၅၀၀၀ ဖြင့် ဈေးနှုန်းမြင့်တက်၍ အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း၊ ဈေးကွက်အနေဖြင့် မကွေးမြို့၊ မင်းဘူးမြို့နှင့် စကုမြို့များရှိ ကုန်စိမ်းဒိုင်များသို့ တင်ပို့ရောင်းချကြောင်း၊ ယခုနှစ်တွင် ငရုတ်သီးနှံများ အသင့်အတင့်သာ ထွက်ရှိသော်လည်း ဈေးကောင်းရရှိသောကြောင့် တောင်သူများ အကျိုးအမြတ်ရရှိကြောင်း သိရသည်။

## မင်းဘူးမြို့နယ်၌ ဖရဲသီးနှံစိုက်ပျိုးခြင်းဖြင့် တောင်သူများ အကျိုးအမြတ်ရရှိ

မကွေး အောက်တိုဘာ ၇

မကွေးတိုင်းဒေသကြီး မင်းဘူးမြို့နယ် ကျောက်တန်းကျေးရွာတွင် စိုက်ပျိုးရေးလုပ်ငန်းကို အဓိကလုပ်ကိုင်လျက်ရှိရာ သီးနှံမျိုးစုံစိုက်ပျိုးလျက်ရှိပြီး ဖရဲသီးနှံကိုလည်း စီးပွားဖြစ်စိုက်ပျိုးကြောင်း၊ ဖရဲသီးနှံကို ဇူလိုင်လတွင် စတင်စိုက်ပျိုး၍ စက်တင်ဘာလတွင် ခူးဆွတ်ကြကြောင်း၊ မျိုးအနေဖြင့် ပျားရည်ဆမ်း(အဝါ) ဖရဲမျိုးကို စိုက်ပျိုးကြပြီး တစ်ကေလျှင် မျိုးထုပ်ခြောက်ထုပ်ခန့် ကုန်ကျကြောင်း၊ စိုက်ပျိုးရာ၌ မျိုးစေ့ကို ပျိုးအိတ်ဖြင့်ပျိုးထောင်၍ ရက် ၂၀ သားအရွယ်တွင် မြေချစိုက်ပျိုးကာ မြေအောက်ရေတင်စနစ်ဖြင့် စိုက်ပျိုးကြောင်း၊ စိုက်ပျိုးမှုအတွက် မျိုး၊ သွင်းအားစု၊ လုပ်သားခနှင့် ထွန်ယက်ခအပါအဝင် တစ်ကေလျှင် စုစုပေါင်းငွေကျပ် ၈၅၀၀၀၀ ခန့် ကုန်ကျပြီး တစ်ကေလျှင် ဖရဲသီးအလုံးရေ ၁၀၀၀-၁၂၀၀ ခန့် ထွက်ရှိကြောင်း၊ မြေအနေအထားနှင့် သီးနှံဖြစ်ထွန်းအောင်မြင်မှုအပေါ်မူတည်၍ အထွက်နှုန်းကွာခြားမှုရှိကြောင်း သိရသည်။

အောက်တိုဘာလ ပထမပတ်တွင် ပျားရည်ဆမ်းဖရဲသီး(ဝါ) လက်ကားဈေးတစ်လုံးလျှင် ငွေကျပ် ၁၇၀၀-၂၂၀၀ ဖြင့် ရောင်းချရပြီး တစ်ကေလျှင် ငွေကျပ် ၁၃ သိန်းခန့် အမြတ်ရရှိကြောင်း၊ ဈေးကွက်အနေဖြင့် မင်းဘူးမြို့နယ်ဒေသတွင်း သစ်သီးဒိုင်များမှ စိုက်ခင်းအရောက်လာရောက်ဝယ်ယူကြသည့်အပြင် မကွေးမြို့ပေါ်ရှိ သစ်သီးအရောင်းဆိုင်များသို့လည်း တင်ပို့ရောင်းချကြောင်း၊ ယခုနှစ်တွင် ရာသီဥတုဒဏ်ကြောင့် ဖရဲသီးအထွက်နှုန်း အသင့်အတင့်ရှိသော်လည်း ဈေးကောင်းရရှိသောကြောင့် တောင်သူများအနေဖြင့် အကျိုးအမြတ်များရရှိကြောင်း သိရသည်။

### ၇-၁၀-၂၀၂၄ ရက်နေ့ တိုင်းဒေသကြီးနှင့်ပြည်နယ်၊ မြို့နယ်အလိုက် ဆန်၊ ဆီ၊ မီးဖိုချောင်သုံးပစ္စည်းများ၊ သားငါးဈေးနှုန်းများ

ရေတွက်ပုံ(ကျပ်)

| စဉ် | မြို့အမည် | ဆန်(တစ်ပြည်) | | | ဆီ(တစ်ပိဿာ) | | စားဖိုဆောင်သုံး (တစ်ပိဿာ) | | | | | | | | | | | | အသား၊ ငါး(တစ်ပိဿာ) | | | | |
